ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဩဂုတ်လ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

လောကကို ထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်၊ တနင်္ဂနွေနေ့။ Sunday, 24 November 2024 ၁၁၆၅၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌာရသမအစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌာရသမအစည်းအဝေး ဒုတိယနေ့ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌာရသမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ဆက်လက်ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

ယနေ့ ဖတ်စရာ

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် စိစစ်တွေ့ရှိရသည့် "မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများ" ကို Website နှင့် Mobile Application တို့တွင် လေ့လာဖတ်ရှုနိုင်ပြီ

စာမျက်နှာ » ၅

အမျိုးသားအောင်ပွဲနေ့က ဖော်ပြနေသော အမျိုးသားညီညွတ်ရေး၏ အောင်မြင်မှုမော်ကွန်း

ဆောင်းပါး စာမျက်နှာ » ၆

ကြေးမုံ

အင်ဂျင်နီယာနည်းပညာစွမ်းပကားဖြင့် ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတည်ဆောက်

မြန်မာနိုင်ငံ၏ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့်မြောက်သည့် အချိန်ကာလတွင် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာကဏ္ဍတွင် ထူးခြားဆန်းသစ်စေမည့် နိုင်ငံ့ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်လာစေမည့် Naypyitaw State Polytechnic University ကို နိုင်ငံ၏မြို့တော်ဖြစ်သော နေပြည်တော် ပြည်ထောင်စုနယ်မြေတွင် နိုဝင်ဘာလ ၂၁ ရက်နေ့က ဖွင့်လှစ်လိုက်ရာ မြန်မာနိုင်ငံအတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်ဝပြီး အနာဂတ်တွင် ထူးခြားသည့်တိုးတက်ဖြစ်ထွန်းမှုများ ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် စက်မှု၊ သိပ္ပံနှင့်နည်းပညာကဏ္ဍတွင် အားနည်းသည့်နိုင်ငံဟု ဆိုနိုင်ပါသည်။ အမှန်တကယ်တွင် အဆင့်မြင့်နည်းပညာကဏ္ဍများနှင့်ပတ်သက်၍ အင်ဂျင်နီယာဗိသုကာပညာရပ်တွင် မြန်မာနိုင်ငံ၌ အစောဆုံးထွန်းကားခဲ့သည့် ထင်ရှားသည့် သမိုင်းအထောက်အထားများရှိပါသည်။ ပျူခေတ်၊ ပုဂံခေတ်မှ စတင်ခဲ့သည့် မြန်မာဘုရင်ခေတ်အဆက်ဆက်လက်ထက်များတွင် တည်ဆောက်ခဲ့သည့် စေတီဘုရား၊ ကျောင်းကန်၊ မြို့ပြအဆောက်အအုံများ၌ အဆင့်မြင့်လက်ရာပြောင်မြောက်လှသည့် မြန်မာအင်ဂျင်နီယာအတတ်ပညာ ဗိသုကာလက်ရာတို့ကို ယနေ့ထက်တိုင် မြင်တွေ့နိုင်သေးသည်။

ကုန်းဘောင်မင်းဆက် ရတနာပုံမင်းတရားကြီးလက်ထက်တွင် မြန်မာနိုင်ငံကို ဥရောပနိုင်ငံများနှင့်တန်းတူ လိုက်ပါဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာဝန်ကြီး၊ ဝန်ထောက်၊ မင်းသား၊ အမှုထမ်းများအား ဥရောပနိုင်ငံများသို့ သွားရောက်၍ အင်ဂျင်နီယာ၊ ဗိသုကာ၊ သိပ္ပံနှင့် နည်းပညာများကို သွားရောက်လေ့လာသင်ယူစေခဲ့သည်။ ၁၈၅၈ ခုနှစ်မှ ၁၈၇၄ ခုနှစ်အတွင်း ဒင်္ဂါးစက်ရုံ၊ မဲနယ်စက်ရုံ၊ သကြားစက်ရုံ၊ သဘော်စက်ရုံ၊ ဝါဂွမ်းစက်ရုံ၊ ရက်ကန်းစက်ရုံ၊ စစ်ကိုင်းသံဖိုစက်ရုံတို့ကို တည်ဆောက်ခဲ့ပြီး သံဖိုစက်ရုံမှ သံပြား၊ သံလုံး၊ သံမြောင်းနှင့် လက်နက်များပြုလုပ်နိုင်ခဲ့သည်။ ယောမင်းကြီးဦးဖိုးလှိုင်က မြန်မာ့ကြေးနန်းရိုက်နည်းကျမ်းကို ပြုစုခဲ့ပြီး ၁၈၇၀ ပြည့်နှစ်တွင် မြန်မာ့ကြေးနန်းလိုင်းများကို စတင်သွယ်တန်းခဲ့သည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းကာလများတွင် မိတ်ဆွေနိုင်ငံများ၏ အကူအညီဖြင့် စက်မှုနှင့် နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများကို တည်ဆောက်နိုင်ခဲ့သည်။ အင်ဂျင်နီယာပညာရှင်များ မွေးထုတ်ပေးနိုင်ရန်အတွက် ရန်ကုန်စက်မှုတက္ကသိုလ်ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားပေးဝေနိုင်ရေးအတွက် လောပိတရေအားလျှပ်စစ်စက်ရုံကြီးကို တည်ဆောက်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်အစောပိုင်းတွင် တက္ကသိုလ်များ ကွန်ပျူတာစင်တာကို တည်ထောင်ခဲ့ပြီး ကွန်ပျူတာစက်ကြီးတစ်လုံးကို ပထမဆုံးတပ်ဆင်၍ ၁၉၇၃ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းတွင် အသုံးပြုခဲ့သည်။

မျက်မှောက်ကာလတွင်နိုင်ငံ၏မြို့တော်သစ်အဖြစ် နေပြည်တော်တည်ဆောက်ရေးနှင့် အခြေခံအဆောက်အအုံများတည်ဆောက်ရေးတို့ကို မြန်မာဗိသုကာပညာရှင်များ၊ မြန်မာအင်ဂျင်နီယာများဖြင့် တည်ဆောက်ခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် အထင်ကရအဖြစ် ဗုဒ္ဓဥယျာဉ်တော်တွင် တည်ထားကိုးကွယ်ထားသည့် မာရဝိဇယစကျင်ရုပ်ပွားတော်မြတ်ကြီးသည် ကမ္ဘာ့အမြင့်ဆုံးနှင့် အလေးချိန်အများဆုံး စကျင်ကျောက်ရုပ်ပွားတော်ကြီးတစ်ဆူအဖြစ် မြန်မာအင်ဂျင်နီယာများနှင့် မြန်မာဗိသုကာပညာရှင်များ ပူးပေါင်းဆောင်ရွက်ကာ CNC နည်းပညာကိုအသုံးပြု၍ အောင်မြင်စွာတည်ဆောက်နိုင်ခဲ့သည်။ ထို့အပြင် အရှည်ပေ ၈၆၃၈ ပေရှိ ကေဘယ်လ်စတီး တံတားအမျိုးအစား ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃)ကို မြန်မာအင်ဂျင်နီယာပညာရှင်များ၏ ကြိုးပမ်းတည်ဆောက်မှုဖြင့် ၂၀၂၄ ခုနှစ် ဇွန်လတွင် ဂုဏ်ယူဝင့်ကြွားဖွယ် ဖွင့်လှစ်နိုင်ခဲ့သည်။ ယခုဖွင့်လှစ်ခဲ့သည့် Naypyitaw State Polytechnic University အပါအဝင် Polytechnic University ငါးခုကို မြို့ငါးမြို့တွင် တစ်ပြိုင်တည်း ဖွင့်လှစ်နိုင်ခဲ့သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်သည့် အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး၊ နိုင်ငံတော်အတွက် လိုအပ်သည့် အင်ဂျင်နီယာပညာရှင်များ ပိုမိုမွေးထုတ်လေ့ကျင့်ပေးနိုင်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရေးအတွက် ခေတ်မီနည်းပညာနှင့် သုတေသနဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်တွင် လိုအပ်သည့် ကျွမ်းကျင်ပညာရှင်များနှင့် လုပ်ငန်းလိုအပ်ချက်နှင့်ကိုက်ညီသည့် ဘွဲ့ရများ မွေးထုတ်ပေးခြင်း၊ စက်မှုလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများနှင့် လုပ်ငန်းခွင်အတွေ့အကြုံများ ဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးကိုအခြေခံပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ ဖြစ်ထွန်းလာပြီဖြစ်သော သိပ္ပံ၊ နည်းပညာနှင့် မြန်မာအင်ဂျင်နီယာပညာရှင်များ၏ စွမ်းပကားများဖြင့် ခေတ်မီနိုင်ငံဖြစ်ပေါ်လာရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေး ခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်/မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့် အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့် အထက်အငှားယာဉ်များအား ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ယခုအခါ ယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာ လမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

စစ်ကိုင်းမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

စစ်ကိုင်း နိုဝင်ဘာ ၂၃

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို နိုဝင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း အသင်္ခ်ယာခန်းမ၌ ကျင်းပသည်။

ဦးစွာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးခိုင်က အဖွင့်အမှာစကား ပြောကြားပြီး စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးယဉ်မင်းအောင်က လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေဇင်မိုးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး လူငယ်နှင့် အားကစား၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့် မူးယစ်ဆေး၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့် ကိုယ်ကျင့်တရား ခေါင်းစဉ်များဖြင့် ဆွေးနွေးပေးကြသည်။

ထို့နောက် ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးယဉ်မင်းအောင်နှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြား ဆွေးနွေးပေးခဲ့ကြပြီး ဆွေးနွေးပေးကြသော ကျောင်းသား ကျောင်းသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသည့် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် စာကြည့်တိုက်မော်တော်ယာဉ်ဖြင့် သုတ၊ ရသစာအုပ်များ ငှာရမ်းပေးခဲ့ကြောင်း သိရသည်။

နေလင်းအောင် (ပြန်/ ဆက်)

ကြေးမုံ

စာတည်းမှူးချုပ်	-	ဦးဝင်းနိုင်	အကြီးတန်း သတင်းထောက်များ	-	ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
ခေတ္တ စာတည်းမှူး	-	ဦးအေဝမ်းစိုး	အငယ်တန်း သတင်းထောက်များ	-	ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
စာတည်းများ	-	ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ	သုတေသန	-	ဒေါ်ဇင်မာဝင့်
			စာပြင်	-	ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
ဘာသာပြန် စာတည်းများ	-	ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
			အီးမေးလ်နှင့် အွန်လိုင်း	-	ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှု ရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌာရသမအစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

✪ **ရှေ့ဖုံးမှ**

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများ၊ သာသနာရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ က ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက ဆောင်ရွက်တော်မူသည်။

ဆွေးနွေး

အစည်းအဝေးတွင် အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်များအပေါ် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကဥ္စနက လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒ က လည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တသူရိယ က လည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြသည်။ ထို့နောက် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီခွဲတွင် ရပ်နားသည်။

ယင်းနောက် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌာရသမအစည်းအဝေး ဒုတိယနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီ၌ ဆက်လက်ကျင်းပပြီး ဝိနိစ္ဆယရေးရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးရာကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ထို့နောက် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ဆဋ္ဌအကြိမ်တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးချက်များအပေါ် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်ကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသာဘိဝံသ က လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက် ချက်များကို အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလ က လည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညက လည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။

ဆက်လက်၍ အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက အတည်ပြုချက်ရယူပြီး အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌာရသမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ဆက်ကပ်လှူဒါန်း

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကဆံဝေဠုဝန် (ရွှေကျင်)ကျောင်းတိုက် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတ ဦးဆောင်သော တပည့်ဒါယကာ ဒါယိကာမဓမ္မမိတ်ဆွေများက စတ္တာလီသတိမ အကြိမ်(၄၀)မြောက် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်း တစ်နေ့တာ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **သတင်းစဉ်**

အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(ဒုတိယမြို့တော်ဝန်)ဦးညီညီနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ရွှေပြည်သာမြို့နယ် ပတ္တမြားဈေးနှင့် ကမာရွတ်မြို့နယ် ဟံသာဝတီ အခွန်လွတ်ဈေးတို့၌ ဈေးသည်များ စနစ်တကျ ဈေးရောင်းချနေမှု၊ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၃၈၀ နှုန်းဖြင့် ကိုယ်တိုင်ထုတ်လုပ်သူများက ရောင်းချနေမှုတို့ကို ကြည့်ရှုအားပေးပြီး အများပြည်သူ သက်သာသော ဈေးနှုန်းများဖြင့် အခြေခံ စားသောက်ကုန်များကို ဝယ်ယူရရှိနိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်နှင့် အဖွဲ့သည် အင်းစိန်မြို့နယ် ဘိုကုန်းဈေး၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် ပိတောက်မြိုင်ဈေး (မီးခွက်ဈေး)နှင့် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် အမှတ်(၂၀) ရပ်ကွက်ဈေးများအတွင်း စနစ်တကျဈေးရောင်းဝယ်ဖောက်ကားနေမှု၊ ကိုယ်တိုင်ထုတ်လုပ်ရောင်းချသူများက ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၃၈၀ နှုန်းဖြင့် ရောင်းချနေမှုတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြောက်ဥက္ကလာပမြို့နယ် (ဃ)ဈေး၊ လှိုင်မြို့နယ် အုတ်ကျင်းဈေး၊ မရမ်းကုန်းမြို့နယ် ဂန္ဓမာ အခွန်လွတ်ဈေး၊ ရွှေပြည်သာမြို့နယ် သံဒင်းဈေး၊ တောင်ဥက္ကလာပမြို့နယ် နန္ဒဝန်ဈေး၊ သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏဈေး၊ မင်္ဂလာဒုံမြို့နယ် ရတနာသီရိဈေးနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဒဂုံတောင်(၂)ဈေးတို့တွင် အများပြည်သူ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရေးအတွက် အခြေခံစားကုန် ကြက်ဥများကို ဈေးတစ်ဈေးလျှင်ကြက်ဥအလုံးရေ ၁၀၀၀၀ နှုန်းဖြင့် ကြက်ဥ အလုံးရေ စုစုပေါင်း ၁၂၀၀၀၀ ကျော်ရောင်းချပေးခဲ့ကြောင်း သိရပြီး နောက်ရက်များတွင်လည်း ခရိုင်/မြို့နယ်အလိုက် ဆက်လက်ရောင်းချပေးသွားရန် စီစဉ်ထားကြောင်း သိရသည်။

သတင်းစဉ်

(၃၂)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၃

ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၃၂)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ (32nd ASEAN Armies Rifle Meet– 32nd AARM)ပိတ်ပွဲသို့ တက်ရောက်ရန်အတွက် ဖိလစ်ပိုင်နိုင်ငံ Mabalacat မြို့၌ရောက်ရှိနေသည့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် Tarlas မြို့ Camp O’Donnell ရှိ လက်နက်ငယ်ကျွမ်းကျင်မှု လေ့ကျင့်ရေးကွင်း၌ ကျင်းပပြုလုပ်သည့် (၃၂)ကြိမ်မြောက်အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ (32nd ASEAN Armies Rifle Meet – 32nd AARM) ပိတ်ပွဲအခမ်းအနားသို့ အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အတူ တက်ရောက်ခဲ့သည်။

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့်အတူ (၃၂)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲ၏ ဆုချီးမြှင့်ပွဲအခမ်းအနားသို့တက်ရောက်ခဲ့သည်။ ဆုချီးမြှင့်ပွဲအပြီးတွင် မြန်မာ့တပ်မတော် ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်နေသည့် သေနတ်ပစ်အသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့သည်။ (၃၂)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော် (ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် သေနတ်

ပစ်အသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်သည့်အနက် မြန်မာ့တပ်မတော်ကိုယ်စားပြု အသင်းအနေဖြင့် အမှတ်ပေးပစ်ခတ်စဉ်များတွင် နိုင်ငံအလိုက် အဆင့်(၄)၊ အမှတ်ပေးပစ်ခတ်စဉ်နှင့် ထိလဲပြား ပစ်ခတ်စဉ် စုစုပေါင်းတွင် နိုင်ငံအလိုက် အဆင့်(၃) ရရှိခဲ့သည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် Camp O’Donnell ရှိ ဖိလစ်ပိုင်ကြည်းတပ် ဗိုလ်သင်တန်းကျောင်း၌ ဖိလစ်ပိုင်ကြည်းတပ်ဦးစီးချုပ် Lt. Gen Roy M Galido က တည်ခင်းဧည့်ခံသော အထူးနေ့လယ်စာစားပွဲသို့ အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့်အတူ တက်ရောက်ခဲ့သည်။

ညှိနှိုင်း ကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး (၃၂)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော် (ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာသံရုံးယာယီတာဝန်ခံနှင့်ဝန်ထမ်းများ၊ မိသားစုဝင်များ၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) နှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စကားပြောကြားစဉ်။

ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စကားပြောကြား

ထို့ပြင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် Hilton Clark Hotel ရှိ Meeting Room–1 ၌ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာသံရုံးယာယီတာဝန်ခံနှင့် ဝန်ထမ်းများ၊ မိသားစုဝင်များ၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)နှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စကားပြောကြား၍ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၃ ရက် ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိကြောင်း သိရသည်။

သတင်းစဉ်

(၃၂)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်း ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် လေးခု၊ ကြေးတံဆိပ် ခုနစ်ခုတို့ ရရှိခဲ့ပြီး နိုင်ငံအလိုက် တတိယအဆင့်တွင် ရပ်တည်နိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၂၃

ဖိလစ်ပိုင်နိုင်ငံတွင် နိုဝင်ဘာ ၁၂ ရက်မှ ၂၃ ရက်ထိကျင်းပခဲ့သည့် (၃၂)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ (32nd ASEAN Armies Rifle Meet – 32nd AARM)ကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းသည် ယနေ့ညပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိရာ လေဆိပ်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေး၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများက လေဆိပ်၌ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းတွင် အသင်းခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး သိန်းစိုးထွန်း ဦးဆောင်၍ အုပ်ချုပ်သူ၊ နည်းပြများနှင့် သေနတ်ပစ်အားကစားသမား စုစုပေါင်း ၄၂ ဦးတို့ ပါဝင်ခဲ့ကြပြီး ပစ္စတိုအမျိုးသားအသင်း၊ ပစ္စတိုအမျိုးသမီးအသင်း၊ ကာဘိုင်အမျိုးသားအသင်း၊ ရိုင်ဖယ်အမျိုးသားအသင်းနှင့် စက်သေနတ် အမျိုးသားအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ တစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ် ခြောက်ခု၊ အသင်းလိုက်ထိ လဲပြားပစ်ခတ်စဉ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် တစ်ခုတို့ရရှိခဲ့ပြီး စုစုပေါင်း ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် လေးခု၊ ကြေးတံဆိပ် ခုနစ်ခု ဆွတ်ခူးရရှိခဲ့ကာ နိုင်ငံအလိုက် တတိယအဆင့်တွင် ရပ်တည်နိုင်ခဲ့ကြောင်းသိရသည်။

အဆိုပါပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲဝင်တစ်ဦး၏ စကားသံများကို ယခုကဲ့သို့ကြားသိရပါသည် –

“အာဆီယံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်ခဲ့ရခြင်းကြောင့် အတွေ့အကြုံများစွာ ရရှိခဲ့ပါတယ်။ နိုင်ငံခြားမှာ သွားရောက်ယှဉ်ပြိုင်ရတဲ့အတွက် နိုင်ငံတကာအတွေ့အကြုံကတော့များစွာရရှိပါတယ်။ ကျွန်တော့်အတွက်တော့ နိုင်ငံခြားကို သွားရောက်ယှဉ်ပြိုင်ရတဲ့ ပထမဆုံးအတွေ့အကြုံဖြစ်ပါတယ်။ တခြားနိုင်ငံက သေနတ်တွေနဲ့ ကျွန်တော်တို့ရဲ့ပြည်တွင်းထုတ်သေနတ်တွေနဲ့ ယှဉ်ပြိုင်ရတဲ့အတွက် ကိုယ့်နိုင်ငံထုတ်သေနတ်တွေနဲ့ ယှဉ်ပြိုင်ပြီးအခုလိုဆုဖလားရရှိတဲ့အတွက် များစွာအတိုင်းမသိဝမ်းသာမိပါတယ်။ ပြိုင်ပွဲမှာ ကျွန်တော်တို့နည်းပြတွေ သင်ကြားပေးတဲ့ နည်းစနစ်အတိုင်းလိုက်နာပြီး ကြိုးစားယှဉ်ပြိုင်ခဲ့ပါတယ်။ စက်သေနတ်အသင်းအနေနဲ့ အသင်းလိုက် ပြိုင်ပွဲ ပွဲစဉ်(၂)မှာ ရွှေတံဆိပ်ဆုနှစ်ဆုရရှိခဲ့ပြီး နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ခဲ့တဲ့အတွက် အတိုင်းမသိဝမ်းသာပီတိဖြစ်ရပါတယ်”။

သတင်းစဉ်

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် စိစစ်တွေ့ရှိရသည့် "မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများ" ကို Website နှင့် Mobile Application တို့တွင် လေ့လာဖတ်ရှုနိုင်ပြီ

နေပြည်တော် နိုဝင်ဘာ ၂၃

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် **"မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများ"** အပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များနှင့်စပ်လျဉ်းသည့် Website နှင့် Mobile Application တို့ကို နိုဝင်ဘာ ၂၂ ရက်တွင် လွှင့်တင်ထားပြီးဖြစ်သဖြင့် ပြည်တွင်း၊ ပြည်ပမှ လေ့လာလိုသူများအနေဖြင့် လေ့လာဖတ်ရှုနိုင်ပြီဖြစ်သည်။

အဆိုပါ Website နှင့် Mobile Application တို့တွင် ရွေးကောက်ပွဲအကြိုကာလ၌ ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့မှုများ၊ ရွေးကောက်ပွဲကာလတွင် ဆောင်ရွက်ခဲ့မှုများ၊ ရွေးကောက်ပွဲအလွန် ကာလဖြစ်စဉ်များ၊ မြန်မာနိုင်ငံတစ်ဝန်းလုံး ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ်၏ မဲစာရင်းစိစစ်ခြင်းနှင့် မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံးအပေါ် ခြုံငုံစစ်ဆေးတွေ့ရှိချက်၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲရလဒ်များကို ပယ်ဖျက်ခြင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအပေါ် သုံးသပ်ချက်၊ မှတ်တမ်းဓာတ်ပုံများစသည်ဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များကို တစ်နေရာတည်းတွင် ကဏ္ဍစုံလင်စွာ လေ့လာဖတ်ရှုနိုင်မည်ဖြစ်သည်။

ထို့အပြင် မြန်မာ၊ အင်္ဂလိပ်၊ တရုတ်၊ ရုရှား၊ ဂျပန် စသည့် ဘာသာစကား ငါးမျိုးဖြင့် လွှင့်တင်မည်ဖြစ်ရာ လေ့လာဖတ်ရှုလိုသူများသည် https://2020election.uec.gov.mm တွင်လည်းကောင်း၊ Mobile Application ကို အဆိုပါ Website တွင် Download ရယူ၍လည်းကောင်း လေ့လာဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

အရှေ့တောင်အာရှ မူလတန်းပညာသင်ယူတတ်မြောက်မှု တိုင်းတာစစ်ဆေးရေးစံ စစ်ဆေးအကဲဖြတ်ခြင်းသုတေသနလုပ်ငန်း၏ ပင်မစစ်ဆေးခြင်း စတင်ဆောင်ရွက်ခြင်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၃

အရှေ့တောင်အာရှ မူလတန်းပညာသင်ယူတတ်မြောက်မှု တိုင်းတာစစ်ဆေးရေးစံ "Southeast Asia Primary Learning Metrics (SEA–PLM)"–2024 စစ်ဆေးအကဲဖြတ်ခြင်း သုတေသနလုပ်ငန်း၏ ပင်မစစ်ဆေးခြင်း (Main Survey) စတင်ဆောင်ရွက်ခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ ပညာရေးဝန်ကြီးဌာနရှိဦးစီးဌာနများမှတာဝန်ရှိသူများ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများ၊ ၊ SEA–PLM ဦးစီးကော်မတီ၊ နည်းပညာအဖွဲ့ဝင်နှင့် လုပ်ငန်းအဖွဲ့ဝင်များ စစ်ဆေးအကဲဖြတ်ခြင်းတွင် ကျောင်းညှိနှိုင်းရေးမှူးများနှင့် စာမေးပွဲကြီးကြပ်သူများအဖြစ် ဆောင်ရွက်မည့် ဆရာ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အရှေ့တောင်အာရှ မူလတန်းပညာ သင်ယူတတ်မြောက်မှုတိုင်းတာ စစ်ဆေးရေးစံ SEA–PLM သည် မူလတန်းအဆင့်နောက်ဆုံးနှစ် (မြန်မာနိုင်ငံတွင် Grade–5) ကျောင်းသားများ၏ အရေး၊ အဖတ်၊ သင်္ချာနှင့် ကမ္ဘာ့သားကောင်းဖြစ်မှုစွမ်းရည်များနှင့် ၎င်းတို့အပေါ် သက်ရောက်နေသော အကြောင်းခြင်းရာများကို စစ်ဆေးတိုင်းတာနိုင်ရန်အတွက် အာဆီယံဒေသတွင်း ကျယ်ပြန့်သော ပညာရည်စစ်ဆေးမှုတစ်ခုဖြစ်ကြောင်း၊ မျှော်မှန်းချက်အနေဖြင့်အရှေ့တောင်အာရှ မူလတန်းပညာသင်ယူတတ်မြောက်မှု တိုင်းတာစစ်ဆေးရေးစံ (SEA–PLM)သည် အာဆီယံဒေသတွင်း သင်ယူမှုအခြေအနေကို ထင်ဟပ်စေလျက် ၂၁ ရာစုကျွမ်းကျင်မှုများပါဝင်သည့် ပညာရည်စစ်ဆေးမှုကို ဖြည့်ဆည်းခြင်းအားဖြင့် ပိုမိုကောင်းမွန်တိကျသော သင်ယူမှုရလဒ်များ ဖြစ်ထွန်းလာစေမည်ဖြစ်ကြောင်း။

ဒုတိယအကြိမ် SEA–PLM 2024တိုင်းတာစစ်ဆေးမှုကို မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံ ခုနစ်နိုင်ငံ ပါဝင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် SEA–PLM 2024 ပင်မစစ်ဆေးမှု (Main Survey) ၏ အချက်အလက်ကောက်ခံခြင်းလုပ်ငန်းကို တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိမြို့နယ် ၁၀၅ မြို့နယ်မှ ရွေးချယ်အခြေခံပညာကျောင်း၊ ပုဂ္ဂလိကကျောင်းနှင့် ဘုန်းတော်ကြီးသင်ကျောင်း ၁၉၂ ကျောင်းမှ ရွေးချယ်ထားသည့် Grade–5 ကျောင်းသား ၆၀၄၄ ဦးကို စာဖတ်စွမ်းရည် (Reading)၊ သင်္ချာစွမ်းရည် (Mathematics)၊ ကမ္ဘာ့သားကောင်းဖြစ်မှု (Global Citizenship) တို့ပါဝင်သော Text Booklets များ၊ မိဘစစ်တမ်းလွှာ (Parents Questionnaires) နှင့် ကျောင်းသားစစ်တမ်းလွှာ (Student Questionnaires) တို့ဖြင့် တစ်နိုင်ငံလုံး တစ်ပြိုင်တည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုဆောင်ရွက်မည့် စစ်ဆေးအကဲဖြတ်မှု သုတေသနလုပ်ငန်းကို နိုင်ငံတကာ သတ်မှတ်ချက်စံနှုန်းများနှင့်အညီ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပညာရေးသုတေသန၊စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းသန်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထိုက်က အရှေ့တောင်အာရှ မူလတန်းပညာ သင်ယူတတ်မြောက်မှုတိုင်းတာစစ်ဆေးရေးစံ(SEA–PLM) ၏ လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

မွန်းလွဲပိုင်းတွင် အရှေ့တောင်အာရှမူလတန်းပညာသင်ယူတတ်မြောက်မှု တိုင်းတာစစ်ဆေးရေးစံ "Southeast Asia Primary Learning Metrics (SEA–PLM)"–2024 စစ်ဆေးအကဲဖြတ်ခြင်း သုတေသနလုပ်ငန်း၏ ပင်မစစ်ဆေးခြင်း (Main Survey) စတင်ဆောင်ရွက်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရေဖြူမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

ရေဖြူ နိုဝင်ဘာ ၂၃

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်၌ ရာသီဥတုပြောင်းလဲမှုအကျိုးဆက်များ၊ သဘာဝဘေးအန္တရာယ်များ၊ မီးခိုးမြူငွေ့အန္တရာယ်များကို သိရှိနားလည်စေရန်နှင့် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ နိုဝင်ဘာ ၂၁ ရက် နံနက် ၉နာရီခွဲက မီးခိုးမြူငွေ့လျှော့ချရေးနှင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ အခြေခံပညာအထက်တန်းကျောင်း (ရေဖြူ)ရှိ ကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ရေဖြူမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်းအောင်က မီးခိုးမြူငွေ့ဖြစ်ပေါ်လာသည့်အချက်များ၊ မီးခိုးမြူငွေ့အမျိုးအစားများ၊ မီးခိုးမြူငွေ့၏ဆိုးကျိုးများ၊ ကာကွယ်နိုင်သည့်နည်းလမ်းများ၊ Fire Hotspot များ၏ အကြောင်းရင်းများ၊ ရာသီဥတုပြောင်းလဲလာခြင်း၊ ရာသီဥတုပြောင်းလဲခြင်းကြောင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာခြင်း၊ ရာသီဥတုပြောင်းလဲခြင်းအား လျှော့ချရမည့်နည်းလမ်းများ၊ သစ်ပင်စိုက်ပျိုးပြုစု၊ ထိန်းသိမ်းခြင်းဖြင့် ရာသီဥတုကောင်းမွန်လာစေခြင်း အကြောင်းအရာများကို ဟောပြောသည်။

ဟောပြောပွဲသို့ သက်ဆိုင်ရာ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသူ ကျောင်းသား ၂၀၀ ကျော်တက်ရောက်သည်။တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ သစ်တောဦးစီးဌာနမြို့နယ်ဦးစီးမှူးက ပြန်လည်ဖြေကြားဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

ခတ္တာ

အမျိုးသားအောင်ပွဲနေ့အကြို ဂုဏ်ပြုဆောင်းပါး

အမျိုးသားအောင်ပွဲနေ့က ဖော်ပြနေသော အမျိုးသားညီညွတ်ရေး၏ အောင်မြင်မှုမော်ကွန်း

စန်းနီလာဝင်း

၁၈၈၄ ခုနှစ်တွင် အင်္ဂလိပ်နယ်ချဲ့ အစိုးရက **"ရန်ကုန်အစိုးရအထက်တန်းကျောင်း"**ကို **"ရန်ကုန်ကောလိပ်"** အဖြစ် အမည်ပြောင်းလဲပြီး ကောလိပ်ကျောင်းအုပ်ကြီးအဖြစ် မစ္စတာဂျေအိပ်ချ်ဂေးလ်ဘတ် (Mr. J.H Gilbert) ကို စတင်ခန့်အပ်ခဲ့သည်။ ရန်ကုန်ကောလိပ်တွင် ဥပစာတန်း (ဝိဇ္ဇာ)အထိ သင်ကြားပေးခဲ့ပြီး စာမေးပွဲများကို "ကာလကတ္တားတက္ကသိုလ်" က တာဝန်ယူဦးဆောင်စစ်ဆေးခဲ့သည်။ ၁၉၀၄ ခုနှစ်တွင် "ရန်ကုန်ကောလိပ်" ကို **"ရန်ကုန်အစိုးရကောလိပ်"**(Yangoon Government College)ဟု အမည်ပြောင်းလဲခဲ့သည်။

၁၉၁၈ ခုနှစ်တွင် အမေရိကန်သာသနာပြုအဖွဲ့မှ **"ဒေါက်တာဂျပ်ဆင်"** (Dr. Judson)က ရန်ကုန်အစိုးရကောလိပ်နှင့်အလားတူ **"ဂျပ်ဆင်ကောလိပ်"**(Judson College) ကို ဖွင့်လှစ်ခွင့်ရရှိခဲ့သည်။

၁၉၂၂ ခုနှစ်ကတည်းက ရန်ကုန်ကောလိပ်ကို "ကာလကတ္တားတက္ကသိုလ်" ၏ လက်အောက်ခံအဖြစ် မထားရှိဘဲ သီးခြားလွတ်လပ်သော တက္ကသိုလ်အဖြစ် အသိအမှတ်ပြုပေးရန် တောင်းဆိုခဲ့ကြသည်။

၁၉၂၀ ပြည့်နှစ် စက်တင်ဘာလတွင် မြန်မာပြည်အုပ်ချုပ်ရေး ဥပဒေပြုကောင်စီက ရန်ကုန်တက္ကသိုလ် အဆင့်တိုးမြှင့်ပေးရန် သဘောတူခဲ့သည်။

၁၉၂၀ ပြည့်နှစ် အမျိုးသားပညာရေးလှုပ်ရှားမှုအောင်ပွဲကြီးနှင့်အတူ ပေါ်ပေါက်လာသည့် ရန်ကုန်မြို့ အမျိုးသားအထက်တန်းကျောင်းကြီး။

ဆာဦးမောင်ကြီး(အမ်အေ)

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ထိုစဉ်က မြန်မာပြည်ဒုတိယဘုရင်ခံ "ဆာရီဂျင်နယ်ကရက်ဒေါက်" (Sir Regiona Craddock) က ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို အတည်ပြုခဲ့ပြီး ရန်ကုန်တက္ကသိုလ်၏ ပထမဦးဆုံး "အဓိပတိ" ဖြစ်လာခဲ့သည်။ ထိုအခါ "ရန်ကုန်ကောလိပ်" နှင့် "ဂျပ်ဆင်ကောလိပ်"တို့ကို ပူးပေါင်းလိုက်ပြီး **"ရန်ကုန်တက္ကသိုလ်"** (Rangoon University) ဟု စတင်ခေါ်တွင်ခဲ့သည်။ ထိုစဉ်က ရန်ကုန်တက္ကသိုလ်တွင် ရန်ကုန်ကောလိပ်မှ ကျောင်းသား ကျောင်းသူ ၆၉၂ ဦး၊ ဂျပ်ဆင်ကောလိပ် ခေါ် ယုဒသန်ကောလိပ်မှ ကျောင်းသား ကျောင်းသူ ၁၃၇ ဦးရှိခဲ့ရာ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၂၉ ဦး ရှိခဲ့သည်။

ရန်ကုန်တက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ပေးခဲ့သော်လည်း တက္ကသိုလ်ဥပဒေတွင် အဆင့်မြင့်ပညာရေးကို တစ်ဖက်သတ် ဖိနှိပ်ကန့်သတ်ချုပ်ချယ်ခဲ့သည်။ ထိုအခြေအနေနှင့်စပ်လျဉ်း၍ ကိုလိုနီခေတ် ရန်ကုန်တက္ကသိုလ်၌ သုတေသနအသင်းဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့သူ "ဂျေအက်စ် ဖာနီဗယ်လ်" (J.S Furnivall) က သူကိုယ်တိုင်သုတေသနပြု ရေးသားပြုစုထုတ်ဝေခဲ့သော **"ကိုလိုနီဝါဒနှင့်လက်တွေ့ကျင့်သုံးမှု"** စာအုပ်တွင် ဤသို့ဖော်ပြခဲ့သည်ကို လေ့လာတွေ့ရှိရသည် -

"ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံတွင် အမျိုးသားရေးစနစ်ကို ကျင့်သုံးရာ၌ စာရေးစာချီ၊ ရှေ့နေရှေ့ရပ်များဖြစ်ရန်ကိုသာ ရည်ရွယ်၍ အင်ဂျင်နီယာများ၊ ဆရာဝန်များ၊ သဘာဝသိပ္ပံပညာရှင်များ၊ စီးပွားရေးပညာရှင်များ ဖြစ်မြောက်လာအောင် ရည်ရွယ်ချက် အလျှင်းမရှိခဲ့ပါ" ဟု လေ့လာသုံးသပ် တင်ပြခဲ့သည်ကို တွေ့ရှိရသည်။

တက္ကသိုလ်ပညာသင်ကြားရေးနှင့် အုပ်ချုပ်ရေးကို အင်္ဂလိပ်အာဏာပိုင်နိုင်ငံကြီးများ ကိုင်တွယ်ပြီး ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားလိုလျှင် ကျောင်းအိပ်ကျောင်းစားနေမှသာ ပညာသင်ကြားခွင့်ရှိသည်ဟူသော အချက်အပါအဝင် မလိုအပ်သည့် ကန့်သတ်ချက်များကို ပြည်သူများနှင့် ကျောင်းသားကျောင်းသူများက လက်မခံလိုကြပေ။ ရန်ကုန်တက္ကသိုလ်ဥပဒေသည် ကြေးရတတ်သားသမီးများကိုသာ အကျိုးပြုပြီး တိုင်းရင်းသားပြည်သူများ၏ သားသမီးများကို အဆင့်မြင့်ပညာရပ်များ

အမျိုးသားကောလိပ်ကျောင်း (၁၉၂၄ ခုနှစ်) နောက်ဆုံးကျန်ရှိသော အချို့ဆရာများနှင့် ကျောင်းသားများ။

သင်ကြားခွင့် ကန့်သတ်ထားခြင်း၊ တက္ကသိုလ်အုပ်ချုပ်ရေး စည်းမျဉ်းစည်းကမ်းများမှာလည်း ကျောင်းသားကျောင်းသူများအပေါ် ချုပ်ချယ်ဖိနှိပ်လွန်းရာကျရောက်နေခြင်း၊ ဘွဲ့ရပညာတတ်ဦးရေအများအပြား၊ အသက်မွေးဝမ်းကျောင်းပညာရပ် တတ်မြောက်သူများ ပေါ်ထွက်လာခြင်းမရှိအောင် ချုပ်ကိုင်ထားခြင်း၊ အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ ဗျူရိုကရေစီ အုပ်ချုပ်ရေးယန္တရားလည်ပတ်နိုင်ရန်အတွက်သာ ဦးစားပေးသင်ကြားခြင်းတို့ကြောင့် တက္ကသိုလ်ကျောင်းသား မျိုးချစ်ခေါင်းဆောင်များ၊ အမျိုးသားခေါင်းဆောင်များက ရန်ကုန်တက္ကသိုလ်ဥပဒေကို ပြင်ဆင်ပေးရန် အကြိမ်ကြိမ် တောင်းဆိုခဲ့သော်လည်း လုံးဝမလိုက်လျောခဲ့ပေ။

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့ (၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့)တွင် ၂၆ ဦး ဦးဆောင်ပါဝင်ဖွဲ့စည်းထားသော ရန်ကုန်တက္ကသိုလ် သပိတ်ကော်မတီက ဦးဆောင်၍ အမျိုးသားပညာရေးလှုပ်ရှားမှု သပိတ်တိုက်ပွဲဖြင့် နယ်ချဲ့ဆန့်ကျင်ရေးကို စတင်ဆင်နွှဲခဲ့ရာ ရန်ကုန်တက္ကသိုလ်နှင့် ဂျပ်ဆင်ကောလိပ် (ယုဒသန်ကောလိပ်)မှ ကျောင်းသား ကျောင်းသူ ၅၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြသည်။ ရွှေတိဂုံစေတီတော်ရင်ပြင်တော်နှင့် ဗဟန်းမြို့နယ်ရှိ ရွှေကျင်ကျောင်းတိုက် ဇရပ်များ၌ သပိတ်စခန်းများထားရှိကာ ထိုမှတစ်ဆင့် ရန်ကုန်မြို့မှ နိုင်ငံတစ်ဝန်းရှိ မြို့နယ်အနှံ့ အထက်တန်းကျောင်းများသို့ပါ ကျောင်းသားသပိတ်များ ပျံ့နှံ့သွားခဲ့သည်။

ထိုစဉ်က အင်္ဂလိပ်လူမျိုးနှင့် အင်္ဂလန်ပါလီမန်အမတ်ဖြစ်လျက်နှင့် အင်္ဂလိပ်နယ်ချဲ့အစိုးရက မြန်မာပြည်၌ ကျင့်သုံးခဲ့သော ကျွန်ပညာရေးစနစ်နှင့်စပ်လျဉ်း၍ ရွှေတိဂုံစေတီတော်ရင်ပြင်တော်ရှိ သပိတ်စခန်းမှ တက္ကသိုလ်သပိတ်မှောက်ကျောင်းသားများအား လာရောက်တွေ့ဆုံကာ အင်္ဂလိပ်လေဘာတီပါတီမှ ပါလီမန်အမတ် "မစ္စတာဝက်ဝုဒ်" (Mr. Wedgwood) က **"ဗြိတိသျှအစိုးရဟာ မြန်မာပြည်မှာ တက္ကသိုလ်ပညာသင်ကြားရေးစနစ်ကို မတရားသဖြင့် စီမံထားခြင်းဖြစ်တယ်။ မြန်မာနိုင်ငံမှာပဲ အင်္ဂလိပ်ကလေး၊ လူငယ်လူရွယ်များ သင်ကြားရတဲ့စနစ်ဟာ သခင်ဖြစ်စေတဲ့ ပညာရေးစနစ်ဖြစ်နေပြီး မြန်မာကလေး၊ လူငယ်လူရွယ်တွေ သင်ကြားရတဲ့စနစ်ကျတော့ ကျွန်ဖြစ်စေတဲ့ပညာရေးစနစ်ဖြစ်နေတယ်။ တကယ်တော့ မည်သည့်လူမျိုး၊ မည်သည့်ဘာသာဝင်ဖြစ်နေပါစေ မြန်မာပြည်မှာ ပညာရေးစနစ်ကိုညီတူညီမျှ အတူတူ တစ်မျိုးတစ်စားတည်းထားသင့်ပါတယ်။ ဒါကြောင့် တက္ကသိုလ်သပိတ်ကြီးကို ညီညီညွတ်ညွတ်နဲ့ ဆက်လက်ဆင်နွှဲကြပါ။ ပြီးတော့ အမျိုးသားကျောင်းများကိုလည်း ထူထောင်ကြပါ"** ဟု မြန်မာဘက်မှ မှန်မှန်ကန်ကန် မားမားမတ်မတ်ရပ်တည်၍ ထောက်ခံပေးသည်ကို လေ့လာကြည့်ရှုမှုနှင့်ပင် အင်္ဂလိပ်နယ်ချဲ့ အစိုးရကျင့်သုံးနေသော ပညာရေးမူဝါဒ၏ အစ္ဆတ္တ အတွင်းသရုပ်ကိုရော ဗဟိဒ္ဓ ပြင်ပအသွင်အပြင်ကိုပါ သိမြင်နိုင်မည်ဖြစ်ပါသည်။

ပထမဦးဆုံး အမျိုးသားပညာရေးလှုပ်ရှားမှုဖြင့် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲ

အင်္ဂလိပ်နယ်ချဲ့အစိုးရသည် ရှေ့တိုးထမ်းပိုး နောက်ဆုတ်လှည်းတုတ်ပမာ အကျပ်ရိုက်ကာ ရန်ကုန်တက္ကသိုလ် အဓိပတိ ဒုတိယဘုရင်ခံ ဆာရီဂျင်နယ်ကရက်ဒေါက်က ထိုစဉ်က ဝတ်လုံတော်ရရှေ့နေဦးချစ်လှနှင့် အခြားရှေ့နေ သုံးဦးတို့အား ခေါ်ယူတွေ့ဆုံ၍ မည်သို့ဖြေရှင်းရမည်ကို အကြံဉာဏ်များ ရယူခဲ့ရသည်။ ရည်ရွယ်ချက်မှာ ရန်ကုန်တက္ကသိုလ်သပိတ်တိုက်ပွဲကြောင့် ရန်ကုန်တက္ကသိုလ်ဥပဒေ (၁၉၂၀) ကို ဘုရင်ခံက ပြင်ဆင်ပေးရခြင်းမျိုး မဖြစ်စေလိုဘဲ ဥပဒေအကြံပေး ရှေ့နေကြီးများ၏ မေတ္တာရပ်ခံ အကြံပြုချက်ကြောင့်သာ ဥပဒေကို ပြင်ဆင်ပေးခြင်းဖြစ်သည်ဟု ထင်မြင်စေလို၍ဖြစ်သည်။

ထိုစဉ်က ရန်ကုန်တက္ကသိုလ်သပိတ်မှောက် ကျောင်းသား ကျောင်းသူများအတွက် ပညာရေးကောင်စီကို မျိုးချစ်အမျိုးသားရေးခေါင်းဆောင်တစ်ဦးဖြစ်သည့် ဆာဦးမောင်ကြီး (M.A) (နောင်ပညာရေးဝန်ကြီး)က ဥက္ကဋ္ဌ၊ အတွင်းရေးမှူးအဖြစ် ဒေါက်တာထင်အောင် (နောင် ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်) တို့က ဦးဆောင်ဖွဲ့စည်းကာ ဗဟန်း ရွှေကျင်ကျောင်းတိုက်၌ ပထမဦးဆုံး "အမျိုးသားကောလိပ်" (National College)ကို ဖွင့်လှစ်ပေးခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ကျေးဇူးတော်ရှင် ပခန္နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးကောသလ္လ အမှူးပြုသော သံဃာတော်များက ငါးပါးသီလနှင့် ပရိတ်တော်များ ချီးမြှင့်ခဲ့ပြီး ဥက္ကဋ္ဌ ဆာဦးမောင်ကြီး(M.A)က အဖွင့်အမှာစကားပြောကြားခဲ့သည်။ အမျိုးသားကောလိပ်၏ ဦးဆောင်ဥပဇ္ဈာယ်ဆရာကြီးများအဖြစ် ဆရာကြီး သခင်ကိုယ်တော်မှိုင်း (နောင် စတာလင်ငြိမ်းချမ်းရေးဆုနှင့် အလင်္ကာကျော်စွာဘွဲ့ရ)၊ ဒီးဒုတ်ဦးဘချို (နောင် ပြန်ကြားရေးဝန်ကြီးနှင့် အာဇာနည်ခေါင်းဆောင်) တို့က စတင်သင်ကြားပို့ချပေးခဲ့ကြသည်။

စာမျက်နှာ ၇ သို့ ❒

၂၀၂၄ ခုနှစ်၊ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်ရေး။

★ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာပြည့်ဝသော ပညာတတ်များ ပေါ်များရေး။

★ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီ ပံ့ပိုးရေး။

★ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး။

၂၀၂၄ ခုနှစ်၊ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့၊
တစ်မျိုးသားလုံးညီညွတ်စို့။

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်
(၁၀) ရက်
(၂၅-၁၁-၂၀၂၄)

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ ကျောက်စိမ်းအတွဲပေါင်း ၆၁၅ တွဲ ရောင်းချနိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၂၃

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်းနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲအမှတ် (၈၅၁) မှ (၁၇၀၀) အထိ ကျောက်စိမ်းအတွဲများကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ပြီး ကျောက်စိမ်းအတွဲပေါင်း ၆၁၅ တွဲ ရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။

ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းတင်သွင်းလွှာများ ဖွင့်ဖောက်စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပြပွဲသတ္တမနေ့တွင် ရောင်းချမည့် ကျောက်စိမ်းအတွဲအမှတ် (၁၇၀၁)မှ(၂၅၅၉)အထိကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။ အဆိုပါ ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ညနေပိုင်းတွင် ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများစာရင်းကို နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ကြေညာသွားမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲပေါင်း ၂၀၈ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၆၂ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ရောင်းချပေးနိုင်ခဲ့သည်။ ထို့ပြင် ပြပွဲတွင် အုပ်စု(အေ၊ ဘီ နှင့် စီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း ၄၈၀၀ ကို နေ့ရက်အလိုက် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ပြပွဲပဉ္စမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၈၅၀ အနက် ကျောက်စိမ်းအတွဲ ၆၁၃ တွဲကိုလည်းကောင်း၊ ပြပွဲဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၈၅၀ အနက် ကျောက်စိမ်းအတွဲ ၆၁၅ တွဲကို လည်းကောင်း ရောင်းချပေးနိုင်ခဲ့ပြီး ကျန်ရှိသည့် ကျောက်စိမ်းအတွဲပေါင်း ၃၁၀၀ ကို နိုဝင်ဘာ ၂၇ ရက်အထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❐ စာမျက်နှာ ၆ မှ

ထိုမှတစ်ဆင့် မြန်မာပြည်အနှံ့ **“အမျိုးသားကျောင်းများ”** (National Schools) ပေါ်ပေါက်လာခဲ့သည်။

ထိုသောအခါ အင်္ဂလိပ်နယ်ချဲ့အစိုးရသည် ကိုလိုနီပညာရေးစနစ်အတွင်း သရုပ်ဆိုးကို ဖော်ဆောင်ထားသည့် ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်ဥပဒေကို ပြင်ဆင်ပေးရတော့သည်။ မကြာမီ ဆာဦးမောင်ကြီး(M.A) မှာ ပညာရေးဝန်ကြီးအဖြစ် ရွေးချယ်ခံခဲ့ရသဖြင့် အမျိုးသားကျောင်းများကို အစိုးရကျောင်းများဖြစ်အောင် ဆောင်ရွက်ပေးပြီး အမျိုးသားကျောင်းများအတွက် အစိုးရ၏ ပညာရေးထောက်ပံ့ငွေများ ရရှိအောင် ဆောင်ရွက်ပေးသည့်အပြင် သပိတ်မှောက် ကျောင်းသားခေါင်းဆောင်များအား တက္ကသိုလ်ပညာရပ်များကို ဆက်လက်သင်ကြားနိုင်ရေးအတွက်ပါ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ထို့ကြောင့် သူ့ကျွန်အဖြစ် နွံနစ်ခဲ့ရသည့် ကိုလိုနီခေတ်တွင် အမျိုးသားပညာရေးအောင်ပွဲကြီး ပေါ်ထွန်းလာခဲ့ပြီး မြန်မာ့နိုင်ငံရေး သမိုင်းတွင် **“အမျိုးသားအောင်ပွဲနေ့”** (National Day) အဖြစ် သမိုင်းမော်ကွန်း စိုက်ထူနိုင်ခဲ့သည်။

> **“ဆာဦးမောင်ကြီး(M.A) မှာ ပညာရေးဝန်ကြီးအဖြစ် ရွေးချယ်ခံခဲ့ရသဖြင့် အမျိုးသားကျောင်းများကို အစိုးရကျောင်းများဖြစ်အောင် ဆောင်ရွက်ပေးပြီး အမျိုးသားကျောင်းများအတွက် အစိုးရ၏ ပညာရေးထောက်ပံ့ငွေများရရှိအောင် ဆောင်ရွက်ပေးသည့်အပြင် သပိတ်မှောက်ကျောင်းသားခေါင်းဆောင်များအား တက္ကသိုလ်ပညာရပ်များကို ဆက်လက်သင်ကြားနိုင်ရေးအတွက်ပါ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ထို့ကြောင့် သူ့ကျွန်အဖြစ် နွံနစ်ခဲ့ရသည့် ကိုလိုနီခေတ်တွင် အမျိုးသားပညာရေးအောင်ပွဲကြီး ပေါ်ထွန်းလာခဲ့ပြီး မြန်မာ့နိုင်ငံရေးသမိုင်းတွင် “အမျိုးသားအောင်ပွဲနေ့” (National Day) အဖြစ် သမိုင်းမော်ကွန်း စိုက်ထူနိုင်ခဲ့”**

တစ်မျိုးသားလုံးနှိုးကြားခဲ့သည့် အမျိုးသားနေ့

၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ထိုစဉ်က တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဦးဆောင်သော အစိုးရအဖွဲ့က ၁၉၂၀ ပြည့်နှစ်တွင် အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ ကိုလိုနီပညာရေးစနစ်ကို ဦးဆောင် တိုက်ဖျက်ခဲ့သည့် ရန်ကုန်တက္ကသိုလ် သပိတ်မှောက် ကျောင်းသားခေါင်းဆောင်များကို ဖိတ်ကြားကာ ရန်ကုန်မြို့ ကန်တော်ကြီး မြေပဒေသာကျွန်း၌ အမျိုးသားနေ့ ရွှေရတုသဘင်ကို ဂုဏ်ပြုခမ်းနားစွာ ကျင်းပပြုလုပ်ခဲ့သည်။

ယနေ့ပညာခေတ်ကြီးတွင် ပညာမြင့်၍ နိုင်ငံတင့်တယ်ဝင့်ထည်စေဖို့

ယခုဆိုလျှင် အမျိုးသားအောင်ပွဲနေ့ကြီးသည် (၁၀၄)နှစ် ပြည့်မြောက်ခဲ့ပါပြီ။ အတိတ်က “သမိုင်းဖြစ်စဉ်” များက ပစ္စုပ္ပန်အတွက် “သမိုင်းပေးသင်ခန်းစာများ” ပေးအပ်ကာ ပစ္စုပ္ပန်ရော အနာဂတ်အတွက်ပါ “သမိုင်း၏ လိုအပ်ချက်”များကို တာဝန်သိသိ သစ္စာရှိရှိ ဖြည့်ဆည်း၍ “သမိုင်းပေးတာဝန်များ” ကို ကျေပွန်စွာ ထမ်းဆောင်ကြရန် လမ်းညွှန်လျက်ရှိပါသည်။

မျိုးချစ်ဝံသာနု စိတ်ဓာတ်မနသီမြတ်နှင့်အတူ အမျိုးသားပညာရေးလှုပ်ရှားမှုကြီးကြောင့် ထိုစဉ်က အင်္ဂလိပ်နယ်ချဲ့အစိုးရသည် ရန်ကုန်တက္ကသိုလ်ဥပဒေ (၁၉၂၀ ပြည့်နှစ်)ကို ပြင်ဆင်ပေးခဲ့ရသည့်အပြင် “အမျိုးသားကျောင်းများ” နိုင်ငံအနှံ့ ပေါ်ထွက်လာပြီး ထိုမှတစ်ဆင့် “အမျိုးဘာသာသာသနာ ပညာခံယူချက်ဖြင့် တိုင်းတစ်ပါးသား နယ်ချဲ့အင်္ဂလိပ်အစိုးရ၏ ကိုလိုနီကျွန်ဘဝမှ လုံးဝလွတ်မြောက်ရေးအတွက် နယ်ချဲ့ဆန့်ကျင်ရေးကို ဆက်လက်တိုက်ပွဲဝင်ပြီး မြန်မာ့လွတ်လပ်ရေးပန်းတိုင်ကြီးကို လှမ်းကိုင်နိုင်ရန် လမ်းခင်းပေးခဲ့သည့် အမျိုးသားရေး လှုပ်ရှားမှုကြီးတစ်ရပ်အဖြစ် သမိုင်းမော်ကွန်း စိုက်ထူနိုင်ခဲ့သော အမျိုးသားအောင်ပွဲနေ့ကြီးပင် ဖြစ်သည်။

ယနေ့မျက်မှောက်ခေတ်သည် ပညာခေတ်ဖြစ်သည့်အလျောက် ပညာမြင့်မှ နိုင်ငံနှင့် လူမျိုးတင့်တယ် ဝင့်ထည်နိုင်မည်ဖြစ်ရာ “အဆင့်မြင့်လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဘဝ” တွင် အစဉ်ရပ်တည်နေနိုင်အောင် အရှိန်အဟုန်ဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းကြရန် အထူးလိုအပ်နေသည့် အချိန်အခါဖြစ်ပါသည်။

လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဆန္ဒန်းကိန်းဆိုသည်မှာ ဝင်ငွေအရရော ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် အခြားအခွင့်အလမ်းများအရပါ နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုရှိ နိုင်ငံသားတို့၏ ဘဝအရည်အသွေး၊ အဆင့်အတန်း မည်သည့်အဆင့်၊ မည်သည့်အခြေအနေတွင် ရှိနေသနည်းဟူသော အခြေအနေအဆင့်အတန်းကို တိုင်းတာဖော်ပြသော အတိုင်းအတာဆန္ဒန်းကိန်းပင်ဖြစ်သည်။

လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဆန္ဒန်းကိန်းကို လက်တွေ့သတ်မှတ်ရာတွင် အခြေခံညွှန်းကိန်းများအဖြစ် နိုင်ငံသူ နိုင်ငံသားတို့၏ -

(၁) မျှော်မှန်းသက်တမ်း၊

(၂) သက်ကြီးစာတတ်မြောက်မှု အချိုးအစား၊

(၃) အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းများနှင့် တက္ကသိုလ်၊ ကောလိပ်စသည့် အဆင့်မြင့်ကျောင်းများ၌ ကျောင်းတက်နိုင်မှု အချိုးအစား၊

(၄) နိုင်ငံသားတစ်ဦးချင်း၏ ဝင်ငွေ တို့ဖြစ်ကြသည်။

လူ့အရင်းအမြစ်ဖွံ့ဖြိုးမှုညွှန်းကိန်းများ အစဉ်ရှင်သန်တိုးတက်နေအောင် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ကြကာ ဘက်စုံပညာရေးစနစ်ဖြင့် ပညာမြင့်၍ နိုင်ငံနှင့် လူမျိုး တင့်တယ်ဝင့်ထည်ပါစေကြောင်း ထပ်လောင်းဆန္ဒပြုတိုက်တွန်းရင်း (၁၀၄)နှစ်မြောက် သမိုင်းဝင် အမျိုးသားအောင်ပွဲနေ့ကြီးအား ဂုဏ်ပြုဖော်ညွှန်းအပ်ပါသည်။ ။

အိန္ဒိယနိုင်ငံ ဗဟိုဘဏ်က ကြီးမှူးကျင်းပသည့် ကမ္ဘာ့တောင်ဘက်ခြမ်းရှိ ဗဟိုဘဏ်များ၏ ကိုဗစ်အလွန် မူဝါဒပိုင်းဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၃

အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့တွင် နိုဝင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ အိန္ဒိယဗဟိုဘဏ် (Reserve Bank of India) က ကြီးမှူးကျင်းပသည့် ကမ္ဘာ့တောင်ဘက်ခြမ်းရှိ ဗဟိုဘဏ်များ၏ ကိုဗစ်အလွန် မူဝါဒပိုင်းဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ကမ္ဘာ့တောင်ဘက်ခြမ်း (Global South) မှ နိုင်ငံများဖြစ်သည့် အိန္ဒိယ၊ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ မော်လ်ဒိုက်၊ ဘူတန်၊ နီပေါ၊ သီရိလင်္ကာ၊ မိုဇမ်ဘစ်၊ မဒါဂတ်စကားနှင့် ဇင်ဘာဘွေနိုင်ငံတို့မှ ဗဟိုဘဏ်ဥက္ကဋ္ဌများ တက်ရောက်ခဲ့ကြပြီး အိန္ဒိယဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့မှ Head of Reserve Management Department ဌာနမှ အကြီးအကဲများ၊ Reserve Bank of South Africa ၊ Bank of Namibia နှင့် ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ ဗဟိုဘဏ် အဆင့်မြင့်အရာထမ်းများ၊ နိုင်ငံတကာမှ ဘဏ်နှင့်ပတ်သက်သည့် ပြင်ပအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကမ္ဘာ့ဘဏ် (World Bank) နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး Panel Session ခုနစ်ခု ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ကမ္ဘာ့တောင်ဘက်ခြမ်းရှိ နိုင်ငံများတွင် ကိုဗစ် – ၁၉ ကပ်ရောဂါမဖြစ်ပေါ်မီ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ကိုဗစ်ကပ်ရောဂါဖြစ်ပွားသည့်အချိန်အတွင်း နိုင်ငံ၏စီးပွားရေးလည်ပတ်မှုကောင်းမွန်စေရေးနှင့် စီးပွားရေးပြန်လည်ဦးမော့လာရန် ဆောင်ရွက်ခဲ့သည့် အခြေအနေများနှင့် ကိုဗစ်အလွန်ကာလတွင် နိုင်ငံတိုင်းသည် ငွေကြေးဖောင်းပွမှုနှုန်းနှင့် ငွေရေးကြေးရေးကဏ္ဍ တည်ငြိမ်မှုရှိသည့် ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိရန် ဆောင်ရွက်ခဲ့သည့် အခြေအနေများပေါ်မူတည်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း မျှတမှုရှိစေရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဗဟိုဘဏ်များ၏ ငွေကြေးမူဝါဒဆိုင်ရာ ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒစ်ဂျစ်တယ်ငွေပေးချေမှုဆိုင်ရာ တိုးမြှင့်ဆောင်ရွက်ခြင်းမှတစ်ဆင့် စီးပွားရေးစနစ်အပေါ် အကျိုးသက်ရောက်မှု ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဗဟိုဘဏ်ဥက္ကဋ္ဌများအကြား မူဝါဒပိုင်းဆိုင်ရာ အတွေ့အကြုံများဖလှယ်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ နိုင်ငံခြား အရန်ငွေထိန်းသိမ်းထားရှိမှုဆိုင်ရာ စီမံခန့်ခွဲခြင်းခေါင်းစဉ်ဖြင့် လည်းကောင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်းများကို ကြပ်မတ်ကွပ်ကဲသည့်လုပ်ငန်းစဉ်များနှင့် ကြုံတွေ့ရသည့် စိန်ခေါ်မှုများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ AI နည်းပညာ၏ ငွေရေးကြေးရေးကဏ္ဍအပေါ် သက်ရောက်မှုနှင့် ဒစ်ဂျစ်တယ်ငွေကြေးများ၏ အကျိုးသက်ရောက်မှုများခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါ မူဝါဒဆိုင်ရာဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌသည် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေး ခိုင်မာတောင့်တင်းမှုအခြေအနေအပေါ် ဆန်းစစ်ပြီး စီးပွားရေးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်စေသည့် လိုအပ်သော Policy ပံ့ပိုးမှုများဖြစ်သည့် ဈေးကွက်ပြန်လည်ရှင်သန်နိုင်ရေးအတွက် အတိုးနှုန်းမြှင့်တင်ခြင်း မပြုလုပ်ခဲ့ဘဲ ငွေရေးကြေးရေးကဏ္ဍ ခိုင်မာမှုအပေါ်မူတည်၍ သီးသန့်ငွေအချိုး မြှင့်တင်ခြင်း၊ ငွေကြေးလွယ်ကူမှုအတွက် SWAP/Repo Facility များ ပံ့ပိုးပေးခဲ့သည့် အခြေအနေများ၊ နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်ရေးအတွက် ဗဟိုဘဏ်က ဝင်ရောက်ထိန်းကျောင်းဆောင်ရွက်ခဲ့သည့် Intervention ပုံစံများ၊ ပြည်ပကုန်သွယ်မှုတွင် External Factors များ ကျော်လွှားနိုင်ရန် Dedollarization ကို အလေးထားဆောင်ရွက်ခဲ့ပြီး အဓိကကုန်သွယ်ဖက်နိုင်ငံများဖြစ်သည့် တရုတ်ယွမ်၊ ထိုင်းဘတ်၊ အိန္ဒိယရူပီးတို့ဖြင့် ဒေသတွင်းသုံးငွေကြေးများဖြင့် ပြောင်းလဲကျင့်သုံးခဲ့သည့် အခြေအနေများကို ဆွေးနွေးခဲ့သည်။

ယင်းနောက်ဆွေးနွေးပွဲတက်ရောက်လာသူများက မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုပြုလုပ်ရာတွင် Local Currency Settlement အသုံးပြုဆောင်ရွက်နေမှု မေးမြန်းချက်အပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌသည် အိန္ဒိယသမ္မတနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် Bilateral အစည်းအဝေးတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ ဗဟိုဘဏ်များအကြား အကောင်အထည်ဖော် ဆောင်ရွက်မည့် ဗဟိုဘဏ်ဝန်ထမ်းများ၏ Capacity Building ဆိုင်ရာကိစ္စရပ်များ၊ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြားကုန်သွယ်မှုပြုရာတွင် Local Currency Settlement ဖြင့် တိုးချဲ့ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၁၈)ကြိမ်မြောက်အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၃

စင်ကာပူနိုင်ငံတွင် နိုဝင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ ကျင်းပသည့် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၁၈) ကြိမ်မြောက် အစည်းအဝေးသို့ အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ မြန်မာနိုင်ငံ၏ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်၍ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေး

ယင်းအစည်းအဝေးနှင့် ဆက်စပ်၍ အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းနှင့် စပ်လျဉ်းသည့် မဟာဗျူဟာစီမံချက် မူကြမ်းရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ပြီး ဆွေးနွေးရန်ကျန်ရှိနေသည့် နယ်ပယ်များကို ဆက်လက်ညှိနှိုင်းဆွေးနွေးခဲ့ရာ ၉၇ ဒသမ ၂ ရာခိုင်နှုန်းအထိ ပြီးစီးခဲ့သည်။

အဆင့်မြင့်လုပ်ငန်း အဖွဲ့၏ (၁၈) ကြိမ်မြောက်အစည်းအဝေးကို အာဆီယံဥက္ကဋ္ဌဖြစ်သည့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံနှင့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်စာတမ်း ရေးဆွဲရေးဆိုင်ရာ အမြဲတမ်းဦးဆောင်အဖွဲ့ဝင် မလေးရှားနိုင်ငံ၏ အဆင့်မြင့်လုပ်ငန်း အဖွဲ့ခေါင်းဆောင်တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အဆင့်မြင့်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ တီမောလက်စတေနိုင်ငံမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးအတွင်း အဆင့်မြင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များသည် စင်ကာပူနိုင်ငံ၏ အက်စ်ရာဂျရပ်နမ် နိုင်ငံတကာလေ့လာရေးကျောင်း၊ ယူဆော့အီရှပ် သိပ္ပံနှင့် စင်ကာပူနိုင်ငံတကာရေးရာ သိပ္ပံတို့မှ ကိုယ်စားလှယ်များနှင့် မျက်နှာစုံညီ ဆွေးနွေးပွဲတစ်ရပ်ကို ပြုလုပ်ခဲ့ရာ ကိုယ်စားလှယ်များက ၎င်းတို့ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များ၊ အာဆီယံအသိုက်အဝန်း (၂၀၄၅) ရေးဆွဲအကောင်အထည်ဖော်ရာတွင် အကြံပြုချက်များကို တင်ပြကြသည်။ ထို့ပြင် အာဆီယံဒေသတွင်းကြုံတွေ့နေရသော စိန်ခေါ်မှုများနှင့် ယင်းတို့ကို ရင်ဆိုင် ကျော်လွှားနိုင်ရေးအတွက် ရေးဆွဲလျက်ရှိသည့် ဗျူဟာမြောက် အာဆီယံလုပ်ငန်းစဉ်များ ချမှတ် အကောင်အထည်ဖော်နိုင်ရေးတို့အပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

မြန်မာနိုင်ငံ၏ အဆင့်မြင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်၊ ဒုတိယဝန်ကြီးက အာဆီယံ၏ ထူးခြားသော သဘောသဘာဝအရ "အာဆီယံအချက်အချာကျမှု" ကို ပိုမိုကောင်းမွန်စွာကျင့်သုံးနိုင်ရေးအတွက် အာဆီယံအသိုက်အဝန်း၏ ဘဏ္ဍာရေးဆိုင်ရာ အမှီအခိုကင်းမှုကို ပိုမိုကြိုးပမ်းဆောင်ရွက်ရန် အကြံပြုပါကြောင်း၊ အာဆီယံ မျှော်မှန်းချက် ၂၀၄၅ ကို အကောင်အထည်ဖော်ရာတွင် ယနေ့လူငယ်များ၏ ပါဝင်မှုသည် အရေးပါမည်ဖြစ်ပါကြောင်း၊ အာဆီယံ အစည်းအဝေးများတွင် အပြုသဘောဆောင်သော ထိတွေ့ဆက်ဆံမှု၊ ပိုမို ပါဝင်ဆောင်ရွက်နိုင်မှုနှင့် တန်းတူညီမျှ ကိုယ်စားပြုမှုတို့ လိုအပ်ပါကြောင်း စသဖြင့် ဆွေးနွေးပြောကြားသည်။

လာမည့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပရန် စီစဉ်ထားသည့် (၁၉) ကြိမ်မြောက် အစည်းအဝေးတွင် အာဆီယံမဟာဗျူဟာမြောက် လုပ်ငန်းစဉ်များ ဆက်လက်ရေးဆွဲကာ ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် (၄၆) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် အချိန်မီအတည်ပြုနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန်ရှိကြောင်း သိရသည်။

သတင်းစဉ်

တနင်္သာရီမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေး

တနင်္သာရီ နိုဝင်ဘာ ၂၃

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောသစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းပြီး ရာသီဥတုပြောင်းလဲမှု သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက အထက(တနင်္သာရီ) ပညာရတနာခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် တနင်္သာရီမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးကျော်မြင့်ထွန်းက သစ်တောများနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေး၊ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောများနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေး၊ သစ်တောများနှင့် ရေဝေရေလဲဒေသများ ထိန်းသိမ်းခြင်း၊ သစ်ပင်ပျိုးထောင်ခြင်း၊ ပြုစုခြင်း၊ စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းကာကွယ်ခြင်း၊ သစ်တောများမှ ပေးစွမ်းနိုင်သော အကျိုးကျေးဇူးများစသည့် အကြောင်းအရာများကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင် စာပေပညာရှင်ကြီးများ၏ ရင်တွင်းစကားသံများ

တွေ့ဆုံမေးမြန်း
နဒီမင်း၊ လင်းရာမ

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်ကအသိအမှတ်ပြုသောအားဖြင့် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင် စာပေပညာရှင်ကြီးများအား ရွေးချယ်ချီးမြှင့်လိုက်ပြီဖြစ်သည်။ သို့ပါ၍ အဆိုပါ စာပေပညာရှင်ကြီးများနှင့် မေးမြန်းချက်များအား ရေးသားဖော်ပြလိုက်ရပါသည်။

စာပေပညာရှင် ဆရာကြီး ဒေါက်တာ တိုးလှ

တစ်သက်တာစာပေဆုရတော့ အတိုင်းထက်အလွန် ဝမ်းသာတာပေါ့ဗျာ၊ အလုပ်သာလုပ်လာခဲ့တာ တစ်ခါမှ သတိမထားခဲ့မိပါဘူး။ သို့သော်လည်း အခုလိုရတဲ့အခါကျတော့ တော်တော်ကိုပဲဝမ်းသာပါတယ်။ အသက်အရွယ်ကြီးလာတဲ့အခါကျတော့ ဆေးဖိုးဝါးခရသွားတာပေါ့။ စာရေးတာကငယ်ငယ်ကတည်းက ဝါသနာပါတယ်။ တကယ်တမ်းကျ ၁၉၆၇ ခုနှစ်လောက်မှာ စတယ်ပြောရမယ်။ ဟံသာဝတီသတင်းစာမှာ ကျွန်တော်ရေးတာ စပါလာခဲ့တာ။ နောက်တော့ ငွေတာရီတို့၊ မြဝတီတို့၊ သွေးသောက်တို့ စသဖြင့် ရေးတာပေါ့။ ကျွန်တော်ကစာပေက သမိုင်းရယ်၊ စီးပွားရေးရယ်များပါတယ်။ ခရီးတွေသွားပြီးရေးတာတွေလည်းရှိတယ်။ အသေးစိတ်မမှတ်ထားမိပေမယ့်စာတမ်းပေါင်းက ၂၀၀ ကျော်လောက်၊ စာအုပ်ကတော့ ၄၀ ကျော်လောက်ရှိမယ်။ ကျွန်တော့်အကြောင်းကို ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ဌာနက ကျွန်တော်ရေးတဲ့စာတွေကို စုဆောင်းပြီးထုတ်တဲ့ စာအုပ်တော့ရှိတယ်။ အသက်က ၈၆ နှစ်ထဲရောက်နေပြီ။ စာမရေးရ၊ မဖတ်ရရင် မနေနိုင်တော့ မျက်မှန်နဲ့၊ မမြင်ရရင် မှန်ဘီလူးနဲ့ ဖတ်နေတုန်း၊ ရေးနေတုန်းပါ။ နှစ်ပေါင်း ၅၀ လောက် စာပေနယ်ထဲ ကျင်လည်ခဲ့တာ ပြောချင်တာတွေ၊ ရေးချင်တာတွေအများကြီးပဲရှိပါတယ်။ လက်စမသတ်သေးတာတွေလည်း ရှိပါသေးတယ်။ စာကတော့ ရေးနေဦးမှာပါ။

ဒေါက်တာ တိုးလှကို ပခုက္ကူခရိုင် ရေစကြိုမြို့နယ် သပြေပင်ရွာတွင် အဖ ဦးအောင်သူ၊ အမိဒေါ်ပုတို့က ၁၉၃၉ ခုနှစ် နိုဝင်ဘာ ၂၅ ရက် စနေနေ့တွင် မွေးဖွားခဲ့သည်။ ကျောင်းနေအရွယ် ငါးနှစ်သားတွင် သပြေပင်ရွာ ကံစွယ်တိုက် (အနောက်ကျောင်း) ဆရာတော် ဦးရာဇိန္ဒထံတွင် သင်ပုန်းကြီးမှသည် သဒ္ဒါကျမ်းတစ်စိတ်တစ်ပိုင်းထိ ဗုဒ္ဓဘာသာ စာပေပညာကို စတင်သင်ယူခဲ့သည်။ စတုတ္ထတန်းကိုသပြေပင်ရွာ မူလတန်းကျောင်းမှပင် အောင်မြင်ပြီး ၁၉၅၄-၁၉၅၅ တွင် ပခုက္ကူမြို့ အမှတ်(၂) အစိုးရအထက်တန်းကျောင်းသို့ ပြောင်းရွှေ့ပညာသင်ကြားခဲ့ရာ ၁၉၅၉ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည်။ ထိုနှစ်မှာပင် မန္တလေးတက္ကသိုလ်သို့ တက်ရောက်ပညာသင်ယူခဲ့ရာ ၁၉၆၃ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရရှိပြီး မြစ်ကြီးနားကောလိပ် သမိုင်းဌာနတွင် နည်းပြအဖြစ် စတင်အမှုထမ်းခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် မန္တလေးဝိဇ္ဇာသိပ္ပံတက္ကသိုလ်မှ သမိုင်းမဟာဝိဇ္ဇာဘွဲ့ကို (Credit) အထူးအောင်ဖြင့် အောင်မြင်ခဲ့သည်။ ထိုကာလများအတွင်း သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် သမိုင်းစာပေနှင့် ခရီးသွားဆောင်းပါးများ စတင်ရေးသားခဲ့သည်၊ ၁၉၇၂ ခုနှစ်တွင်လက်ထောက်ကထိကရာထူး တိုးမြှင့်ခံရပြီး ၁၉၇၇ ခုနှစ်တွင် ရန်ကုန်ပညာရေးတက္ကသိုလ်သို့ ပြောင်းရွှေ့အမှုထမ်းဆောင်သည်။ ထိုကာလအတွင်း သုတေသနလုပ်ငန်းများနှင့် စာတမ်းများကို များစွာပြုလုပ်ရေးသားနိုင်ခဲ့ပြီး မြန်မာနိုင်ငံ သုတေသနအသင်း ဂျာနယ်၊ တက္ကသိုလ်ပညာပဒေသာ၊ ပညာလောကဂျာနယ်များတွင် ဖော်ပြနိုင်ခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စု ဖူးလ်ဗရိုက်ဖောင်ဒေးရှင်း ပညာတော်သင်ဆု (Fulbright Foundation Scholarship) ရရှိကာ မြောက်ပိုင်းအီလီနွိုက်တက္ကသိုလ်မှ ပါရဂူဘွဲ့ကို ၁၉၈၇ ခုနှစ်တွင် ရရှိခဲ့သည်။ ၁၉၈၈ ခုနှစ်မှစ၍ ရန်ကုန်၊ မန္တလေး၊ မကွေး၊ မုံရွာ ဒီဂရီကောလိပ်နှင့် တက္ကသိုလ်များတွင် ကထိက၊ တွဲဖက်ပါမောက္ခ၊ ပါမောက္ခတာဝန်များကို ထမ်းဆောင်ရင်း သမိုင်းစာအုပ်များ ရေးသားပြုစုခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် တက္ကသိုလ်များ သမိုင်းသုတေသန ဦးစီးဌာနသို့ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် တာဝန်ကိုလည်း တွဲဖက်ထမ်းဆောင်ရသည်။ အငြိမ်းစားယူပြီးနောက်တွင် မြန်မာသမိုင်းအဖွဲ့ဝင်၊ အတွင်းရေးမှူး၊ ဒုတိယဥက္ကဋ္ဌတာဝန်များကို တာဝန်ယူထမ်းဆောင်ခဲ့ရသည်။

စာပေသုတေသနများ ဆောင်ရွက်နိုင်ခဲ့သဖြင့် အမျိုးသားစာပေဆုနှစ်ကြိမ်၊ ထွန်းဖောင်ဒေးရှင်း စာပေဆုနှစ်ကြိမ်၊ ဆရာဝန်တင်ရွှေဆု၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာပေဆုများ ရရှိခဲ့သည်။ အမေရိကန် ပြည်ထောင်စု မြောက်ပိုင်းအီလီနွိုက်တက္ကသိုလ်မှ ၂၀၀၈ ခုနှစ်တွင် Distinguished International Alumnus ဂုဏ်ပြုမှတ်တမ်းလက်မှတ် ချီးမြှင့်ဂုဏ်ပြုခြင်းခံရသည်။ ယခုအခါ ရှေးဟောင်း သမိုင်းသုတေသန လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နေဆဲဖြစ်သည်။

စာပေပညာရှင် ဆရာကြီး ဒေါက်တာကျော်ဝင်း(သမိုင်း)

ကျွန်တော့်အနေနဲ့ ၁၉၇၂ ခုနှစ်မှာ စာပေလောကကို စတင်ရောက်ရှိခဲ့ပါတယ်။ ငွေတာရီ မဂ္ဂဇင်းမှာ သမိုင်းဆောင်းပါး ပါလာပြီးနောက်ပိုင်း သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်တွေမှာ ဆက်ရေးဖြစ်ပါတယ်။ ၂၀၀၆ ခုနှစ်နောက်ပိုင်းမှာ လုံးချင်းစာအုပ်တွေ စတင်ရေးဖြစ်ပါတယ်။ စာရေးဆရာဆိုတာ ပြည်သူတွေကိုအသိပညာ တိုးပွားလာအောင်လုပ်ဆောင်ဖို့လိုပါတယ်။ မိမိရဲ့ ကလောင်စွမ်းနဲ့ တိုင်းပြည်နဲ့လူမျိုး အသိဉာဏ်စွမ်းအား မြင့်မားလာအောင်၊ အတွေးအခေါ်မြင့်မားလာအောင် လုပ်ဆောင်ဖို့တာဝန်ရှိပါတယ်လို့ခံယူပါတယ်။ လူငယ်တွေဟာ နောင်တစ်ချိန်မှာ ခေါင်းဆောင်ဖြစ်လာမယ့်သူတွေဖြစ်လို့ စာများများဖတ်ဖို့လိုပါတယ်။ ခေတ်နဲ့အညီ တိုးတက်အောင်၊ ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်အောင် စာပေဗဟုသုတကြွယ်ဝဖို့ လိုတဲ့အတွက် စာများများ ဖတ်စေချင်ပါတယ်။ တစ်သက်တာစာပေဆု ရတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါတယ်။ စာရေးဆရာတွေအနေနဲ့ အလိုချင်အတောင့်တဆုံးဟာ တစ်သက်တာ စာပေဆုဖြစ်ပါတယ်။ မမျှော်လင့်ဘဲဆုရရှိလို့ များစွာပီတိ ဖြစ်ရပါတယ်။ နိုင်ငံတော်အကြီးအကဲတွေရဲ့ ပံ့ပိုးကူညီမှုနဲ့ မြန်မာ့စာပေလောက ဆက်လက်ရှင်သန် တိုးတက်စေဖို့ဆန္ဒပြုပါတယ်။

ဒေါက်တာကျော်ဝင်း(သမိုင်း)ကို အဖ ဦးဟုတ်ဝမ်၊ အမိ ဒေါ်ကြင်မြိုင်တို့က ၁၉၄၁ ခုနှစ် ဇွန် ၂ ရက်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့၌ မွေးဖွားခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာ(အထွေထွေဂုဏ်ထူး)ဘွဲ့၊ သမိုင်း၊ မဟာဝိဇ္ဇာ(သမိုင်း)ဘွဲ့များကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပြီး ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ကို ရရှိခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် သမိုင်းဌာနတွင် နည်းပြဆရာအဖြစ် စတင်အမှုထမ်းခဲ့သည်။ ထို့နောက် လက်ထောက်ကထိက၊ ကထိက၊ တွဲဖက်ပါမောက္ခအဖြစ်အဆင့်ဆင့်ထမ်းဆောင်ခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ပါမောက္ခ/ဌာနမှူး ဖြစ်လာပြီး ၂၀၀၆ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ ၁၉၇၂ ခုနှစ်မှ ယနေ့ထိ မောင်ကျော်ဝင်း (မဟာဝိဇ္ဇာ)၊ ဒေါက်တာကျော်ဝင်း (ရန်ကုန်တက္ကသိုလ်)၊ သမိုင်းပါမောက္ခ ဒေါက်တာ ကျော်ဝင်း(ငြိမ်း) ကလောင်အမည်ဖြင့် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့တွင် နိုင်ငံရေး၊ ယဉ်ကျေးမှု၊ သမိုင်းဆောင်းပါးများကို ရေးသားခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် နိုင်ငံရေးအတွေးအခေါ် သမိုင်းစာအုပ်ဖြင့် အမျိုးသားစာပေဆု (နိုင်ငံရေးစာပေ)ရရှိခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ညောင်ရမ်းမင်းသား၏နောက်ဆုံးနေ့ရက်များနှင့် အခြားစာတမ်းများစာအုပ်ဖြင့် ထွန်းဖောင်ဒေးရှင်း စာပေဆု (၂၀၁၆) (သုတပဒေသာဘာသာရပ်) ရရှိခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ထောင်ခြင်း စာအုပ်ဖြင့် အမျိုးသားစာပေဆု (နိုင်ငံရေးစာပေ)ရရှိခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် ကံ့ကော်မြေမှ ရာပြည့်တက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်သမိုင်း ၁၉၂၀-၂၀၂၀ စာအုပ်ဖြင့် ထွန်းဖောင်ဒေးရှင်း စာပေဆု(၂၀၁၈) (စာပေပဒေသာဘာသာရပ်)ရရှိခဲ့သည်။

စာပေပညာရှင် ဆရာကြီး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)

ကျွန်တော့်အနေနဲ့ ဆုရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ စာပေဖြတ်သန်းမှုက ၁၉၆၃ ခုနှစ်မှာ ကြို့ပင်ကောက်အောင်လံမှာ မောင်ညိမ်းဝေဆိုတဲ့ ကလောင်အမည်နဲ့ တောခလေ့ကဗျာနဲ့ စာပေလောကကို အခြေချခဲ့တာဖြစ်ပါတယ်။ လူငယ်များရဲ့စာပေအပေါ် စိတ်ဝင်စားမှုရခဲ့ပါတယ်။ စာပေဖြတ်သန်းမှုအရဆိုရင်တော့ အမျိုးသားစာပေတစ်သက်တာဆုကို သတ်မှတ်ထားတဲ့စံရှိပါတယ်။ အဲဒါဘာလဲဆိုတော့ စာရေးတဲ့နှစ်ပေါင်း ၄၀ အသက် ၆၀ ရှိရမယ်။ ကျွန်တော်ကစာရေးသက် ၆၀ ကျော်ပြီးနောက် စာပေတာဝန်ထမ်းဆောင်တာ အသက်ကတော့ ဒီဇင်ဘာ ၂ ရက်ဆိုရင် ၇၇ နှစ်ရှိပါပြီ။ လူငယ်တွေစာဖတ်ဖို့ ဖုန်းကိုပဲကြည့်နေလို့ ဖုန်းထဲကကောင်းမွေဆိုးမွေရှိသလို စာပေဆိုးမွေကောင်းမွေတွေကို ခွဲခြားသိဖို့ စာကောင်း ပေကောင်းတွေကို ဖတ်ဖို့လိုပါတယ်။ ခွန်အားရှိတဲ့ စာတွေဖတ်ပါ။ အကျိုးရှိတဲ့ စာတွေဖတ်ဖို့လိုပါတယ်။ လူငယ်တွေ စာမဖတ်ခြင်းအားဖြင့် အကျိုးယုတ်တယ်။ နိုင်ငံလည်း ဆုတ်ယုတ်တယ်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး လုပ်ခဲ့တဲ့ဦးသန့်က တိုးတက်တဲ့လူတိုင်းက စာဖတ်ကြတယ်၊ စာဖတ်တဲ့လူတိုင်းက တိုးတက်ကြတယ်လို့ အဆိုရှိပါတယ်။

ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)ကို ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ရွှေပန်းတောကျေးရွာ၌ အဖ ဦးတင်ရွှေ၊ အမိ ဒေါ်လှပိုင်းတို့က ၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် မွေးဖွားခဲ့သည်။ ၁၉၆၃ ခုနှစ်က ရုပ်ရှင်အောင်လံ မဂ္ဂဇင်းတွင် မောင်နှင်းဝေဟူသော ကလောင်အမည်ဖြင့် ရေးသားခဲ့သော တောခလေ့ကဗျာဖြင့် စာပေလောကထဲသို့ ဝင်ရောက်ခဲ့သည်။ စာရေးသက်နှစ် ၆၀ ကျော်ရှိသည်။ မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၊ မျိုးငယ်ကျော်၊ ဂမ္ဘီရဆရာငြိမ်း၊ နေသွေးကို၊ သူရိန်ညွန့်တင်၊ မောင်မောင်ထူးခြား၊ ကိုကြီးထူး၊ အယ်ဒီတာတစ်ဦး အပြင် အခြားကလောင်အမည်များဖြင့် စာနယ်ဇင်းမျိုးစုံတွင် ဆောင်းပါး၊ ဝတ္ထု၊ ကဗျာ၊ စာညွှန့်၊ ပြဇာတ်၊ ဘဝကြေးမုံ ဇာတ်လမ်းစုံနှင့် အသံလွှင့်ဇာတ်ညွှန်းများ ရေးသားခဲ့သည်။

လုံးချင်း ၁၅ အုပ် ရေးသားထုတ်ဝေခဲ့သည့်အပြင် မဂ္ဂဇင်းဝတ္ထုရှည် ၇၀ ကျော်၊ ဝတ္ထုတို ၅၀၀ ကျော်၊ ဆောင်းပါးအပုဒ်ရေ ၈၀၀၀ ကျော် ရေးသားခဲ့သည်။ သတင်းများစွာလည်း ရေးသားခဲ့သည်။

၁၉၇၄ ခုနှစ်တွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ကြီးမှူးကျင်းပသော ဆောင်းပါးပြိုင်ပွဲ၌ မော်ကွန်းဝင်ပြီ ကြက်ခြေနီဟူသော ဆောင်းပါးဖြင့် တစ်ပြည်လုံး အကြီးတန်းအဆင့်(ဒုတိယ)ဆု၊(၄၈)နှစ်မြောက် တပ်မတော်နေ့ ဆောင်းပါးပြိုင်ပွဲတွင် (အထူးဆု)၊ ၂၀၂၂ ခုနှစ် မြဝတီမဂ္ဂဇင်းနှစ်ပတ်လည် အကောင်းဆုံးဝတ္ထုရှည်ဆုနှင့် ၁၉၈၆ ခုနှစ် အမျိုးသားစာပေဆု၊ လူငယ်စာပေဆု၊ ရသစာပေဆုကို မြအဖူးတွေ သစ်သစ်ဝေနှင့် လူငယ်ဝတ္ထုတိုများ စာအုပ်ဖြင့် ရရှိခဲ့သည်။ စာပေတာဝန်များအဖြစ် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်တွင် စာပေလုပ်သားအဖွဲ့ အတွင်းရေးမှူး၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တွင် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ သုံးကြိမ် ၁၂ နှစ် တာဝန်များကို ထမ်းဆောင်ခဲ့ပြီး ဗဟိုစာပေနှင့်စာနယ်ဇင်းအဖွဲ့ အမှုဆောင်ကော်မတီဝင်နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း တွဲဖက်အတွင်းရေးမှူး(၁)အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ရန်ကုန်မြို့ အမေနေ့စာပေပြိုင်ပွဲ၊ ဝါမိုးအောင်ဝတ္ထုတိုပြိုင်ပွဲ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းထိန်းသိမ်းရေး ကော်မတီစာပေပြိုင်ပွဲ၊ ကျေးဇူးကြီးလှမိနှင့်ဖ ဝတ္ထုတိုပြိုင်ပွဲ၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေးစာပေပြိုင်ပွဲ၊ ပခုက္ကူဦးအုံးဖေ စာပေဆု၊ ဂျပန်ရှုန်တီနှင့် မြန်မာစာရေးဆရာအသင်း ပူးတွဲကျင်းပသည့် ကလေးစာပေပြိုင်ပွဲနှင့် စာပေဗိမာန်စာမူဆု၊ အမျိုးသားစာပေ ဆုပေးပွဲများတွင် ဆုရွေးချယ်ရေးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

ရွှေသမင်မဂ္ဂဇင်း၊ မှုခင်းရှုထောင့် ရသစုံမဂ္ဂဇင်း၊ မှုခင်းရှုထောင့်ဂျာနယ်၊ မှုခင်းမြင်ကွင်းဂျာနယ်၊ ထူးခြားဂျာနယ်၊ ဂမ္ဘီရမြင်ကွင်းဂျာနယ်၊ ပဲခူးတိုင်းဒေသကြီး သတင်းမြင်ကွင်းဂျာနယ်၊ လွှတ်တော်မှတ်တမ်း၊ မြို့နယ်များနှင့်အဖွဲ့အစည်းများမှ အပ်နှံသော မဂ္ဂဇင်းများတွင် အယ်ဒီတာချုပ်၊ ဒုတိယအယ်ဒီတာချုပ်၊ တာဝန်ခံအယ်ဒီတာ၊ အမှုဆောင်အယ်ဒီတာနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်တာဝန်များကို ဆောင်ရွက်ခဲ့သည်။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၌ ဖွင့်လှစ်ခဲ့သော စာပေဖန်တီးရေးသားမှုနှင့်တည်းဖြတ်မှု အတတ်ပညာ ဘွဲ့လွန်ဒီပလိုမာသင်တန်းတွင် အချိန်ပိုင်းပို့ချခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီအတွင်းရေးမှူးအဖြစ် ၁၀ နှစ်ကျော်နှင့် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအမှုဆောင် ကော်မတီဝင်အဖြစ် လည်းကောင်း၊ မြန်မာနိုင်ငံ တိုင်းရင်းသား လူမျိုးများ၏ အမျိုးသားဝတ်စုံ မှန်သတ်မှတ်ရေး ကော်မတီဝင်အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိသည်။ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု၊ ပခုက္ကူဦးအုံးဖေ စာပေဆုနှင့် ဌာနဆိုင်ရာ အထိမ်းအမှတ် စာပေဆုများအတွက် ဆုရွေးချယ်ရေး အဖွဲ့ဝင်အဖြစ် ဆောင်ရွက်နေဆဲဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်ခိုင်ဝင်း

ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံနှလုံးရောဂါပညာဆိုင်ရာညီလာခံ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၃

ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံနှလုံးရောဂါပညာရပ်ဆိုင်ရာညီလာခံဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ပြည်တွင်း/ပြည်ပမှ နှလုံးရောဂါအထူးကုဆရာဝန်များ၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံနှလုံးရောဂါပညာဆိုင်ရာ ညီလာခံကို "Towards Holistic and Comprehensive Cardiac Care" ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ရာ မြန်မာနိုင်ငံ နှလုံးရောဂါပညာရပ်ဆိုင်ရာ ဆေးပညာရှင်များ၏ လူနာများကို ဗဟိုပြု၍နှလုံးဆေးကုသမှုနှင့် နှလုံးခွဲစိတ်ကုသမှုလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရေး ကြိုးပမ်းဆောင်ရွက်မှုများကို ဂုဏ်ပြုကြောင်း၊ ယခုညီလာခံ၌ မြန်မာနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဗြိတိန်နိုင်ငံနှင့် အမေရိကန်နိုင်ငံများမှ နှလုံးရောဂါဆေးပညာရှင်များ အတွေ့အကြုံ ဗဟုသုတများ အပြန်အလှန်မျှဝေကြမည်ဖြစ်သဖြင့် မြန်မာနိုင်ငံရှိ အထွေထွေရောဂါကုဆရာဝန်များ၊ ဆေးပညာရှင်များ၊ နှလုံးရောဂါအထူးကုဆရာဝန်များအတွက် ဗဟုသုတနှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာများကို လေ့လာခွင့်ရရှိကြမည်ဖြစ်သဖြင့် လူနာဗဟိုပြုဆေးကုသမှုလုပ်ငန်းများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊

မြန်မာနိုင်ငံ နှလုံးရောဂါဆေးပညာရှင်များအနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း နှလုံးခွဲစိတ်မှု ၂၃၇၅ ကြိမ်၊ နှလုံးသွေးကြောချဲ့ကုသမှု ၃၈၀၅ ကြိမ်၊ နှလုံးစက်တပ်ကုသမှု ၁၀၁၄ ကြိမ်၊ နှလုံးလျှပ်စီးလမ်းကြောင်းဖြတ်တောက်ကုသမှု ၁၀၀၅ ကြိမ်တို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နိုင်ငံတော်နှင့် ဝန်ကြီးဌာနအနေဖြင့် နှလုံးရောဂါ ဆေးပညာရပ်ဖွံ့ဖြိုးတိုးတက်စေရေး အဘက်ဘက်မှဆက်လက်ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ/ဌာနမှူး(နှလုံးရောဂါဆေးပညာ) ပါမောက္ခဒေါက်တာနွယ်နွယ်က ညီလာခံကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံနှလုံးရောဂါပညာရပ်ဆိုင်ရာ ညီလာခံပြခန်းကို ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မောင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပညာရပ်ဆိုင်ရာညီလာခံပြခန်းနှင့် ခင်းကျင်းပြသထားသည့် ဆေးဝါးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ညီလာခံပထမနေ့၏ ဒုတိယပိုင်း အစီအစဉ်ကို ကျင်းပရာ ဟောပြောပွဲ ငါးခုပါဝင်ပြီး ပြည်တွင်း/ပြည်ပနှလုံးရောဂါပညာရှင်များက နှလုံးသွေးကြောကျဉ်းရောဂါကာကွယ်ကုသခြင်း၊ နှလုံးညှစ်အားနည်းခြင်းရောဂါ၏ တိုးတက်နေသောကုထုံးများ၊ ဉာဏ်ရည်တု (Artificial Intelligence-AI) နည်းပညာရပ်ကို အသုံးချခြင်း၊ နှလုံးအဆို့ရှင်ရောဂါကုသနည်းများ၊ မွေးရာပါနှလုံးရောဂါကုသနည်းများကို ပြည်ပနိုင်ငံအသီးသီးမှ နှလုံးရောဂါဆေးပညာရှင်များက တင်ပြဆွေးနွေးကြပြီး တက်ရောက်လာသည့် နှလုံးအထူးကုဆရာဝန်များနှင့် အထွေထွေရောဂါကုဆရာဝန်များက သိရှိလိုသည်များကို မေးမြန်း၍ အပြန်အလှန်ဆွေးနွေးကြသည်။

အဆိုပါညီလာခံကို နိုဝင်ဘာ ၂၃ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြည်ပနိုင်ငံအသီးသီးမှ နှလုံးရောဂါဆေးပညာရှင်များက မြန်မာနိုင်ငံမှ နှလုံးရောဂါဆေးပညာရှင်များနှင့်အတူ ဆေးပညာရပ်ဆိုင်ရာဗဟုသုတများဝေခြင်း၊ အတွေ့အကြုံဖလှယ်ခြင်း၊လက်တွေ့ကုသမှုအတွေ့အကြုံများမျှဝေခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ ဆုံဆို့မေးခိုင်ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး ထိုးနှံပေး

ဇမ္ဗူသီရိ နိုဝင်ဘာ ၂၃

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အစိုးရကျောင်း၊ ဘုန်းတော်ကြီး စာသင်ကျောင်း၊ ကိုယ်ပိုင်ကျောင်းများတွင် ပညာသင်ကြားနေသော အသက် ငါးနှစ်မှ ခုနစ်နှစ်မကျော်သော ကျောင်းသား ကျောင်းသူများအား ဆုံဆို့မေးခိုင်ကာကွယ်ဆေး DT ထိုးနှံပေးခြင်းနှင့် အသက် ကိုးနှစ်ပြည့်ပြီး ၁၀ နှစ်မကျော်သော ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး HPV တို့အား ထိုးနှံပေးခြင်းကို နိုဝင်ဘာ ၂၀ ရက်မှစတင်၍ ဆေးထိုးစခန်းများ အလိုက် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုကို နေပြည်တော်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းနိုင်စိုးနှင့် ညွှန်ကြားရေးမှူး ဒေါက်တာအေးအေးမာ၊ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာခင်စန္ဒာဇော်၊ ဇမ္ဗူသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာလင်းပြည့်သိမ်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဟိန်းသူအောင်(ပြန်/ဆက်)**

မင်းလှမြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

မင်းလှ နိုဝင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်ကျန်းမာရေးဦးစီးဌာန ပြည်သူ့ဆေးရုံခန်းမ၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ဆောင်ရွက်ပေးခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့သည်။

ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်လင်းက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကြည့်ရှုအားပေးစကားပြောကြားပြီး မုန့်၊ ရေသန့်ဘူးနှင့် အချိုရည်ဘူးများ ဝေငှပေးခဲ့သည်။

ထို့နောက် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခြင်းကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာလှဝင်းဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးကုသမှုပေးခြင်းနှင့် ဆေးဝါးများ အခမဲ့ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့က ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ငပုတောမြို့၌ သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးနှင့် ဆုံဆို့မေးခိုင်ကာကွယ်ဆေး ထိုးနှံ

ငပုတော နိုဝင်ဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့၌ KG-မှ အသက်ငါးနှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးနှင့် ဆုံဆို့မေးခိုင်ကာကွယ်ဆေးထိုးနှံပေးခြင်းကို နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက မြို့မ(၁)အခြေခံပညာ မူလတန်းကျောင်း၊ အမှတ် (၃) အခြေခံပညာမူလတန်းကျောင်း၊ ရွှေမြကွင်းအခြေခံပညာအလယ်တန်းကျောင်းတို့တွင် ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ထိုသို့ထိုးနှံပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

တောင်တွင်းကြီးမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေး ကွင်းဆင်းဆောင်ရွက်

တောင်တွင်းကြီး နိုဝင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် သစ်တောဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ပူးပေါင်း၍ "မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ" အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ပေလေးဝင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးမြတ်စိုးက မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးစည်သူအောင်က မီးခိုးမြူငွေ့ညစ်ညမ်းမှုအကြောင်းအရာ သိကောင်းစရာများကို အသိပညာပေး ပြောကြားသည်။

မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲသို့ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၀ တက်ရောက်ခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မေးခွန်းများ မေးမြန်းခဲ့ကာ ဖြေဆိုနိုင်သည့် ကျောင်းသား ကျောင်းသူများအား အမှတ်တရလက်ဆောင်များပေးအပ်ခဲ့သည်။ **နောင်နောင် (ဗိသနိုးမြေ)**

နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်

နေပြည်တော် နိုဝင်ဘာ ၂၃

မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေးနှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနားသို့ ပါဝင်တက်ရောက်ကြသော သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများက ဦးဆောင်၍ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၇၀ တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြသည်ဟု လေ့လာကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရေးအတွက် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေ၊ အင်ဂျင်နီယာပိုင်းဆိုင်ရာလုပ်ငန်းအဆင့်ဆင့်တို့နှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ကျောင်းသားကျောင်းသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဂန္ဓကုဋိတိုက်များ၊ ကျောက်စာရုံစေတီတော်များ၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီးနှင့် အခြားသာသနိက အဆောက်အအုံများကို လေ့လာကြည်ညိုကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများသည် အမျိုးသားပြတိုက်(နေပြည်တော်)နှင့် လေ့ခွင်းတောင်သို့ သွားရောက်လေ့လာ လည်ပတ် အပန်းဖြေကြသည်။

မွန်းလွဲပိုင်းတွင် Naypyitaw State Polytechnic University ရှိ ဘောလုံးကွင်းဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် မျိုးဆက်သစ်အင်ယာအသင်းနှင့် မျိုးဆက်ဟောင်းအင်ယာအသင်းတို့ ချစ်ကြည်ရေးဘောလုံးပွဲ ယှဉ်ပြိုင်ကစားကြရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများက ကြည့်ရှုအားပေးကြသည်။

ညနေပိုင်းတွင် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးဉာဏ်ထွန်း၊ ဦးကိုကိုလွင်၊ ဒေါက်တာမျိုးသိန်းကျော်၊ ဦးမျိုးသန့်နှင့် Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် တာဝန်ရှိသူများ၊ မျိုးဆက်ဟောင်းမှ အင်ယာနီယာ ပညာရှင်များ/ကွန်ပျူတာပညာရှင်များ၊ အသင်းအဖွဲ့များ၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

သတင်းစဉ်

မှော်ဘီမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ပေါက်ကုန်းကျေးရွာအုပ်စု ကျီးပင်စိပ်ကျေးရွာရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၈၃ ဦးကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုး/အကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက် မစိုးရိမ်တိုက်ဟောင်းရှိ သံဃာတော် ၁၆၄ ပါးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များကို နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ ကျင်းပ

မော်လမြိုင် နိုဝင်ဘာ ၂၃

၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာ မူလတန်းနှင့် အလယ်တန်း ကျောင်းသား ကျောင်းသူများ(ပြည်နယ်အဆင့်) အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲကို ယမန်နေ့နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း ယင်းမာခန်းမ၌ ကျင်းပရာ ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲဝင်ပဉ္စမတန်း ကျောင်းသား ကျောင်းသူများ၏ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည် ဝင်ရောက်ယှဉ်ပြိုင်နေမှုအား ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၊ မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

သဲကုန်းမြို့နယ်၌ အဓိကသီးနှံများ အထွက်နှုန်းပြည့်မီကျော်လွန်ရေး နည်းပညာဆွေးနွေး

သဲကုန်း နိုဝင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်တွင် အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်ရေး၊ စံပြကွက်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး နည်းပညာဆွေးနွေးပွဲကို နိုဝင်ဘာလ တတိယပတ်က သဲကုန်းမြို့နယ် အင်းမ တောင်သူပညာပေးစခန်း၌ ကျင်းပသည်။

ဦးစွာ နတ်တလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်မြင့်ထွေးက ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဒုတိယတိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်လှကြိုင်က နှမ်းသီးနှံ ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်စွာရရှိနိုင်ရေး ဆောင်ရွက်ရမည့်နည်းပညာများ၊ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ရုံးမှ တာဝန်ရှိသူများက မြေ/မျိုး/ပိုးနှင့်ပတ်သက်၍ အဓိကသီးနှံများ ပန်းတိုင်အထွက်ရရှိရန် လိုက်နာဆောင်ရွက်ရမည့် နည်းပညာများ၊ မျိုးကောင်းမျိုးသန့်သုံးစွဲရေးနှင့် တောင်သူများက တစ်ပိုင်တစ်နိုင် မျိုးထိန်းသိမ်းရေး နည်းပညာများ၊ မြေဆီလွှာနှင့် သီးနှံ အာဟာရဆိုင်ရာ နည်းပညာများနှင့် သဲကုန်းမြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းက မြို့နယ်အတွင်း ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ စုပေါင်းသန့်ရှင်းရေးပြုလုပ်

ပဲခူး နိုဝင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ အပတ်စဉ် စနေနေ့တိုင်း မြို့/ရွာသန့်ရှင်းသာယာ လှပစေရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မြို့နယ် ၂၈ မြို့နယ်၌ တစ်ပြိုင်တည်း ပြုလုပ်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်တာဝန်ရှိသူများသည် ပဲခူးမြို့ အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်းနှင့် ရှေးဟောင်းသမိုင်းဝင်ဆုတောင်းပြည့် မေတ္တေယျအာနန္ဒာဘုရားကြီး၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ တိုင်းဒေသကြီးအတွင်း မြို့နယ်၂၈ မြို့နယ်ရှိ ကားလမ်းဝဲ/ယာ၊ မီးရထားလမ်းဝဲ/ယာ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဘာသာရေးအဆောက်အအုံများ၊ ဌာနဆိုင်ရာရုံးများ၊ ရပ်ကွက်အတွင်းလမ်းဝဲ/ယာ၊ အများနှင့်သက်ဆိုင်သော ပန်းခြံများနှင့် သောက်သုံးရေကန်တို့တွင် တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ကျောင်းသားကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၃

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အပါအဝင် မြို့နယ်လေးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့အပါအဝင် မြို့နယ်ခြောက်မြို့နယ်တို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ပါအဝင် မြို့နယ် ၁၄ မြို့နယ်တို့၌ လည်းကောင်း အခြေခံပညာ ကျောင်းများနှင့် တက္ကသိုလ်များ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံ တပ်မတော်သားများက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ စုပေါင်း ဆောင်ရွက်ပေးကြသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် အလယ်ပိုင်းရပ်ကွက်ရှိ ပြည်သူ့ဆေးရုံ၌ နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ ဆေးရုံဝင်း အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ထားဝယ်မြို့၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြော

ထားဝယ် နိုဝင်ဘာ ၂၃

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်သစ်တောဦးစီးဌာနနှင့် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်း၍ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၀ ရက်က အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ထားဝယ်မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရဲဝင်းအောင်က မီးခိုးမြူငွေ့ဖြစ်ပေါ်လာသည့်အချက်များ၊ မီးခိုးမြူငွေ့အမျိုးအစားများ၊ မီးခိုးမြူငွေ့၏ဆိုးကျိုးများ၊ ကာကွယ်သည့်နည်းလမ်းများ၊ မြန်မာနိုင်ငံရှိ ဒီရေတော ပေါက်ရောက်ရာဒေသများ၊ ဒီရေတောများ၏ အသုံးဝင်ပုံနှင့် အကျိုးကျေးဇူးများအကြောင်းကိုလည်းကောင်း၊ တောအုပ်ကြီး ဦးခင်မောင်ဆန်းက ရာသီဥတုပြောင်းလဲခြင်းကို လျှော့ချရမည့်နည်းလမ်းများ၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာမှု၊ သဘာဝဘေးအန္တရာယ်များကို လျှော့ချရမည့်နည်းလမ်းများနှင့် သစ်ပင်စိုက်ပျိုးခြင်းအကျိုးကျေးဇူးများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ငွေဇင်ယော်(ထားဝယ်)**

အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် နိုဝင်ဘာ ၂၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှားငံ နှင့်ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဆဋ္ဌမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၂၆.၁၁.၂၀၂၄ ရက်မှ ၃.၁.၂၀၂၅ ရက်ထိဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနက ကြေညာထားသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘူတာအနီး၊တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေးကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့ ၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှားငံ)**
  အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ၊ ရှားငံမြို့ ၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ ၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

သတင်းစဉ်

ယခုနှစ်အတွင်း ပဋိပက္ခဇုန်များတွင် သေဆုံးခဲ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး လုပ်သားအရေအတွက် ၂၈၁ ဦးအထိ စံချိန်တင်

ကုလသမဂ္ဂ နိုဝင်ဘာ ၂၃

ယခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းရှိ ပဋိပက္ခဇုန်များတွင် သေဆုံးခဲ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး လုပ်သားအရေအတွက်မှာ ၂၈၁ ဦးအထိ စံချိန်တင် အမြင့်ဆုံးဖြစ်ကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုရေးရာ ညှိနှိုင်းရေးရုံး (OCHA) က အဆိုပါ အရေအတွက်ကို နိုဝင်ဘာ ၂၂ ရက်တွင်ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြခဲ့ခြင်းဖြစ်သည်။

အကူအညီပေးရေး လုပ်သားများ သေဆုံးမှုမှာ ယမန်နှစ်အတွင်း သေဆုံးခဲ့သည့် အရေအတွက်ကို ကျော်လွန်ခဲ့ပြီး ယင်းသို့ အရေအတွက်တိုးလာခြင်းမှာ ဂါဇာကမ်းမြောင်ဒေသ၌ တိုက်ပွဲများကြောင့်ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ပါလက်စတိုင်းနယ်မြေအတွင်း သိမ်းပိုက်ခံထားရသော ပါလက်စတိုင်းနယ်မြေ၌ အကူအညီပေးရေး လုပ်သား ၁၇၈ ဦးသေဆုံးကာ ဆူဒန်နိုင်ငံ၌ ၂၅ ဦးနှင့် ယူကရိန်းနှင့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတို့၌ ၁၁ ဦးစီပါဝင်ကြောင်း သိရသည်။

ထို့ပြင် ဒဏ်ရာရရှိသည့် ကယ်ဆယ်ရေးလုပ်သား ၁၆၅ ဦးနှင့် ပြန်ပေးဆွဲခံရသူ ၇၉ ဦးမှာ ယီမင်နိုင်ငံ၌ အမြင့်ဆုံးဖြစ်ပြီး အရေအတွက်မှာ ၂၀ ဖြစ်သည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အလုပ်သမားများသည် စစ်ပွဲများအကြား အသက်ဆုံးရှုံးနေရပြီး ၎င်းတို့၏ ရဲစွမ်းသတ္တိနှင့် လူသားဆန်မှုတို့သည် ကျည်ဆန်များ၊ ဗုံးများဖြင့် ရင်ဆိုင်နေရကြောင်း လူသားချင်းစာနာထောက်ထားမှုရေးရာနှင့် အရေးပေါ်ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူး အကြီးအကဲ တွမ်ဖလက်ချာက ပြောသည်။

ပဋိပက္ခများတွင် ပါဝင်သူများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကာအကွယ်ပေးရေးနှင့် နိုင်ငံတကာဥပဒေကို လိုက်နာရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

အမေရိကန်နိုင်ငံက ရွှေ့ပြောင်းနေထိုင်သူများအား ပြည်နှင်ဒဏ်ပေးပါက မက္ကဆီကိုနိုင်ငံက လက်ခံရန်အသင့်ရှိ

မက္ကဆီကိုစီးတီး နိုဝင်ဘာ ၂၃

အမေရိကန်သမ္မတသစ်အဖြစ် ထရမ့်စတင်တာဝန်ထမ်းဆောင်သည့်ကာလတွင် ရွှေ့ပြောင်းနေထိုင်သူများကို အစုလိုက်အပြုံလိုက် ပြည်နှင်ဒဏ်ပေးမည်ဆိုပါက ၎င်းတို့အား မက္ကဆီကိုနိုင်ငံက လက်ခံမည်ဖြစ်ကြောင်း မက္ကဆီကိုသမ္မတ ကလော်ဒီယာရှင်ဗန်းက နိုဝင်ဘာ ၂၁ ရက်တွင် ပြောကြားသည်။

ပြည်နှင်ဒဏ်ခံရမှုများ ကြုံလာနိုင်သည့် ရွှေ့ပြောင်းနေထိုင်သူများကို လက်ခံမည်ဟု ၎င်းက သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များအား ထပ်လောင်း ပြောကြားခဲ့သည်။

ရွှေ့ပြောင်းနေထိုင်သူများကို ရာဇဝတ်ကောင်များကဲ့သို့ ဆက်ဆံခြင်းကို မနှစ်သက်ကြောင်းနှင့် ၎င်းတို့၏ အခြေခံရပိုင်ခွင့်များကို ကာကွယ်ရန် တရားမျှတမှုဆိုင်ရာ အဖွဲ့အစည်းများ ရှိနေကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။

လာမည့်ရက်များ အတွင်း လူဝင်မှုကြီးကြပ်ရေး၊ လုံခြုံရေး၊ ကုန်သွယ်မှုနှင့် မက္ကဆီကို၊ အမေရိကန်နှင့် ကနေဒါတို့ကြား လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်ဆိုင်ရာ ကိစ္စအပါအဝင် ထရမ့်၏အစိုးရအဖွဲ့နှင့် ကိုင်တွယ်ဆောင်ရွက်ရမည့် နှစ်နိုင်ငံပြဿနာများကို ပြန်လည်သုံးသပ်ရန် အစိုးရအဖွဲ့အစည်းအဝေးတစ်ရပ်ကျင်းပမည်ဖြစ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုမည့် ထရမ့်သည် အမေရိကန်-မက္ကဆီကို နယ်စပ်ကိုဖြတ်၍ အမေရိကန်နိုင်ငံသို့ အထောက်အထားမဲ့ရွှေ့ပြောင်းဝင်ရောက်မှုကိုရပ်တန့်ရန် တင်းတင်းကျပ်ကျပ် ဆောင်ရွက်မည်ဟု ခြိမ်းခြောက်ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

သမ္မတဟောင်း ဘော်ဆိုနာရိုနှင့် ၎င်း၏မဟာမိတ်များက လက်ရှိအစိုးရကို ဖြုတ်ချရန် ကြိုးပမ်းခဲ့ကြောင်း ဘရာဇီးဖက်ဒရယ်ရဲတပ်ဖွဲ့က စွပ်စွဲထား

ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၂၃

ဘရာဇီးနိုင်ငံ၌ ၂၀၂၂ ခုနှစ် သမ္မတရွေးကောက်ပွဲပြီးနောက် သမ္မတဟောင်း ဘော်ဆိုနာရိုနှင့် ၎င်း၏ မဟာမိတ်များက အစိုးရကိုဖြုတ်ချရန် ကြိုးပမ်းခဲ့ကြောင်း ဘရာဇီးဖက်ဒရယ်ရဲတပ်ဖွဲ့က တရားဝင်စွပ်စွဲထားကြောင်း သိရသည်။

ရွေးကောက်ပွဲနှင့်ပတ်သက်သော ကိစ္စရပ်များကို စုံစမ်းစစ်ဆေးရန်အတွက် သမ္မတဟောင်း ဘော်ဆိုနာရိုနှင့် ၎င်း၏ အပေါင်းအပါ ၃၆ ဦးသည် အမည်စာရင်းတင်သွင်းခြင်းခံခဲ့ရသည်။

လက်ရှိသမ္မတ လူလာဒါဆေးဗားကို ရှုံးနိမ့်ပြီးနောက် ဘော်ဆိုနာရိုသည် အာဏာဆက်လက်ထိန်းသိမ်းရန် သူ၏အပေါင်းအပါများနှင့်အတူ ပူးပေါင်းကြံစည်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ဘော်ဆိုနာရို၏ထောက်ခံသူများဦးဆောင်သော အဓိကရုဏ်းများသည် သမ္မတ လူလာဒါဆေးဗား ရာထူးတာဝန်များ စတင်ထမ်းရွက်ပြီး တစ်ပတ်အကြာ ဇန်နဝါရီ ၈ ရက်တွင် ဘရာဇီးလီးယားမြို့တော်၌ စတင်ဖြစ်ပွားခဲ့သည်။

အဆိုပါစွပ်စွဲမှုအပေါ် ရင်ဆိုင်ဖြေရှင်းသွားမည်ဖြစ်ကြောင်း ဘော်ဆိုနာရိုက လူမှုမီဒီယာတွင် ပြောကြားခဲ့သည်။

ဘော်ဆိုနာရိုကို တရားဝင်စွဲချက်တင်ပြီး ရုံးတင်စစ်ဆေးမည်လားဆိုသည့်အပေါ် ဘရာဇီးအစိုးရရှေ့နေချုပ်က မကြာမီ ဆုံးဖြတ်ချက်ချမှတ်မည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းသေဆုံးသူ ၄၄၀၀၀ ကျော်ရှိ

ဂါဇာစီးတီး နိုဝင်ဘာ ၂၃

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းသေဆုံးသူ ၄၄၀၀၀ ကျော်ရှိကြောင်း ဂါဇာအခြေစိုက်ကျန်းမာရေး အာဏာပိုင်များက ယမန်နေ့တွင် ပြောကြားသည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း အစ္စရေးတပ်ဖွဲ့ဝင်များ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ၇၁ ဦး သေဆုံးပြီး ၁၇၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အပျက်အစီးများအောက်တွင် ပိတ်မိနေသူအများအပြား ကျန်ရှိနေပြီး အခင်းဖြစ်ပွားရာနေရာသို့ လူနာတင်ယာဉ်နှင့် အရပ်ဘက် ကာကွယ်ရေးအဖွဲ့များ ရောက်ရှိရန် ကြန့်ကြာလျက်ရှိကြောင်း သိရသည်။

ဂါဇာကမ်းမြောင်ဒေသ၌ ပြည်သူ ၈၀ ရာခိုင်နှုန်းသည် ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် နေရပ်စွန့်ခွာထွက်ပြေးလျက်ရှိကြောင်း ကုလသမဂ္ဂ အရှေ့ဖျားရှိ ပါလက်စတိုင်းဒုက္ခသည်များအတွက် ကယ်ဆယ်ရေးနှင့်လုပ်ငန်းအဖွဲ့ အေဂျင်စီ၏ မဟာမင်းကြီး ဖီလစ်ပီ လာဇာရီနီက ဆိုရှယ်မီဒီယာပလက်ဖောင်း အိတ်စ်တွင် ရေးသားခဲ့ကြောင်း သိရသည်။

ထို့ပြင် ဂါဇာကမ်းမြောင်မြောက်ပိုင်းရှိ ပြည်သူများသည် ဆိုးရွားလှသည့် အသိုင်းအဝိုင်းတွင် နေထိုင်ကြရပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို မရရှိသည်မှာ ရက်ပေါင်း ၄၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း ဖီလစ်ပီလာဇာရီနီက ပြောကြားသည်။

ပါလက်စတိုင်း-အစ္စရေး ပဋိပက္ခစတင်ဖြစ်ပွားသည့် ၂၀၂၃ ခုနှစ် အောက်တိုဘာလအစောပိုင်းမှစပြီး လက်ရှိအချိန်အထိ သေဆုံးသူပေါင်း ၄၄၀၅၆ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူပေါင်း ၁၀၄၂၆၈ ဦးရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

ကမ္ဘောဒီးယားနိုင်ငံက ၂၀၃၀ ပြည့်နှစ်တွင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍကို ၇၀ ရာခိုင်နှုန်းအထိ တိုးမြှင့်အသုံးပြုရန် ရည်မှန်း

ဖနောင်ပင် နိုဝင်ဘာ ၂၃

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍကို ၇၀ ရာခိုင်နှုန်းအထိ တိုးမြှင့်အသုံးပြုရန် ရည်မှန်းထားကြောင်း သတ္တုတွင်းနှင့် စွမ်းအင်ဝန်ကြီး ကီရိုရတ်တာနက်ခ်က ပြောကြားသည်။

လက်ရှိတွင် နိုင်ငံအတွင်း၌ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှုပမာဏ ၆၂ ရာခိုင်နှုန်းကျော်ရှိကြောင်း သိရသည်။

စုစုပေါင်း ၁၂၇၅ မဂ္ဂါဝပ်ကို ထုတ်ပေးမည်ဖြစ်သည့် ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းသစ် ၁၃ ခုတွင် ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သတ္တုတွင်းနှင့် စွမ်းအင်ဝန်ကြီးဌာန၏ နှစ်ပတ်လည်ညီလာခံတွင် သတ္တုတွင်းနှင့် စွမ်းအင်ဝန်ကြီး ကီရိုရတ်တာနက်ခ်က ပြောကြားခဲ့သည်။

ထို့ပြင် စုစုပေါင်း မဂ္ဂါဝပ် ၅၉၅၀ ရှိသည့် နောက်ထပ် ဓာတ်အားထုတ်လုပ်ရေးစီမံကိန်း ၂၃ ခုကို ၂၀၂၅-၂၀၂၉ ခုနှစ်တွင် သန့်ရှင်းသော စွမ်းအင်ခွဲဝေရရှိရန် လျာထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အရှေ့တောင်အာရှနိုင်ငံများတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၏ အဓိကအရင်းအမြစ်များမှာ ရေအားလျှပ်စစ်၊ နေစွမ်းအင်နှင့် ဇီဝလောင်စာစွမ်းအင်တို့ဖြစ်သည်။ တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၌ ရေအားလျှပ်စစ်စီမံကိန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ထိပ်တန်းရင်းနှီးမြှုပ်နှံသည့်နိုင်ငံဖြစ်ကြောင်း သတ္တုတွင်းနှင့် စွမ်းအင်ဝန်ကြီးဌာနက ပြောသည်။

လက်ရှိတွင် ကမ္ဘောဒီးယားနိုင်ငံ၏ ကျေးရွာစုစုပေါင်း ၉၉ ဒသမ ၁၅ ရာခိုင်နှုန်းသည် လျှပ်စစ်မီးရရှိထားပြီး နိုင်ငံ၏ အိမ်ခြေ ၉၅ ဒသမ ၂၄ ရာခိုင်နှုန်းသို့မဟုတ် ၃ ဒသမ ၆၆ သန်း အိမ်ထောင်စုသည် နိုင်ငံတော်ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ထားပြီးဖြစ်ကြောင်း သတ္တုတွင်းနှင့် စွမ်းအင်ဝန်ကြီး ကီရိုရတ်တာနက်ခ်က ပြောကြားသည်။

မကြာမီကာလအတွင်း ကမ္ဘောဒီးယားရှိ ကျေးရွာများသည် ရာနှုန်းပြည့် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်

တရားမဝင် သစ်မျိုးစုံ၊ သတ္တုများ၊ လူသုံးကုန်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၂၃

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၂၅ လုံးအတွင်းမှ ပို့ကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာ ပါရှိလာသည့် ခနောက်စိမ်းဟုယူဆရသော သတ္တု ၅၉၃၅၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၆၂၆၈၇၈၅၀) ကိုလည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်(သွင်းကုန်)၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စိန်ဟုယူဆရသော အဖြူရောင်ကျောက်တစ်မျိုးနှင့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၁၆၃၈၆၀)ကိုလည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၃၈၆၈၅၁၇၁၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၂၁ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင်၊ လပွတ္တာခရိုင်နှင့် ဖျာပုံခရိုင်တို့အတွင်း၌ တရားမဝင်အခြားသစ် ၁၂၄ ဒသမ ၄၄၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၇၄၉၄၆)ကို သစ်တောဥပဒေအရ လည်းကောင်း၊ ပုသိမ်ခရိုင်၊ ဖျာပုံခရိုင်၊ မြောင်းမြခရိုင်၊ မအူပင်ခရိုင်နှင့် ဟင်္သာတခရိုင်တို့ အတွင်း၌ လိုင်စင်မဲ့ယာဉ် တစ်စီးနှင့် ဆိုင်ကယ် ၁၀ စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၄၆၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၅၁၄၇၄၉၄၆)ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

နိုဝင်ဘာ ၂၂ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့နယ် အေးရိပ်ငြိမ်ရပ်ကွက် ရေခဲစက်လမ်းထိပ်ရှိ ဒေသငါးဖမ်းလှေဆိပ်တွင် စုပုံထားသည့် အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်းလေးမျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၆၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်္ဂလာဒုံမြို့နယ် ပေါင်းကူးဥဩကျေးရွာရှိ သိုလှောင်ရုံတစ်ခုအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၄၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးစခန်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၂၅၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ စစ်ကိုင်း-မန္တလေးလမ်း မြစ်ငယ်တိုးဂိတ်အနီး၌ ယာဉ်ခုနစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၆၁၃၈၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Tractor Head နှစ်စီး၊ Dong Feng Tractor Head နှစ်စီး၊ Howo Tractor Head တစ်စီး၊ Nissan Tractor Head တစ်စီး၊ Chen Long Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် ခုနစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၇၀၀၀၀၀၀) ကိုလည်းကောင်း၊ မြစ်ငယ် Dry Port ၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ် ၁၈ ဒသမ ၉၅၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၁၃၃၄၀၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် KIA Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို လည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၁၇၂၆၄၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောင်ပန်းမြို့ လွယ်မွန်းကျေးရွာအနီး၌ ရပ်တန့်ထားသော ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း ၁၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၉၄၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်ထားသည့် Hino Profia Truck နှစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀) (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၉၄၄၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၂၀ ရက်၊ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၄၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၇၁၉၇၀၅၆) ကို သိမ်းဆည်းရမိခဲ့သည်။ ယနေ့ သိမ်းဆည်းရမိမှုများတွင် နိုင်ငံတော်က အရေးကြီးကုန်စည်အဖြစ် သတ်မှတ်ထားသော ခနောက်စိမ်းသတ္တုများ သိမ်းဆည်းရမိခဲ့သည့်အပြင် တရားမဝင်တင်သွင်းမှုများကြောင့်လည်း နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အခများ အပြည့်အဝမရရှိဘဲ ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်သွယ်မှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် မီးသတ်ဦးစီးမှူးရုံး၌ ခရိုင်အဆင့် အဆင့်မြင့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီက ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်မီးသတ်ဦးစီးမှူးရုံး အစည်းအဝေး ခန်းမ၌ ကျင်းပရာ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုကြီး က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားစဉ်။

မြို့နယ်(မီးသတ်)

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၁၁-၂၀၂၄ တနင်္ဂနွေနေ့

MRTV HD

၀၆:၀၀	မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မင်္ဂလသုတ်)
၀၇:၀၀	နံနက်ခင်းသတင်း
၀၈:၄၀	ကာတွန်းအစီအစဉ် "တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း" (အပိုင်း-၁၇)
၀၉:၁၀	မြစ်ကျဉ်းသုံးသွယ် အသွင်သစ်(ရှခင်း) (အပိုင်း-၅)
၁၀:၀၀	သတင်းသမားပြောတဲ့ သတင်းစကား
၁၀:၃၀	"အမျိုးသားအောင်ပွဲနေ့" ဝဏ်ပြတေးဂီတ ဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
၁၁:၄၀	အသိပညာနှင့်အမှန်တရား
၁၂:၃၀	This Week's Special Interest
၁၃:၃၀	MRTV National News
၁၄:၀၀	မြန်မာ့ဂန္ထဝင်ရုပ်ရှင် "တူတို့ဃ" (ဖောင်ဖောင်အေး၊ ခင်ခင်ရီ)
၁၆:၄၅	မြန်မာနိုင်ငံစီးပွားရေးပညာနှစ်၁၀၀ (ရာပြည့်)အထိမ်းအမှတ် ဆရာမကြီး ဒေါက်တာရီရီမြင့်နှင့်တွေ့ဆုံမေးမြန်းခြင်း
၁၇:၀၀	မြန်မာနိုင်ငံစီးပွားရေးပညာနှစ်၁၀၀ (ရာပြည့်)အထိမ်းအမှတ် ဆရာကြီး ဒေါက်တာသက်လွင်နှင့်တွေ့ဆုံမေးမြန်းခြင်း
၁၇:၂၀	ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၁၇:၃၀	အမျိုးသားအောင်ပွဲနေ့ ဝဏ်ပြတေး
၁၇:၄၀	ပုသိမ်မြို့မှ အထင်ကရကမ်းခြေများ
၁၈:၃၀	မြစ်ကျဉ်းသုံးသွယ် အသွင်သစ်(မြို့) (အပိုင်း-၆)
၁၉:၁၅	နိုင်ငံခြားဇာတ်လမ်းတွဲ "ဆုတောင်းပြည့်ကြယ်တာရာစတာလာ" (အပိုင်း-၁၇)
၂၀:၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၁၀	ဘဝနှင့်အနုပညာ "လက်တွေ့ဘဝထဲက တစ်ခါကဘိမ်ပက်များ" "ဒါရိုက်တာအကယ်ဒမီဩရသ" (အပိုင်း-၂)
၂၁:၄၀	ဆေးရောင်စုံရုပ်ရှင် "ပင်လယ်ထက်ကနေဝန်းနီ" (လူမင်း၊ ဝေဠုကျော်၊ ကျော်ကျော်၊ ဟန်လေး)

mitv

07:01	Evergreen Classic: Lat Yay Ta Pyin Htal (Yin Wai Yan Tun)
07:11	Tour Around in Myeik Archipelago(Epi-3) Taung Pan Gyi and Lay Islands
07:26	Skilled Performance of Traditional Myanmar Colored Glass Ball
07:36	Daytamotbarat Sasana Land
08:01	News
08:27	The Entomologist
08:55	K- Pop Live Show (Touch me) Boy Group
09:01	Yay Pyan Taung Waterfall
09:24	Traditional Myanmar Theatrical Performance (Hla Pa Siyi Aka Panchi Yein Dance)
09:33	Today Myanmar
09:46	Weaving Craft for a living
10:01	News
10:28	Topics Potpourri; A Haven forThe World's Smallest Bird

MRTV NRC

ဝ (၀၆:၀၀ မှ ၀၈:၀၀)
မြန်မာ့မြေမှ စိုက်ပျိုးစီးပွားလုပ်ငန်းဘဝများ (ကြံစိုက်ပျိုးရေးနှင့်ပဲသီးတင်ပို့ရောင်းချမှု)

ကချင် (၀၈:၀၀ မှ ၁၀:၀၀)
ဒေသထွက်ကုန်ပြခန်း

ကယား (၁၀:၀၀ မှ ၁၂:၀၀)
ခံတွင်းမြိန်စေမဲ့ကယားရိုးရာအစားအစာ

ကကေုကရင် (၁၂:၀၀ မှ ၁၃:၀၀)
ဂျူးဂျူးအယ်တေးလက်ဆောင်

အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)
သဘာဝရဲ့အလှတရားများနဲ့ကျောက်ပုထိုးစေတီတော်

အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)
ဖိုင်းပြူရွာလေးမှ ရေလုပ်သားကြီးရဲ့ဘဝ

ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)
နှလုံးကျန်းမာရေးအကြောင်း သိကောင်းစရာ

ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀)
ဆောင်းရာသီရဲ့သဘာဝပန်းအလှများ

မွန် (၁၇:၀၀ မှ ၁၉:၀၀)
ကြက်သွန်ဖြူစားခြင်း၏ ကျန်းမာရေးအကျိုးကျေးဇူး

ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)
ပင်လယ်ပျော်တို့နားခိုရာဆီ

ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)
ငါးပေါင်းအစားအစာ

MRTV NEWS

၀၆:၀၀	အဖွင့်၊ တေးသီချင်း
၀၆:၄၀	အားကစားသတင်း
၀၈:၃၀	နိုင်ငံတကာသတင်း(LIVE)
၁၁:၀၀	ပြည်တွင်းသတင်း(LIVE)
၁၂:၃၀	နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀	MRTV National News
၁၄:၁၅	News Desk
၁၆:၀၀	သတင်းမှန်ကဏ္ဍ(LIVE)
၁၇:၃၀	နိုင်ငံတကာသတင်း(LIVE)
၁၉:၄၅	ကမ္ဘာတစ်လွှား အနုပညာသတင်းများ
၂၀:၀၀	ပြည်တွင်းသတင်း (LIVE)
၂၀:၄၅	ဓူးစမ်းရှာဖွေရှုပေဟင်းအဖွဲ

MRTV PARLIAMENT

၀၉:၀၀	အဖွင့်၊ အလံ
၀၉:၁၅	ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ "ထိုင်းနိုင်ငံ"
၀၉:၃၀	ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "အရိပ်တကြည့်ကြည့်"
၁၀:၀၀	ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ "ဗီယက်နမ်နိုင်ငံ"
၁၁:၀၀	နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း "ဂျပန်နိုင်ငံ"
၁၁:၃၀	ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၆၁)

MRTV FARMERS' Channel

၀၆:၀၀	အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၅	သုတာပဒေသာ စိုက်ပျိုးနည်းပညာ
၀၇:၀၀	တောင်သူလယ်သမားရေးရာသတင်း
၁၈:၂၀	Rose Tour
၁၉:၁၀	Seven Success Stories From Northeastern Thailand
၁၉:၄၅	International Music Hit
၂၀:၀၀	ချွန်စက်(ဇာတ်လမ်း)
၂၂:၀၀	A Christmas Journey

MRTV SPORTS

၀၆:၀၀	အဖွင့်
၀၆:၂၀	လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၀	Weekly Sports Info
၀၇:၄၅	Weekend News
၁၁:၀၀	အားကစားသတင်း
၁၅:၁၅	မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Shan United FC Vs Yadanarbon FC)

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ပုသိမ်မြို့ ကိုးသိန်းအားကစားခန်းမ၌ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်နေမှု ကြည့်ရှုစစ်ဆေး

ပုသိမ် နိုဝင်ဘာ ၂၃

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တိုင်းဒေသကြီးအဆင့် Grade-5 မှ Grade-9 အထိ ကျောင်းသား ကျောင်းသူများ၏ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမနှင့် ယင်းမာဆောင်၊ သဇင်ဆောင်တို့၌ ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ယင်းမာဆောင်နှင့် သဇင်ဆောင်တို့တွင် Grade-5 မှ Grade-9 အထိ ကျောင်းသား ကျောင်းသူများ၏ သင်္ချာစွမ်းရည်ပြိုင်ပွဲ ဝင်ရောက်ဖြေဆိုမှုများကို ကြည့်ရှုအားပေးသည်။

ရွေးချယ်ယှဉ်ပြိုင်

ဆက်လက်၍ ရတနာတန်ဆောင်ခန်းမတွင် အင်္ဂလိပ်စာစွမ်းရည် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။ တိုင်းဒေသကြီးအဆင့် Grade-5 မှ Grade-9 အထိ ကျောင်းသား ကျောင်းသူများ၏ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲများကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်ရှိ အခြေခံပညာကျောင်းများမှ တစ်မြို့နယ်လျှင် Grade-5 မှ Grade-9 အထိ ကျောင်းသားတစ်ဦး၊ ကျောင်းသူတစ်ဦးစီဖြင့် ရွေးချယ်ယှဉ်ပြိုင်၍ ဗဟိုအဆင့်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိသူများမှ ပထမရရှိသူများကို ပြန်လည်ရွေးချယ်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်မြို့ ကိုးသိန်းအားကစားခန်းမသို့ သွားရောက်၍ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်နေသည့် အမျိုးသား အမျိုးသမီး ပိုက်ကျော်ခြင်းအသင်း၏ လေ့ကျင့်နေမှုများနှင့် ကိုးသိန်းအားကစားကွင်းတွင် ခရစ်ကက်အသင်းတို့၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး အောင်မြင်မှုများရရှိစေရေး ကြိုးစားကြရန်၊ နည်းပြများမှ စနစ်တကျလေ့ကျင့်ပြင်ဆင်ပေးကြရန်နှင့် အစားအသောက်နှင့် ကျန်းမာရေးကိုလည်း အထူးဂရုစိုက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် တိုင်းဒေသကြီး/ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်အားကစားသမားများ ရောက်ရှိတည်းခိုနေထိုင်မှုနှင့် ပြင်ဆင်ထားရှိမှု ကြည့်ရှု

နေပြည်တော် နိုဝင်ဘာ ၂၃

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသား အားကစားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တည်းခိုရေးစခန်း၌ အမျိုးသားအားကစားပွဲတော်တွင် ပြိုင်ပွဲဝင်ရန် ရောက်ရှိလာကြသည့် ရခိုင်ပြည်နယ်ကိုယ်စားပြု အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများကို နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် ရခိုင်ပြည်နယ်ကိုယ်စားပြု အားကစားသမားများ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် အားကစားနည်းပြများ တည်းခိုနေထိုင်ရန် နေရာချထားမှုနှင့် အသုံးအဆောင်ပစ္စည်းများ ထုတ်ပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် နည်းပြများ တည်းခိုနေထိုင်မည့် အဆောင်များနှင့် အိပ်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အားကစားသမားများကို ကျန်းမာရေးနှင့် ညီညွတ်မှုရှိအောင် တည်းခိုနေထိုင်နိုင်ရေး အထူးဂရုပြု ဆောင်ရွက်ရန်၊ သောက်သုံးရေနှင့် လျှပ်စစ်မီး ပြတ်တောက်မှုမရှိအောင် စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန်၊ အိပ်ဆောင်များ ပတ်ဝန်းကျင်တွင် ပိုင်ရှင်မဲ့ခွေးများကြောင့် တည်းခိုနေထိုင်သူများ အန္တရာယ်မဖြစ်စေရန် ထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ စားရိပ်သာများနှင့် ချက်ပြုတ်ဆောင်များကို ကြည့်ရှုစစ်ဆေးပြီး စားရိပ်သာများကိုသန့်ရှင်းသပ်ရပ်ပြီး ကျန်းမာရေးနှင့် ညီညွတ်စေရန် ခင်းကျင်းဆောင်ရွက်ရန်၊ ဧည့်ခံကျွေးမွေးရာတွင် အစားအစာများကို သန့်ရှင်းလတ်ဆတ်မှုရှိစေရန်နှင့် ဘေးကင်းစေရန်အတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ပြင်ဆင်ချက်ပြုတ်ရန်၊ ချက်ပြုတ်ရေးအဖွဲ့များကို သန့်ရှင်းသပ်ရပ်စွာ ဝတ်စားဆင်ယင်၍ တစ်ကိုယ်ရေသန့်ရှင်းမှုရှိရေး ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် တည်းခိုရေးစခန်းအတွင်း ဆေးကုသမှုခံယူနိုင်ရန် ဖွင့်လှစ်ထားသည့် ဆေးခန်းများ၊ ဆပ်ကော်မတီ ရုံးခန်းနေရာများနှင့် စားသောက်ဆိုင်ခန်းများကို သွားရောက် ကြည့်ရှုစစ်ဆေးကာ စားသောက်ဆိုင်များတွင် သန့်ရှင်းလတ်ဆတ်သည့် အစားအစာများ၊ ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအစာများကိုသာ ရောင်းချရန်၊ ဝမ်းပျက်ဝမ်းလျှောဖြစ်စေနိုင်သည့် အသုပ်များ၊ အမှည့်လွန်သည့် အသီးများ၊ ထုတ်လုပ်သည့် ရက်စွဲနှင့် သက်တမ်းမပါသည့် အစားအစာများကို ရောင်းချခြင်းမပြုစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊ ပိုးမွှားများကင်းစင်စေရန် ပိုးသတ်ဆေးဖျန်းခြင်း၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်သိမ်းဆည်းခြင်းတို့ကို ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အမျိုးသမီးများအား တရားမဝင်လူကုန်ကူးမှုမှ ကာကွယ်စောင့်ရှောက်ရန် အသိပညာပေးဟောပြော

ရန်ကင်း နိုဝင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ သဃ်္ဃန်းကျွန်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ အမျိုးသမီးများအား တရားမဝင်လူကုန်ကူးမှု၊ သက်ငယ်မုဒိန်းမှု၊ သွေးဆောင်ဖြားယောင်း ခိုးယူမှုများမှ ကာကွယ်စောင့်ရှောက်ရန် အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက် ၁၀ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ပြုလုပ်ခဲ့သည်။

ဦးစွာ သဃ်္ဃန်းကျွန်းခရိုင် ပညာရေးမှူး ဒေါ်စုစုခင်က အမှာစကားပြောကြားပြီး သဃ်္ဃန်းကျွန်းခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကောင်းနိုင်က အမျိုးသမီးများအား တရားမဝင်လူကုန်ကူးမှု၊ သွေးဆောင်ဖြားယောင်းခိုးယူမှုများမှ ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ ခရိုင်ဥပဒေအရာရှိဦးချမ်းသာက သက်ငယ်မုဒိန်းမှုမှ ကာကွယ်စောင့်ရှောက်ရန် အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာသော ကျောင်းသား ကျောင်းသူများအား ဆန်းစစ်မေးခွန်းများမေးမြန်းခဲ့ပြီး ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား သဃ်္ဃန်းကျွန်းခရိုင် အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

လှလှထွေး

အင်းစိန် အထက(၃)၌ မီးခိုးမြူငွေ့နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

ရန်ကုန် နိုဝင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ မီးခိုးမြူငွေ့နှင့် သဘာဝဘေး အန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက အင်းစိန် အထက(၃) အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အင်းစိန်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်ထွန်းနိုင်က မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်ရသည့် အကြောင်းအရင်းများ၊ ဆိုးကျိုးများနှင့် ဖြစ်ပေါ်လာစေနိုင်သော ရောဂါများ၊ လူသားများနှင့် ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုနှင့် ရာသီဥတုပြောင်းလဲမှု လျော့နည်းစေရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောခဲ့ပြီး ကျောင်းသားကျောင်းသူများက သိရှိလိုသည်များ မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။

မြင့်ဦး

မသန်စွမ်းသူများ၏ စွမ်းရည်များကို ဖော်ထုတ်နိုင်ရေး တတ်နိုင်သည့် အခန်းကဏ္ဍမှ ဝိုင်းဝန်းဆောင်ရွက်

နှင်းမြတ်သူ(ယဉ်ကျေးမှု)

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်ရှိ ခန့်မှန်းခြေ လူဦးရေ ၁ ဒသမ ၃ ဘီလီယံသည် သိသာထင်ရှားသော မသန်စွမ်းမှုကို ခံစားရကြောင်းနှင့် ၎င်းအရေအတွက်သည် ကမ္ဘာ့လူဦးရေ၏ ၁၆ ရာခိုင်နှုန်း သို့မဟုတ် လူ ခြောက်ဦးတွင် တစ်ဦးက မသန်စွမ်းမှုကို ခံစားနေရကြောင်းကို ဖော်ပြလျက်ရှိပါသည်။ အချို့သော မသန်စွမ်းသူများသည် သန်စွမ်းသူများထက် နှစ် ၂၀ စော၍ သေဆုံးကြသည်။ မသန်စွမ်းသူများအတွက် ဘဝတစ်လျှောက် ရှင်သန်နေထိုင်ရေး၊ သွားလာနေထိုင်စားသောက်ရေးတို့သည် သန်စွမ်းသူများထက် ၁၅ ဆ ပိုမိုခက်ခဲကြောင်း သိရှိရပါသည်။

အဘယ်ကြောင့်ဆိုသော် မသန်စွမ်းသူများသည် အခြားသူများနှင့်တန်းတူ လူ့အဖွဲ့အစည်းတွင် ပါဝင်ခြင်းမပြုရန် တားမြစ်ထားသော ခွဲခြားဆက်ဆံမှုနှင့် အတားအဆီးများကို နေ့စဉ်ကြုံတွေ့နေရသောကြောင့် ဖြစ်ပါသည်။ ဥပမာအားဖြင့် ကျောင်းနှင့် လုပ်ငန်းခွင်တွင် ပါဝင်ခွင့်၊ ရပ်ရွာအတွင်း လွတ်လပ်စွာနေထိုင်ခွင့်၊ မဲပေးခွင့်၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှုများတွင် ပါဝင်ခွင့်၊ လူမှုရေးအကာအကွယ်ကို ခံစားခွင့်၊ တရားမျှတမှုရရှိရေး၊ ဆေးဘက်ဆိုင်ရာ ကုသရန် သဘောတူခွင့် သို့မဟုတ် ကုသခြင်းကိုငြင်းဆိုခွင့်၊ ဘဏ်စာရင်းဖွင့်လှစ်ခွင့်၊ အမွေဆက်ခံခွင့်နှင့် ပိုင်ဆိုင်မှုပစ္စည်းများ ဝယ်ယူခွင့်ကဲ့သို့သော တရားဝင်ကတိကဝတ်များတွင် လွတ်လပ်စွာ ဝင်ရောက်ရန် အများအားဖြင့် ငြင်းပယ်ခံကြရပါသည်။ ထို့အပြင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်အခြေအနေများအတွင်း မသန်စွမ်းသူများသည် ၎င်းတို့၏ ဘဝများနှင့် လူမှုအသိုင်းအဝိုင်းများ ပြန်လည်တည်ဆောက်ရေးတွင် နောက်ကျကျန်လျက်ရှိနေပါသည်။

နိုင်ငံတကာလှုပ်ရှားဆောင်ရွက်မှုများ

ထို့ကြောင့် အဆိုပါကိစ္စကို နိုင်ငံတကာက အထူးအလေးပေး ကိုင်တွယ်ဖြေရှင်းနိုင်ရန် ဝိုင်းဝန်းဆွေးနွေးဆောင်ရွက်မှုဖြင့် ကုလသမဂ္ဂ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း (The United Nations Convention on the Rights of Persons with Disabilities–CRPD) ကို ၂၀၀၆ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် စတင်အသက်ဝင်ခဲ့ပါသည်။ မသန်စွမ်းသူများအတွက် ယခင် သမားရိုးကျပရဟိတကို ဦးတည်သည့် ဆေးဘက်ဆိုင်ရာ အခြေခံချဉ်းကပ်မှုလမ်းကြောင်းများအား လူ့အခွင့်အရေးကိုအခြေခံသည့် လမ်းကြောင်းဆီသို့ ပြောင်းလဲရန် အစပျိုးမှုတစ်ခုဖြစ်ပါသည်။ အဆိုပါ ကွန်ဗင်းရှင်းတွင် လူ့အခွင့်အရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအစီအစဉ်များတွင် မသန်စွမ်းသူများပါဝင်ခြင်းနှင့် အမျိုးမျိုးသော ခွဲခြားဆက်ဆံမှုပုံစံများကို ရင်ဆိုင်နေကြရသည့် မသန်စွမ်းအမျိုးသမီးများနှင့် မသန်စွမ်းကလေးများ၏ ရပိုင်ခွင့်နှင့် စွမ်းဆောင်နိုင်မှုပါဝင်ခြင်းတို့ကို တောင်းဆိုထားပါသည်။

"ကုလသမဂ္ဂ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း"သည် မသန်စွမ်းသူများအတွက် စာရွက်စာတမ်းတစ်ခုမျှသာ မဟုတ်ဘဲ ၎င်း၏ စည်းမျဉ်းစည်းကမ်းများနှင့် ပြဋ္ဌာန်းချက်များသည် လူ့အသိုက်အဝန်းတစ်ခုလုံးကို အကျိုးပြုကြောင်းနှင့် ခွဲခြားဆက်ဆံမှုနှင့် ဖယ်ထုတ်ခြင်းအပေါ် ကျွန်ုပ်တို့၏ တုံ့ပြန်မှုများကို အားကောင်းစေပြီး ၎င်းသည် အမှန်တကယ်ပင်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကဲ့သို့ မည်သူတစ်ဦးတစ်ယောက်ကိုမျှ နောက်ချန်မထားခဲ့ရန် လမ်းညွှန်သရုပ်ဖော်ထားကြောင်းကို ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး Michelle Bachelet က အတည်ပြုပြောကြားထားပါသည်။

ကျင်းပရသည့် ရည်ရွယ်ချက်

မကြာခဏ ဖယ်ထုတ်ခံခဲ့ရပြီး လူ့အခွင့်အရေး အပြည့်အဝခံစားရန် ငြင်းပယ်ခြင်းခံရသော မသန်စွမ်းသူအများစုမှာ **"မမြင်နိုင်သော အသိုက်အဝန်းတစ်ရပ်"** (Invisible community) အဖြစ်ရှိနေပါသည်။ သို့ဖြစ်၍ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ကို ဒီဇင်ဘာလ ၃ ရက်နေ့တွင် နှစ်စဉ်ကျင်းပနိုင်ရေး ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်(၄၇/၃)ဖြင့် ၁၉၉၂ ခုနှစ်တွင် သတ်မှတ်ခဲ့ပါသည်။ ရည်ရွယ်ချက်မှာ လူ့အဖွဲ့အစည်း၏ နယ်ပယ်အသီးသီးတွင် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် သုခချမ်းသာကို မြှင့်တင်ရန်နှင့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု ဘဝကဏ္ဍအသီးသီးတွင် မသန်စွမ်းသူများ၏အခြေအနေများကို သိရှိနားလည်မှုတိုးမြင့်လာစေရန် ဖြစ်ပါသည်။

> ✳ **မသန်စွမ်းသူများအပါအဝင် လူအားလုံး၏ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးပါဝင်မှုကို မြှင့်တင်ခြင်းဖြင့် မညီမျှမှုများကို လျှော့ချရန်၊**
>
> ✳ **လက်လှမ်းမီနိုင်သော သယ်ယူပို့ဆောင်ရေးစနစ်များ ပံ့ပိုးပေးခြင်းဖြင့် မြို့များနှင့် လူသားအခြေချနေထိုင်ရာနေရာများကို အားလုံးပါဝင်နိုင်ပြီး လုံခြုံစိတ်ချကာ ရေရှည်တည်တံ့ခိုင်မြဲစေရေး လုပ်ဆောင်ရန်၊**
>
> ✳ **အားလုံးပါဝင်နိုင်သော တန်းတူညီမျှ အရည်အသွေးရှိသော ပညာရေးနှင့် ဘဝတစ်သက်တာ သင်ယူမှုအခွင့်အလမ်းများမြှင့်တင်သည့် ပညာရေးတွင် ကျား/မ မတူညီမှုများကို ဖယ်ရှားရှင်းလင်းရန်နှင့် မသန်စွမ်းသူများအပါအဝင် ထိခိုက်လွယ်သူများအတွက် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလေ့ကျင့်ရေးအဆင့်အားလုံးတွင် တန်းတူညီမျှရရှိရေးတို့ကို အဓိကထား လုပ်ဆောင်ရန်၊**

မသန်စွမ်းသူများ၏ နယ်ပယ်တွင် ကုလသမဂ္ဂ၏ ဆယ်စုနှစ်များစွာလုပ်ဆောင်ခဲ့သော လုပ်ငန်းများကို တည်ဆောက်ရာတွင် ၂၀၀၆ ခုနှစ်တွင် အတည်ပြုခဲ့သော မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (the Convention on the Rights of Persons with Disabilities – CRPD) သည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ၂၀၃၀ ပြည့်နှစ် အစီအစဉ် (2030 Agenda for Sustainable Development) နှင့် အခြားသော နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဘောင်များဖြစ်သည့် သဘာဝဘေးအန္တရာယ်လျှော့ပါးရေးအတွက် Sendai မူဘောင် (Sendai Framework for Disaster Risk Reduction)၊ လူသားချင်းစာနာထောက်ထားမှုလုပ်ဆောင်ချက်တွင် မသန်စွမ်းသူများ ပါဝင်ခြင်းဆိုင်ရာပဋိညာဉ် (the Charter on Inclusion of Persons with Disabilities in Humanitarian Action)၊ မြို့ပြအစီအစဉ်သစ်(the New Urban Agenda) နှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘဏ္ဍာငွေဆိုင်ရာ Addis Ababa လုပ်ဆောင်ချက်အစီအစဉ်များ (the Addis Ababa Action Agenda on Financing for Development) အကောင်အထည်ဖော်ရာတွင် မသန်စွမ်းသူများ၏အခွင့်အရေးများကို ထည့်သွင်းထားခြင်းဖြင့် ၎င်းတို့၏ သုခချမ်းသာနှင့် ရပိုင်ခွင့်များကို ပိုမိုရရှိလာစေနိုင်ပါသည်။

ကုလသမဂ္ဂ ကွန်ဗင်းရှင်းတွင် ဖော်ပြထားသော တန်းတူအခွင့်အရေးများ

အဆိုပါ **"ကမ္ဘာ့အရေးအကြီးဆုံး လူနည်းစု"** ဖြစ်သော မသန်စွမ်းသူများအတွက် အတားအဆီးများကိုဖယ်ရှားပြီး လူမှုဘဝတွင် အပြည့်အဝပါဝင်ရန် အခွင့်အရေးပေးသောအခါတွင် လူမှုအသိုင်းအဝိုင်းတစ်ခုလုံးကို အကျိုးကျေးဇူးရှိကြောင်း အထောက်အထားများနှင့် အတွေ့အကြုံများက ပြသနေပါသည်။ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ် (CRPD) ကွန်ဗင်းရှင်း၊ အပိုဒ် ၉ တွင် မသန်စွမ်းသူများသည် လွတ်လပ်စွာနေထိုင်နိုင်ပြီး ဘဝနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ကဏ္ဍအားလုံးတွင် အပြည့်အဝပါဝင်နိုင်စေရန် ဖော်ပြထားပါသည်။ ထို့အပြင် မသန်စွမ်းသူများ၏ တန်းတူအခွင့်အရေးများကို နည်းလမ်းများစွာဖြင့် ဖော်ပြထားပါသည်။ ၎င်းတို့မှာ မသန်စွမ်းသူများကို ဥပဒေအောက်တွင် တန်းတူရည်တူဆက်ဆံပြီး တန်းတူညီမျှသော အကာအကွယ်နှင့် အကျိုးခံစားခွင့်များ ရရှိစေရန်၊ မသန်စွမ်းသူများအပေါ် ခွဲခြားဆက်ဆံခြင်းကိုတားမြစ်ပြီး ၎င်းတို့တွင် တန်းတူညီမျှသော တရားဥပဒေဆိုင်ရာ အကာအကွယ်များရရှိစေရန်၊ တန်းတူညီမျှမှုကို မြှင့်တင်ရန်နှင့် ခွဲခြားဆက်ဆံမှုများကိုပပျောက်စေရန် ကျိုးကြောင်းဆီလျော်သော နေရာထိုင်ခင်းများပံ့ပိုးပေးနိုင်ရန်၊ မသန်စွမ်းသူများ၏ မွေးရာပါဂုဏ်သိက္ခာကို လေးစားရန်၊ မသန်စွမ်းသူများအား ၎င်းတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များချပိုင်ခွင့်ကို အသိအမှတ်ပြုရန်၊ မသန်စွမ်းသူများအတွက် တန်းတူညီမျှအခွင့်အရေးနှင့် လက်လှမ်းမီနိုင်မှုကို မြှင့်တင်ပေးရန် အလေးပေးဖော်ပြထားပါသည်။

နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများ

နိုင်ငံတော်အစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)၊ ပုဒ်မ ၃၂ (က)နှင့်အညီ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အခွင့်အရေးတို့ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကုလသမဂ္ဂအဖွဲ့ကြီးက ထုတ်ပြန်ကြေညာထားသည့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (United Nations Convention on the Rights of Persons with Disabilities – UNCRPD) ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါသည်။

နိုင်ငံတော်အနေဖြင့် ကွန်ဗင်းရှင်းကို ထိရောက်စွာ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅) နှင့် နည်းဥပဒေများ (၂၀၁၇)တို့ကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ဥပဒေနှင့် နည်းဥပဒေတို့ကို နိုင်ငံတစ်ဝန်း ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၊ လုပ်ငန်းကော်မတီ၊ နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ကော်မတီတို့ကို အသီးသီးဖွဲ့စည်းခဲ့ပါသည်။ ထို့အပြင် သက်ဆိုင်ရာကဏ္ဍအလိုက် မသန်စွမ်းသူများ၏ အခွင့်အရေးတို့ကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ရေးရာ၊ သုတေသန၊ စောင့်ကြည့်အကဲဖြတ်၊ မသန်စွမ်းအမျိုးသမီးနှင့် ကလေးသူငယ်များ၊ သတင်းအချက်အလက်နည်းပညာနှင့် လက်လှမ်းမီရရှိနိုင်ရေး၊ သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေ၊ တရားမျှတမှုရရှိပိုင်ခွင့် စသည့် ဆပ်ကော်မတီ ကိုးခုကိုလည်း ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။

မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ဆောင်ရွက်ချက်များ၊ အတားအဆီးကင်းသော ရပ်ရွာပတ်ဝန်းကျင်ဖြစ်စေရန် တည်ဆောက်ရေး ဆောင်ရွက်ချက်များကို ဆောင်ရွက်လျက်ရှိပါသည်။ အလားတူ ဟိုတယ်လုပ်ငန်းများနှင့် ခရီးသွားလာရေးလုပ်ငန်းများတွင် ပြည်တွင်း ပြည်ပမှ မသန်စွမ်းသူခရီးသွားများအတွက် အတားအဆီးကင်းမဲ့ပြီး အလွယ်တကူသွားလာလည်ပတ်နိုင်ရေးအတွက် Barrier Free Tourism Pilot Project ကို အကောင်အထည်ဖော်ကြိုးပမ်းနေပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် ASEAN Enabling Masterplan ကို အခြေခံပြီး မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan) နှင့် ချိတ်ဆက်ကာ မဟာဗျူဟာများချမှတ်ခြင်း၊ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းလုပ်ငန်းအား ဆောင်ရွက်လျက်ရှိပါသည်။

မသန်စွမ်းသူများအနေဖြင့် ဂုဏ်သိက္ခာရှိစွာနှင့် အမှီအခိုကင်းစွာ ဘဝရပ်တည်နိုင်ရေးအတွက် မသန်စွမ်းမှုအမျိုးအစားအလိုက် သက်ဆိုင်ရာဒေသနှင့် ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကိုယ်ပိုင်ဝင်ငွေများရရှိစေရန် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်းများအား နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိရာ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (ရန်ကုန်/ မန္တလေး)၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်း(ရန်ကုန်/စစ်ကိုင်း)၊ နားမကြားသောကလေးများကျောင်း (ရန်ကုန်/မန္တလေး)၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း(ရန်ကုန်)၊ မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာ (ရန်ကုန်) စသော ကျောင်းကြီး ရှစ်ကျောင်းကို ဖွင့်လှစ်သင်ကြားကာ နိုင်ငံတော်အနာဂတ်တွင် အားလုံးရေရှည်တည်တံ့စေရေး မသန်စွမ်းသူများ ခေါင်းဆောင်မှုမြှင့်တင်ပေးရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

စာမျက်နှာ ၁၇ သို့ ❑

❑ စာမျက်နှာ ၁၆ မှ

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ

ကမ္ဘာပေါ်တွင် လူသားတိုင်းသည် တစ်ချိန်မဟုတ်တစ်ချိန်တွင် အခက်အခဲများ၊ အတားအဆီးများနှင့် ရင်ဆိုင်နေကြရပါသည်။ သို့ရာတွင် မသန်စွမ်းသူများအတွက်မူ အတားအဆီးများသည် ပို၍မကြာခဏ ဖြစ်ပေါ်နိုင်ပြီး အကျိုးသက်ရောက်မှုမှာလည်း ကွာခြားကြီးမားနိုင်ပါသည်။ လူတစ်ဦး၏ ပတ်ဝန်းကျင်တွင် ၎င်းတို့ တည်ရှိခြင်း သို့မဟုတ် မရှိနေခြင်းကို အသိအမှတ်မပြုဘဲ ထိုသူများ၏ လုပ်ဆောင်မှုကိုကန့်သတ်ကာ မသန်စွမ်းဖြစ်စေသော အချက်များမှာ လက်လှမ်းမမီနိုင်သော ရုပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင် ဥပမာအားဖြင့် ဘီးတပ်ကုလားထိုင် ဝင်ရောက်ခြင်းကို တားဆီးသည့် လှေကားထစ်များကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများ၊ သက်ဆိုင်ရာအထောက်အကူပြုနည်းပညာများနှင့် အထောက်အပံ့များ၊ ဥပမာ လက်ဟန်ပြဘာသာစကား စကားပြန်များမရှိခြင်းကဲ့သို့သော ဆက်သွယ်ရေးမရှိခြင်း၊ မသန်စွမ်းသူများအပေါ် အကောင်းမမြင်စိတ် ဥပမာ မသန်စွမ်းသူများသည် သင်ယူခြင်း သို့မဟုတ် အလုပ်လုပ်ခြင်းကို မဆောင်ရွက်နိုင်ဟု ယုံကြည်ခြင်းကဲ့သို့သော သဘောထားဆိုင်ရာအတားအဆီးများ၊ ဘဝနယ်ပယ်အားလုံးတွင် မသန်စွမ်းမှုအခြေအနေရှိသူများ၏ ပါဝင်ပတ်သက်မှုကို အဟန့်အတားဖြစ်စေသော၊ ဝန်ဆောင်မှုများ၊ စနစ်များနှင့် မူဝါဒများ စသည့် အတားအဆီးများသည် ကြီးစွာသောအတားအဆီးများ ဖြစ်ပါသည်။

အဆိုပါ အတားအဆီးများကို ဖြိုခွင်းနိုင်ရန် ထုတ်ပြန်ခဲ့သည့် ၂၀၀၆ ခုနှစ်တွင် အတည်ပြုခဲ့သော မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (the Convention on the Rights of Persons with Disabilities – CRPD) သည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ၂၀၃၀ ပြည့်နှစ် အစီအစဉ်နှင့်လည်း ချိတ်ဆက်လျက်ရှိပါသည်။ ဥပမာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် (၁၀) တွင် မသန်စွမ်းသူများအပါအဝင် လူအားလုံး၏ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးပါဝင်မှုကို မြှင့်တင်ခြင်းဖြင့် မညီမျှမှုများကို လျှော့ချရန်၊ ပန်းတိုင် (၁၁) တွင် လက်လှမ်းမီနိုင်သော သယ်ယူပို့ဆောင်ရေး စနစ်များပံ့ပိုးပေးခြင်းဖြင့် မြို့များနှင့် လူသားအခြေချနေထိုင်ရာနေရာများကို အားလုံးပါဝင်နိုင်ပြီး လုံခြုံစိတ်ချကာ ရေရှည်တည်တံ့ခိုင်မြဲစေရေး လုပ်ဆောင်ရန်၊ ပန်းတိုင် (၄) တွင် အားလုံးပါဝင်နိုင်သော တန်းတူညီမျှ အရည်အသွေးရှိသော ပညာရေးနှင့် ဘဝတစ်သက်တာ သင်ယူမှုအခွင့်အလမ်းများမြှင့်တင်သည့် ပညာရေးတွင် ကျား/မ မတူညီမှုများကို ဖယ်ရှားရှင်းလင်းရန်နှင့် မသန်စွမ်းသူများအပါအဝင် ထိခိုက်လွယ်သူများအတွက် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလေ့ကျင့်ရေး အဆင့်အားလုံးတွင် တန်းတူညီမျှရရှိရေးတို့ကို အဓိကထားလုပ်ဆောင်ရန်၊ ပန်းတိုင် (၈) တွင် ရေရှည်တည်တံ့ခိုင်မြဲသော၊ အားလုံးပါဝင်နိုင်သောနှင့် ရေရှည်တည်တံ့သော စီးပွားရေးတိုးတက်မှုကို မြှင့်တင်ရန်၊ အပြည့်အဝနှင့် အကျိုးဖြစ်ထွန်းသော အလုပ်အကိုင်နှင့် အားလုံးအတွက် သင့်လျော်သော အလုပ်အကိုင် အခွင့်အလမ်းများကို မြှင့်တင်ရန်၊ နိုင်ငံတကာအသိုက်အဝန်းသည် မသန်စွမ်းသူများအပါအဝင် အမျိုးသမီးများနှင့် အမျိုးသားအားလုံးအတွက် အပြည့်အဝဖြစ်ထွန်းသော အလုပ်အကိုင်နှင့် သင့်လျော်သော အလုပ်အကိုင်များရရှိစေရန်နှင့် တူညီသောတန်ဖိုးရှိသည့် အလုပ်အတွက် တူညီသောလစာရရှိရန် အရေးကြီးကြောင်း အလေးပေးဖော်ပြထားသည်။

အကြံပြုချက်

အထက်တွင် ဖော်ပြထားသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ ၂၀၃၀ ပြည့်နှစ် အစီအစဉ်၏ အခြေခံမူဖြစ်သော မည်သူမျှနောက်ကျမကျန်ရစ်စေရေး (Leaving no one behind) ကို ပြည့်မီစေရေး ဆောင်ရွက်ရာတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခြင်းသည်လည်း အဓိကကျသည့် အချက်တစ်ခုဖြစ်ပါသည်။ မသန်စွမ်းသူများသည်လည်း နိုင်ငံတော်၏ တန်ဖိုးရှိသော လူ့စွမ်းအားအရင်းအမြစ်တစ်ခုဖြစ်ပြီး နိုင်ငံတည်ဆောက်ရေးအတွက် စွမ်းအားတစ်ရပ်ဖြစ်ကြောင်း မိမိတို့ ပြည်သူအားလုံးက လက်ခံယုံကြည်ကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နားလည်မှုရှိသော လူ့အဖွဲ့အစည်းတစ်ရပ်ဆီသို့ ရောက်ရှိနိုင်ရန် လျှောက်လှမ်းရာတွင် အားလုံးပါဝင်ကြရန် အရေးကြီးပါသည်။

မသန်စွမ်းသူများ ရင်ဆိုင်နေကြရသော နေ့စဉ်ဘဝရပ်တည်ရှင်သန်နေထိုင်မှု ခက်ခဲခြင်း၊ ဆင်းရဲနွမ်းပါးမှုမြင့်မားခြင်း၊ ပညာသင်ယူတတ်မြောက်ခွင့်နည်းပါးခြင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်း စသည့် မညီမျှမှုများကို တစ်ပြေးညီလျှော့ချနိုင်ရေးနှင့် အနာဂတ်တွင် အားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများခေါင်းဆောင်မှု မြှင့်တင်ပေးရန် မသန်စွမ်းသူများ၏ အခွင့်အရေးဖော်ဆောင်မှုကို အမြဲမပြတ်အမှတ်ထားပြီး အဓိကကျသော အခန်းကဏ္ဍမှ တတ်နိုင်သမျှ ဝိုင်းဝန်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

သို့ဖြစ်ရာ မသန်စွမ်းသူများ၏ အခွင့်အရေးဖော်ဆောင်နိုင်ရေး အလေးထားသတ်မှတ်သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို အလေးပေးကျင်းပရန် လိုအပ်ပါသည်။ အဆိုပါနေ့သည် လူ့အဖွဲ့အစည်းအဆင့်တိုင်းတွင် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် သုခချမ်းသာကို မြှင့်တင်ပေးပြီး နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဘဝကဏ္ဍပေါင်းစုံတွင် မသန်စွမ်းသူများ၏ အခြေအနေများကို အသိပညာပေးရန်အတွက် ကျင်းပခြင်းဖြစ်ပါသည်။ ထိုနေ့တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများကို လုံခြုံစေရေး အရေးကြီးကြောင်း နှစ်စဉ်နှစ်တိုင်း ထောက်ပြလျက်ရှိပြီး လူ့အဖွဲ့အစည်းတွင် အပြည့်အဝ၊ တန်းတူညီမျှ ထိထိရောက်ရောက် ပါဝင်နိုင်ရန်နှင့် ၎င်းတို့၏ ဘဝကဏ္ဍပေါင်းစုံတွင် အတားအဆီးများကို ဖယ်ရှားနိုင်ရန် ဆောင်ရွက်ကြပါသည်။

အဆိုပါနေ့သည် မသန်စွမ်းမှုပြဿနာများနှင့် ဘဝကဏ္ဍပေါင်းစုံတွင် ပါဝင်ဆောင်ရွက်မှုကြောင့် ရရှိလာသော မသန်စွမ်းသူများ၏ အကျိုးကျေးဇူးများကို ပိုမိုနားလည်လာစေရန် ရည်ရွယ်ပါသည်။ ထို့အပြင် မသန်စွမ်းသူများ ကြုံတွေ့နေရသော ခွဲခြားဆက်ဆံမှု၊ ဘေးဖယ်ထားမှု၊ ဖယ်ထုတ်မှုနှင့် လက်လှမ်းမမီနိုင်မှုများကို ဖော်ထုတ်ဖြေရှင်းရာတွင် လူတိုင်းပါဝင်သင့်သည့် အခန်းကဏ္ဍကို ကိုယ်စားပြုသည့်နေ့လည်းဖြစ်ပါသောကြောင့် **"အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး၊ မသန်စွမ်းသူများ ခေါင်းဆောင်မှုမြှင့်တင်ပေး"**ဟူသည့် ဆောင်ပုဒ်နှင့်အညီ မသန်စွမ်းသူများ၏ သန်စွမ်းစွာလုပ်ဆောင်နိုင်သည့် ခေါင်းဆောင်မှုများ၊ စွမ်းရည်များကို ဖော်ထုတ်နိုင်ရေး ပြည်သူတစ်ရပ်လုံးက တတ်နိုင်သည့် အခန်းကဏ္ဍမှ ဝိုင်းဝန်းဆောင်ရွက်နိုင်ကြပါရန် နှိုးဆော်တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ရည်ညွှန်းကိုးကား–

UNDP, WHO, OHCHR, MSWRR မှဖော်ပြထားသော အချက်အလက်များ

https://www.ohchr.org/en/disabilities/about–human–rights–persons–disabilities

OHCHR and the rights of persons with disabilities

https://www.un.org/en/observances/day–of–persons–with–disabilities/background

---

❂ **ကျောဖုံးမှ**

အဆိုပါဈေးပွဲတော်ကို အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အဖြစ် နိုဝင်ဘာ ၂၂ ရက်မှ စတင်၍ ၂၆ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပခြင်းဖြစ်သည်။

ကြိတ်ကြိတ်တိုးစည်ကား

"ရေကျော်ပွဲဈေးကတော့ လူတွေ ကြိတ်ကြိတ်တိုးနေတယ်။ မနေ့က စဖွင့်တဲ့နေ့မှာတင် ကြိတ်ကြိတ်တိုးစည်ကားနေတာ။ အန်တီတို့က ပွဲဈေးတွေမှာ ဈေးလိုက်ရောင်းတာ။ အန်တီတို့ဈေးရောင်းတာဆို သုံးပွဲ၊ လေးပွဲလောက်ရှိတဲ့အထဲမှာ ရေကျော်ပွဲဈေးကတော့ အစည်ကားဆုံးနဲ့ ဈေးအရောင်းရဆုံးပွဲပေါ့။ မနေ့ကတင် အကြော်စုံရောင်းတာ သိန်းဆယ်ဂဏန်းလောက်အထိ ရောင်းရတယ်"ဟု ရေကျော်ပွဲဈေးတွင် အကြော်စုံရောင်းချနေသူ တစ်ဦးက ပြောသည်။

ရေကျော်ပွဲဈေးကို ကိုဗစ်ကာလမတိုင်မီ ၂၀၁၉ ခုနှစ်က နောက်ဆုံး ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခု ၂၀၂၄ ခုနှစ်တွင် ပြန်လည်ကျင်းပခြင်းဖြစ်သည်။ ရေကျော်ပွဲဈေးကို နှစ်စဉ်သီတင်းကျွတ်ကာလတွင် ကျင်းပလေ့ရှိပြီး လည်ပတ်သူများဖြင့် အလွန်စည်ကားသည့်ပွဲဈေးတစ်ခု ဖြစ်သည်။ **MT**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၁၁-၂၀၂၄

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၉၅၅	၃၀၃၅	၃၀၁၀	၂၉၆၅	၃၀၃၅	၃၀၅၀	၃၀၆၀	၃၀၁၅	၄၅၀၅	၃၁၇၀	၃၀၂၅	၃၀၄၀	၃၀၇၀	၃၀၆၀	၃၀၇၅	၃၄၇၅	၃၉၅၀
95 Ron	၃၁၅၀	၃၂၃၀	၃၂၀၅	၃၁၆၀	၃၂၃၅	၃၂၄၅	၃၂၆၀	၃၂၁၀	၄၅၆၀	၃၃၇၀	၃၂၂၀	၃၂၃၅	၃၂၇၀	၃၂၅၅	၃၂၇၀	၃၆၇၅	၄၁၀၀
HSD (500 ppm)	၂၆၂၀	၂၇၀၀	၂၆၇၅	၂၆၃၀	၂၇၀၅	၂၇၁၅	၂၇၃၀	၂၆၈၀	-	၂၈၄၀	၂၆၉၀	၂၇၀၅	၂၇၄၀	၂၇၂၅	၂၇၄၀	၃၁၄၅	၃၉၅၀
HSD (50 ppm)	၃၂၅၅	၃၃၄၀	၃၃၁၅	၃၂၆၅	၃၃၄၀	၃၃၅၀	၃၃၆၅	၃၃၂၀	၄၈၃၀	၃၄၇၅	၃၃၂၅	၃၃၄၅	၃၃၇၅	၃၃၆၅	၃၃၇၅	၃၇၈၀	-
HSD (10 ppm)	၃၂၅၅	၃၃၄၀	၃၃၁၅	၃၂၆၅	၃၃၄၀	၃၃၅၀	၃၃၆၅	၃၃၂၀	-	၃၄၇၅	၃၃၂၅	၃၃၄၅	၃၃၇၅	၃၃၆၅	၃၃၇၅	၃၇၈၀	-

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၇၉၉	၂၈၈၉
95 Ron	၂၉၈၉	၃၀၈၃
HSD (500 ppm)	၂၄၇၅	၂၅၅၄
HSD (50 ppm)	၃၀၉၂	၃၁၈၄
HSD (10 ppm)	၃၀၉၂	၃၁၈၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း အမျိုးသားအလွှတ်တန်း ဖိတ်ခေါ်စက်ဘီးပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။

❖ **အမျိုးသားအလွှတ်တန်းမှ**

ကန်တော်ကြီး ငါးပတ်ယှဉ်ပြိုင်၍ တင့်ကားကုန်းဝင်ပေါက်တွင်ပြန်လည်ပန်းဝင်ခဲ့ကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲကိုဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက စတုတ္ထဆု၊ ပဉ္စမဆုနှင့် အမှတ်စဉ်(၆)မှ (၁၀)အထိ ပန်းဝင်သူများအား ငွေသားဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

အဆိုပါ စက်ဘီးစီးပြိုင်ပွဲသို့ အမျိုးသား အမျိုးသမီးစက်ဘီးအားကစားသမား ၂၀၀ ခန့်ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပထမဆု ကျပ်ငါးသိန်း၊ ဒုတိယဆု ကျပ်သုံးသိန်း၊ တတိယဆု ကျပ်နှစ်သိန်း၊ စတုတ္ထဆု ကျပ်တစ်သိန်းခွဲ၊ ပဉ္စမဆု ကျပ်တစ်သိန်း ပေးအပ်ချီးမြှင့်ပြီး အမှတ်စဉ်(၆)မှ (၁၀)အထိ ပန်းဝင်သူများအား ငွေကျပ် ၅၀၀၀၀ စီ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **လင်းရာမ**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း လူသုံးကုန်ပစ္စည်းများရောက်ရှိလာမှု ကြည့်ရှုစစ်ဆေး

စစ်တွေ နိုဝင်ဘာ ၂၃

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ သင်္ဘောများဖြင့် ဆန်နှင့်အခြေခံစားသောက်ကုန်ပစ္စည်းများကို ပို့ဆောင်ပေးလျက်ရှိရာ စစ်တွေမြို့ ဘက်စုံသုံး ဆိပ်ကမ်းတွင် အမ်ဗွီအောင်ရတနာသင်္ဘောနှင့် အမ်ဗွီရွှေသုဝဏ်သင်္ဘောတို့ဖြင့် ရန်ကုန်မြို့မှ ဆန်နှင့်အခြေခံစားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် တည်ဆောက်ရေးပစ္စည်းများ ရောက်ရှိလာမှုကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

အမ်ဗွီအောင်ရတနာသင်္ဘောတွင် ဆန်နှင့်စားသုံးကုန်ပစ္စည်းများ စုစုပေါင်း ၇၀၇ တန် တင်ဆောင်၍လည်းကောင်း၊ အမ်ဗွီရွှေသုဝဏ်သင်္ဘောတွင် ဆန်နှင့်အခြေခံစားသောက်ကုန်များ စုစုပေါင်း ၆၁၄ တန် တင်ဆောင်၍လည်းကောင်း စစ်တွေမြို့သို့ ရောက်ရှိလာခြင်းဖြစ်သည်။

အဆိုပါ သင်္ဘောများမှ ကုန်ပစ္စည်းများ ကုန်တင်၊ ကုန်ချပြုလုပ်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ကုန်ပစ္စည်းများအား စနစ်တကျ အတင်အချပြုလုပ်နိုင်ရေး၊ ဈေးကွက်အတွင်း အမြန်ဆုံးဖြန့်ဖြူးရောင်းချရေး၊ ကုန်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဆိုပါဆိပ်ကမ်း၌ ကုန်ပစ္စည်းများအတင်အချပြုလုပ်ပြီး ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာမည့် အမ်ဗွီ-အောင်ရတနာသင်္ဘောကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

ပန်းချီဆရာကြီး ဦးလွန်းကြွယ်၏ ၂၅ နှစ်တာကာလ ပန်းချီပြခန်း အထိမ်းအမှတ် ပန်းချီပြပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၃

ပန်းချီဆရာကြီး ဒေါက်တာ ဦးလွန်းကြွယ်၏မိသားစုပိုင် Artist Life Gallery တည်ထောင်သည့် (၂၅) နှစ်ပြည့်အထိမ်းအမှတ် အမှတ်တရ ပန်းချီပြပွဲကို ယနေ့တွင် မြောက်ဥက္ကလာပမြို့နယ် (၁၇) ရပ်ကွက်ရွှေပေါက်ကံမြို့သစ်တောင်ငူလမ်းရှိ Artist Life Gallery ပြခန်း၌ ပြုလုပ်သည်။

အဆိုပါပြပွဲတွင် ပန်းချီဆရာကြီး ဒေါက်တာဦးလွန်းကြွယ်၏အာရုံလှုပ်ရှားခံစားမှုကိုဖြစ်ပေါ်စေခဲ့သောပန်းချီကားများကို ရေးဆွဲပြသထားသည်။ ထို့အပြင်ဆရာကြီး၏မိသားစုဝင်များဖြစ်သည့် လွန်းမြမြ၊ လွန်းသစ်၊ လွန်းကျော်ရီနှင့်လွန်းဇော်တို့၏ လက်ရာပန်းချီကားများအပါအဝင် ပန်းချီကား ၇၀ ကျော်ကို စိတ်ဝင်စားဖွယ်ပြသထားသည်။

Artist Life Galleryသည် ပန်းချီဆရာကြီး ဒေါက်တာဦးလွန်းကြွယ်၏ ပန်းချီကားများကိုမြတ်နိုးသူ၊ ဝယ်ယူစုဆောင်းလိုသူများအတွက် ၁၉၉၉ ခုနှစ်မှစတင်၍ ဖွင့်လှစ်ခဲ့သည်။ ဆရာကြီး၏လက်ရာများကို နိုင်ငံခြားတွင် ပြပွဲများပြုလုပ်ခြင်း၊ ပန်းချီစာအုပ်များထုတ်ဝေခြင်းတို့ကြောင့် ပန်းချီကားများ ပြည်ပနိုင်ငံများတွင်ရောက်ရှိပြီး စိတ်ဝင်စားမှုပိုမိုဖြစ်ပေါ်စေခဲ့ကြောင်း သိရသည်။

ပန်းချီပြပွဲကို နိုဝင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိပြသမည်ဖြစ်သည်။

ပန်းချီဆရာကြီး ဒေါက်တာဦးလွန်းကြွယ်သည် အသက် ၉၅ နှစ်ရှိပြီဖြစ်ပြီး ကျန်းမာရေးမကောင်း၍ဆေးရုံတက်သည့်အခါ ဆေးရုံခုတင်ပေါ်တွင်ပန်းချီဆွဲခဲ့သည်။ နေအိမ်တွင်လည်းမကြာခဏပန်းချီဆွဲပြီး အချိန်ကုန်စေခဲ့သည်။

မျိုးမင်းသူရ

လဟယ်မြို့ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မုံရွာ နိုဝင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၂၂ ရက်တွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ဟွေထိုက်အသေးစားရေအားလျှပ်စစ်စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးမှ လက်ထောက်ညွှန်ကြားရေးမှူးက ဟွေထိုက်အသေးစား ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများကို အရည်အသွေးကောင်းမွန်စွာဖြင့် စံချိန်စံညွှန်းမီ ကာလသတ်မှတ်ကာလတွင် အချိန်မီပြီးစီးရေး၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများလုပ်ငန်းခွင်သို့ အချိန်မီရောက်ရှိရေးနှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားကာ တည်ဆောက်ရေးလုပ်ငန်း များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဟွေထိုက်အသေးစားရေအားလျှပ်စစ်စီမံကိန်း ပင်မတမံ၊ ရေသွယ်မြောင်း၊ ရေလွှဲရေထုတ်ပြွန် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဟွေထိုက်အသေးစားရေအား လျှပ်စစ်စီမံကိန်းသည် ဟွေထိုက်ချောင်းပေါ်တွင် ရေထိန်းတမံတစ်ခု တည်ဆောက်၍ ရေသိုလှောင်ပြီးရရှိလာမည့် ရေအားအမြင့်ကို အသုံးပြုလျက် လေးမဂ္ဂါဝပ် တပ်ဆင်စက်အင်အားရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ကာ နှစ်စဉ်လျှပ်စစ်ဓာတ်အား ၂၀ ဒသမ ၃၁၈ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်လုပ်နိုင်မည်ဖြစ်ပြီး လဟယ်မြို့နှင့် အနီးဝန်းကျင်ကျေးရွာများအား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးနိုင်မည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၂၃

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ

အင်းစိန်မြို့နယ်၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြို စာဖတ်ဝိုင်းပြုလုပ်

ရန်ကုန် နိုဝင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်စာပေဥယျာဉ်အသင်းနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ နိုဝင်ဘာ ၂၅ ရက်တွင် ကျရောက်မည့် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အကြို စာဖတ်ဝိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီက အင်းစိန်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်း၊ စာပေဥယျာဉ်အသင်း နာယကဆရာကြီး ဦးရန်နောင် (ရန်နောင်-ပညာရေး)၊ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတော်မြင့် (တော်မြင့်-ငှက်ဖျား) တို့က အမှာစကားပြောကြားသည်။ ထို့နောက် စာပေဥယျာဉ်အသင်းနှင့် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်စာရေးဆရာအသင်းနှင့် စာပေဥယျာဉ်အသင်းဝင်များဖြစ်ကြသော မော်ကျွန်းရဲခိုင်က အမျိုးသားနေ့တို့မမေ့ ကဗျာအကြောင်း၊ ရွှေဘုတ် (အင်းစိန်)က အမျိုးသားစိတ်ဓာတ်ရှင်သန်ထက်မြက်ရေးအကြောင်း၊ ရန်မိုးအောင် (အင်းစိန်)က မြင်းမူ-မောင်နိုင်မိုး ရေးသားသည့် အမျိုးသားအောင်ပွဲနေ့ ကဗျာအကြောင်းနှင့် ဖြိုးဝေ(ကိုကို-အင်းစိန်)က လူငယ်များနှင့် မျိုးချစ်စိတ်ဓာတ်အကြောင်းတို့ကို စိတ်ဝင်စားဖွယ်ဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၇/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၃

ဧရာဝတီ တိုင်းဒေသကြီးအတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၇/၂၀၂၄)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအားယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများက အနောက်တောင်တိုင်းစစ်ဌာနချုပ် တပ်နယ်အားကစားရုံ၌ သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၇/၂၀၂၄) သို့ တက်ရောက်မည့်နိုင်ငံ့သားကောင်းရတနာများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၃

ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် ခရေရိပ်သာ၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး စာပေဟောပြော

နေပြည်တော် နိုဝင်ဘာ ၂၃

မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)သည် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ယနေ့နံနက် ၁၁ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပပြုလုပ်သော စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာပေဟောပြောပွဲအခမ်းအနား၌ စာပေရေးရာများ သွားရောက် ဟောပြောခဲ့ကြောင်းနှင့် ကျောင်းသား ကျောင်းသူများ စုံညီစွာ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ဇလွန်မြို့၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များဖြန့်ဝေ

ဇလွန် နိုဝင်ဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့၌ နိုဝင်ဘာ ၂၅ ရက်တွင် ကျရောက်မည့် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အသိပညာပေး သတင်းစကားလက်ကမ်း စာစောင်များကို ယမန်နေ့ညနေ ၃ နာရီတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြင့်သိန်းနှင့် ဝန်ထမ်းများက အထက(၂)မြို့မကျောင်း၌ သွားရောက်၍ အခမဲ့ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ လက်ကမ်းစာစောင်တွင် ၂၀၂၄ ခုနှစ်(၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ၊ အမျိုးသားရေးစိတ်ဓာတ်အားမာန်ဆောင်ပါး၊ ဗြိတိသျှတို့ပြဋ္ဌာန်းသော ကျွန်ပညာရေးဥပဒေ၊ ဗိုလ်ချုပ်အောင်ဆန်း၏ အမျိုးသားညီညွတ်ရေးညီလာခံမိန့်ခွန်းကောက်နုတ်ချက်၊ အမျိုးသားအောင်ပွဲနေ့ ကဗျာနှင့် ကာတွန်းများပါဝင်ကြောင်း သိရသည်။

ဝေယံ – ဇလွန်(ပြန်/ဆက်)

အမျိုးသားနေ့ တို့မမေ့

☆ အကျင့်လည်းတန်
အကြံသေးနုပ်၊ စိတ်ထားယုတ်နှင့်
အုပ်ချုပ်ခြယ်လှယ်၊ ရင်နာဖွယ်ပေါ့
နယ်ချဲ့ဆိုးဝါး၊ ဖိနှိပ်အားလျှင်
ဘိုးဘွားတစ်တွေ၊ နစ်နာစေခဲ့
နယ်မြေဆုံးရ၊ ကျွန်ဘဝမှ
ရုန်းထဖို့ရေး အချက်ပေးချိန်။

☆ အရိပ်ခိုလျက်
အခက်ချိုးချိုး၊ စိတ်ဓာတ်မျိုးနှင့်
အုပ်စိုးဖို့ရာ၊ ကြံဆကာဖြင့်
မြန်မာတို့ကျောင်း၊ ရှိမကောင်းသို့
အကြောင်းယိုင်နဲ့၊ အကျိုးမဲ့အောင်
နှောင်ဖွဲ့နည်းနာ၊ လမ်းဖွင့်လာ၍
မြန်မာသားတို့ နိုးကြားချိန်။

☆ မြန်မာလူမျိုး
တန်ခိုးမှိန်မှိန်၊ အရှိန်မလင်း
ညံ့ဖျင်းနေအောင်၊ ကြံဆောင်မှုဖက်
ကျွန်သက်ရှည်ကြာ၊ ကျွန်ပညာကို
ခိုင်မာပြဋ္ဌာန်း၊ မူကြမ်းဥပဒေ
ဖြစ်စေဖို့လုပ် အိုနယ်ချဲ့။

☆ ချင့်ချင့်ချိန်ချိန်
အတိမ်အနက်၊ တွက်အချက်နှင့်
လှည့်ကွက်ပုံရိပ်၊ သိစိတ်လှုံ့နှိုး
အမျိုးသားရေး၊ နိုးကြားတေးနှင့်
ဖေးကူရာနှုန်း၊ ညီညွတ်ထုံးနှင့်
အုန်းအုန်းကျက်ညံ၊ မျိုးချစ်မာန်နှင့်
ကျွန်ခံရှည်ကြာ၊ ကျွန်ပညာကို
မှန်စွာရှုတ်ချ အောင်ပွဲစ။
ရှေးဘိုးရှေးဘွား သတ္တိပြ။

☆ အော် တစ်ချိန်ခါက
ယုတ်မာမာန်ယစ်၊ ကျွန်စနစ်ကြောင့်
နှံ့နစ်မွဲပြာ၊ ကျွန်ပညာကို
ရရာလက်နက်၊ သပိတ်စက်ဖြင့်
အသက်သွေးချွေး၊ ရန်ဘေးမထီ
မအီစိတ်နှင့် တွန်းလှန်ပေ့
အမျိုးသားနေ့ တို့မမေ့။ ။

ဖိုလေးလုံးသောင်းကိုကို

ဝတ္ထုတို

✻ မောင်ကြည်လင်(ရွှေကြိုးကြာ)

(၁)

မြသားရောင်ကောင်းကင်ထက်တွင် ထိန်ထိန်သာနေသော လမင်းကြီးကို ဝန်းရံခစားနေသည့် ကြယ်ကလေးများက စိန်တုံးစိန်ခဲလေးများသဖွယ် တင့်တယ်လွန်းသည်။ ထိုလမင်းကြီးကို ပြတင်းပေါက်မှ ငေးကြည့်နေသည့် အမေအို၏ မျက်လုံးများတွင် ဝမ်းနည်းရိပ်ကို အထင်းသား မြင်နေရသည်။

“လမင်းကြီးက သာလိုက်တာ၊ ကြယ်ကလေးတွေလည်း လှလိုက်တာ၊ ကောင်းကင်ကြီးလည်း သာယာလိုက်တာ”

အမေအိုက တစ်ယောက်တည်း တိုးတိုးလေးစကား ပြောလိုက်သည်။

“ ဝုန်း--”

“ အိုးအမယ်လေးဟဲ့ ဘယ်သူတုန်း”

အမေအို၏အသံက ကြောက်လန့်စိုးထိတ်လျက်ရှိသည်။ ရုတ်တရက် တံခါးကို တွန်းဖွင့်လိုက်သဖြင့် ပေါ်ထွက်လာသည့်အသံကြောင့် အမေအို မေးလိုက်ခြင်းဖြစ်၏။ လက်ထဲတွင် အထုပ်တစ်ထုပ်ကိုပွေ့လျက် အမျိုးသားတစ်ဦး အခန်းထဲကို ဝင်လာသည်။

“ အမေ၊ အမေ”

“မင်းကဘယ်သူလဲ၊ မင်းကို အမေ မသိဘူးကွယ်”

အမေအိုက တုန်ရီသော အသံဖြင့် မေးလိုက်သည်။

“ကျွန်တော် ချစ်ဝေပါအမေ၊ ချစ်ဝေပါ”

“ဘာ၊ မင်းက ချစ်ဝေ၊ ချစ်ဝေ ဟုတ်လား၊

“ဟုတ်ပါတယ်အမေ”

“မင်း ဘယ်တွေသွားနေတာလဲ၊ ဘာဖြစ်လို့ နှစ်တွေအများကြီးကြာမှ ပြန်လာရတာလဲ၊ အမေ့ကိုပြောစမ်းပါ ချစ်ဝေ”

အမေအို၏ မျက်လုံးများတွင် မျက်ရည်စများတွဲခိုလာသည်။ ချစ်ဝေ ပိုက်ထားသည့်အထုပ်ကလေးကိုအမေအို သေချာကြည့်လိုက်သည်။

“အို ကလေးလေး၊ ကလေးလေး”

(၂)

“ငါ့မှာတန်ဖိုးရှိတာဆိုလို့ မင်းတို့ အဖေပေးခဲ့တဲ့ နားကပ်လေးပဲရှိတယ်”

“ဘယ်မှာလဲ နားကပ်ပေးစမ်း”

အမေအိုက ဗီရိုထဲမှ အိတ်လေး တစ်လုံးကို သွားယူလာပြီး အိတ်ကို ဖွင့်လိုက်သည်။

“ ရော့ဒီမှာ”

အမေအိုဖြစ်သူလက်ထဲကနားကပ်လေးကို ချစ်ဝေလှမ်းယူလိုက်သည်။

“အမေ့နားကပ်ကို သွားရောင်းပြီး ခရီးစရိတ်လုပ်သွားမယ်”

ကြားလိုက်ရသော စကားကြောင့် အမေအို မျက်နှာအရောင်ဖျော့သွားသည်။

“မလုပ်ပါနဲ့သားရယ်၊ ဒါသားအဖေရဲ့ မင်္ဂလာဦးလက်ဆောင်မို့ပါ”

“ဒါဆို သားကဘယ်ကပိုက်ဆံနဲ့ သွားရမလဲ၊ ဟိုရောက်လို့ အလုပ်အဆင်ပြေရင် အမေ့ကို ဒါထက်တန်ဖိုးကြီးတဲ့ နားကပ်ပြန်လုပ်ပေးမှာပါ”

“တန်ဖိုးဆိုတာ ဘာကိုပြောတာလဲ ချစ်ဝေ၊ ဒီနားကပ်ကလေးက ပေးဝယ်ရတဲ့ ငွေနည်းလို့ တန်ဖိုးနည်းနေရင်တောင် မင်းအဖေရဲ့မေတ္တာတွေနဲ့ ပေးခဲ့တာမို့ အမေ့အတွက်တော့ တန်ဖိုးကြီးမားပါတယ်”

“အမေကလဲဗျာ၊ ကျုပ်က အားလုံး စီစဉ်ပြီးပြီ”

တင်းမာသွားသော သား၏အသံကြောင့် အမေအို ရုတ်တရက်တုန်လှုပ်သွား၏။

“သားဆန္ဒရှိသလိုသာ လုပ်ပါ၊ ဒါပေမဲ့ နားကပ်လေးကိုမရောင်းဘဲ အပေါင်အဖြစ်ပဲထားပါ၊ သားအဆင်ပြေလို့ ငွေပို့တဲ့အခါ ပြန်ရွေးထားမယ်”

ချစ်ဝေ၏ စကားအဆုံးတွင် အမေအိုသည် အဝတ်အိတ်ကိုလွယ်ကာ ထွက်သွားသော သားဖြစ်သူကို ရီဝေသောမျက်လုံးများဖြင့် ငေး၍ကျန်ရစ်ခဲ့လေသည်။

(၃)

အမေအို ဈေးကပြန်လာချိန်တွင် နေအတော်မြင့်နေပြီဖြစ်သည်။ ဈေးဗန်းကိုချလျက် အမောပြေရေသောက်လိုက်သည်။

“အမေကြီး မောနေပြီလား၊ ဈေးရောင်းကောင်းရဲ့လား”

အိမ်ရှေ့မှ ထွက်ပေါ်လာသည့်အသံကြောင့် အမေအိုညှိုးလျှစွာပြုံးလိုက်သည်။

“မလှရီ လာလေ၊ အခုမှပြန်ရောက်တာပါ”

မိမိထံလျှောက်လာသည့် မလှရီကို ငေးကြည့်ရင်း အမေအိုငိုင်နေသည်။

“အခြေနေဘယ်လိုလဲ အမေကြီး”

“ဈေးရောင်းပါးတယ် မလှရီရယ်၊ ဒါပေမဲ့ ဝမ်းစာရှိသေးတော့ လုပ်ကိုင်နေရတာပဲပေါ့”

အမေကြီးက မလှရီကို ပိုက်ဆံလှမ်းပေးလိုက်သည်။

“ကျွန်မလည်း စာနာပါတယ်၊ နေ့ပြန်တိုးဆိုပေမယ့် အမေကြီးအပေါ် အတိုးအများကြီး မယူထားပါဘူး”

“သိပါတယ် မလှရီရယ်၊ ခုလို အတိုးနည်းနည်းနဲ့ ငွေချေးပေးနေတာကိုပဲ အမေကြီးဝမ်းသာပါပြီကွယ်”

“လိုအပ်ရင်ပြောပါ၊ ကူညီနိုင်တာလေး ကူညီပါမယ်”

“ကျေးဇူးပါကွယ်”

“ပြန်ဦးမယ်အမေကြီး”

“ အေးအေး မလှရီ”

“ ဟူး”

မလှရီ၏ကျောပြင်ကို ကြည့်၍ အမေအို သက်ပြင်းရှည်ကြီးချလိုက်သည်။ အမေအိုက အတွင်းခံအင်္ကျီအိတ်ကပ်ထဲတွင် သိမ်းထားသည့်သော့ဖြင့် သေတ္တာကို ဖွင့်၍ စုဘူးလေးကို ယူလိုက်သည်။ စုဘူးပေါ်တွင် ရေးထားသည့် စာသားလေးကို ရွတ်ဖတ်လိုက်သည်။ အမေအိုမျက်နှာ ပြုံးလာသည်။ စုဘူးထဲသို့ ငွေစက္ကူအချို့ကို ထည့်လိုက်လေသည်။

(၄)

အိမ်ရှေ့ကွပ်ပျစ်တွင် ထိုင်နေသော အမေအို၏မျက်နှာသည် ညှိုးနွမ်းလျက်ရှိနေသည်။ လက်တစ်ဖက်က ပဝါစကို ဆုပ်ကိုင်ထားသည်။

“ငါမရှိရင် နင်ဒုက္ခတွေ့မယ်နော် အမေကြီး”

“ တွေ့စရာလား အဖေကြီးရယ်၊ သားတစ်ယောက်လုံးရှိတာ၊ အားကိုးစရာရှိပါတယ်”

“ခက်တယ်အမေကြီးရယ်၊ သားကို အလိုလိုက်တာ လျှော့သင့်ပြီး သူ့အနာဂတ်အတွက်စိတ်ပူသလို အမေကြီးရဲ့ နေဝင်ချိန်ကိုလည်း စိုးရိမ်တာအမှန်ပဲ”

အမေကြီး၏ ပါးပြင်နှစ်ဖက်တွင် မျက်ရည်စတို့ စီးဆင်းနေသည်။

“ကျုပ်ကိုစိုးရိမ်နေတဲ့သူက သေမင်းဆီအရင်သွားနှင့်နေပြီမဟုတ်လား အဖေကြီးရေ၊ အဖေကြီးပြောသလို ကျွန်မရဲ့ နေဝင်ချိန်တွေက အထီးကျန်နေပြီ၊ အရောင်မဲ့လာပြီ၊ ပြီးတော့ နေဝင်ချိန်ကို စမ်းတဝါးဝါးနဲ့ လျှောက်လှမ်းနေရပြီ အဖေကြီးရေ”

စကားလုံးများက အမေကြီး၏နှုတ်မှ အဆက်မပြတ်ထွက်ပေါ်လာ၏။ ပတ်ဝန်းကျင်ကငြိမ်သက်နေ၏။ တစ်ချက်တစ်ချက်ထွက်ပေါ်လာသည့် ခွေးအူသံက ငြိမ်သက်မှုကို ခြောက်လန့်နေသည်နှင့်တူ၏။ ထိုင်ရာမှ အမေအိုထလာသည်။ ခြေလှမ်းများက အိမ်ကလေးရှိရာသို့ ဦးတည်နေသည်။ အမေအို၏ပါးက မျက်ရည်စများက သုတ်ပေးသူမရှိဘဲ လေနှင့်အတူ ခြောက်သွေ့သွားလေသည်။

(၅)

အမေအို၏အိမ်တွင် လူအများ ရုတ်ရုတ်သည်းသည်း ဖြစ်နေသည်။ ဝင်လာသူလည်းရှိသည်။ ထွက်သွားသူလည်းမနည်းလှပေ။ တချို့က စကားဖောင်ဖွဲ့နေကြသည်။အမေအိုကလဲလျောင်းနေသည်။ အမေအို၏မျက်နှာသည် ဖြူဖက်ဖြူရော်ဖြစ်နေသည်။ ခန္ဓာကိုယ်တစ်ခုလုံး သွေးများခန်းခြောက်နေသည့် အလားထင်မှတ်ရသည်။

“အမေအို ဘာဖြစ်တာလဲ၊ သနားစရာပါပဲဗျာ၊ သားဖြစ်သူကလည်း အနားမှာမရှိဘူး”

ရပ်မိရပ်ဖတစ်ဦးက အမေအို၏ ဖြစ်ရပ်ကို မကြည့်ရက်စွာဖြင့် စကားဆိုလာသည်။ အမေအိုသည် မေးသူကိုလည်း ဖြေကြားခြင်းမရှိ ငြိမ်သက်လျက်ပင်ရှိနေသည်။

“တီး တီး”

ဆိုင်ကယ်ရပ်သံကြောင့် အားလုံး၏ အကြည့်က အိမ်ရှေ့သို့ရောက်သွား၏။

“ ချစ်ဝေ ချစ်ဝေ”

အသံက တစ်ပြိုင်နက်တည်း ထွက်ပေါ်လာသည်။ အိမ်ထဲအရောက်တွင် အမေအိုကို ချစ်ဝေရှာနေမိသည်။

“ဟိုမှာလေ မင်းအမေ”

ရပ်မိရပ်ဖတစ်ဦးက ညွှန်ပြလိုက်၏။

“အမေ အမေ၊ သားလေဗျာ၊ သား ပြန်လာပြီ”

အမေအို၏ မျက်လုံးများက ညင်သာစွာပွင့်လာသည်။

“ သား၊ သား၊ ငါ့သား”

“ဟုတ်ပါတယ်၊ အမေ့သားလူဆိုးကြီးလေ၊ အမေ့ကိုပစ်ပြီး ထင်ရာဆိုင်းခဲ့တဲ့ လူမိုက်ကြီးလေ”

“အိုး၊ ဒါနဲ့ ကလေးလေးရော၊ ကလေးလေး”

“ဘယ်ကကလေးလဲအမေ”

“ဟိုတစ်ညတုန်းက မင်းအမေ့ဆီ ပြန်လာတယ်လေ၊ မင်းလက်ထဲမှာ ကလေးလေးတစ်ယောက် ပါလာတယ်လေ”

အမေအို၏စကားကြောင့် ချစ်ဝေ ပတ်ဝန်းကျင်ကလူများဆီသို့ ဝေ့ကြည့်လိုက်သည်။

“ဒီလို ချစ်ဝေ၊ လွန်ခဲ့တဲ့တစ်ပတ်လောက်ကစပြီး အခုလို ကယောင်ကတမ်းတွေပြောနေတာ၊ ခုလိုမဖြစ်ခင် လသာတဲ့ညတစ်ညမှာ မင်းအမေက စိတ်ချောက်ချားပြီး မင်းပြန်လာတယ်အထင်နဲ့ တစ်ယောက်ထဲ စကားပြောနေတတ်တယ်၊ မင်းလက်ထဲမှာ အဝတ်ဖြူနဲ့ထုပ်ထားတဲ့ အရာက ကလေးငယ်တစ်ယောက်လို့ သူကထင်နေတာ၊ အမှန်တော့ အဲဒီညက ဟိုကြောင်မလေးက အိမ်တံခါးကိုတွန်းဖွင့်ပြီးဝင်လာတယ်၊ ပြီးတော့ သားကလေး သုံးကောင်ပေါက်တယ် ချစ်ဝေ”

သူငယ်ချင်းဖြစ်သူ ဘမြင့်စကားကြောင့် ချစ်ဝေကြောင်သားအမိကို ကြည့်လျက် ငိုင်ကျသွားသည်။

“မင်း အိမ်ကထွက်သွားပြီး ဘယ်တွေရောက်နေလဲ ချစ်ဝေ”

“ငါ နယ်စပ်ထိရောက်သွားတယ်၊ ရသမျှအလုပ်ကို လုပ်တယ်၊ အဆင်မပြေပါဘူးကွာ၊ အမေ့ကိုအမြဲသတိရတယ်၊ ငါ့မျက်လုံးထဲမှာ နားကပ်မဲ့နေတဲ့ အမေနားရွက်လေးနှစ်ဖက်ကိုပဲ မြင်နေမိတယ်၊ ဒါကြောင့် အမေ့နားကပ်လေးပြန်ရွေးဖို့ ငွေရရချင်း ပြန်လာခဲ့တာပဲ”

“မင်းပြန်လာတော့ မင်းရဲ့အမေ အားရှိတာပေါ့ ချစ်ဝေ၊ မင်းအမေရဲ့ လက်ကျန်ဘဝတွေကို အကောင်းဆုံးဖြစ်အောင်မင်းပြုစုပါ၊ မိဘကျေးဇူးကို မိဘရှိနေချိန်မှာပဲ ပြုစုခွင့်ရတာပါ သူငယ်ချင်းရာ”

“စိတ်ချပါကွာ၊ ငါအမေ့ဘေးမှာနေပြီး အမေရဲ့နောက်ဆုံးအချိန်အထိ အမေ့အတွက် ခွန်အားအဖြစ် ရပ်တည်သွားမှာပါ”

သို့နှင့် အမေအို၏လက်ကို ချစ်ဝေ ဆုပ်ကိုင်ထားလိုက်သည်။

(၆)

ချစ်ဝေသည် အိမ်တံခါးဂျက်ကလေးကိုဖွင့်ကာ လှေကားအတိုင်း အိမ်ပေါ်မှ ဆင်းလာခဲ့သည်။ လက်ထဲတွင် ကိုင်ထားသော ဆွမ်းနှင့်ဟင်းပန်းကန်များကို အိမ်ရှေ့စားပွဲပေါ်တွင် တင်ထားလိုက်၏။ ချစ်ဝေအိမ်ထဲသို့ပြန်ဝင်လိုက်သည်။ အမေအိုကို လက်တွဲကူလျက် ဆွမ်းဟင်းများတင်ထားသည့်စားပွဲဆီသို့ ခေါ်ဆောင်လာသည်။

မကြာမီ ရောက်ရှိလာသည့်ဆွမ်းတန်းသံဃာများအား အမေအိုက ဆွမ်းဟင်းများကို လောင်းလှူနေသည်။ အမေအိုကို ကြည့်လျက် ချစ်ဝေကြည်နူးမိသည်။ အမေအိုက ချစ်ဝေကို ခေါင်းညိတ်ပြနေသည်။ ပြီးတော့ ပြုံးပြနေသည်။ အမေ့အပြုံးကို ချစ်ဝေကောင်းစွာသိပါသည်။

နံနက်ခင်းဆည်းဆာ အောက်မှာ အမေ့အပြုံးများက ရွှင်ပျနေသည်။ အမေ့မျက်ဝန်းများက တောက်ပနေသည်။ အမေ့နားကပ်လေးလည်း အရောင်လဲ့နေ၏။ ကျွန်တော်ထင်ပါသည်။ ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ တရားဘာဝနာရှာဟုဆိုလျှင် ချစ်ဝေအမေ၏အရွယ်သည် မည်သည့်အရွယ်ဟု ဆိုရမည်နည်း။ သားသမီးကံမကောင်းလျှင် မိဘများ အိုကံညံ့သည်ဟု ဆိုသော် ချစ်ဝေအမေ၏ အိုကံသည်ကား---။ ။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍအတွက် စာမူများပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ် မောင်မယ်များအနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာ အပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်း မရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

စာတည်းအဖွဲ့

ဆောင်းဦးကကြိုး

❂ ဆောင်းဟေမန် ကန့်လန့်ကာဖွင့်လို့
ဖြန့်ကြက်ကာလွင့် နှင်းမှုန်လွှာ၊
မြောက်ပြန်လေ တစ်ရေးနိုးလို့
အပြေးခိုးဝင်လာ၊
တိုင်းဝသုန်မြေလွှာ
သိုင်းခြုံလေကာ နှင်းမြူဆိုင်း၊
ဖြိုးစွာရာသီ နှင်းထုထပ်လို့
ရပ်ရှစ်ခွင်ဝိုင်း။
❂ ပင်မြင့်ယံ သိုင်းယှက်လို့
ကိုင်းခက်တို့ ဝေဝေဆာ၊
ငွေသဇင် တော်ဝင်ပန်းက
နန်းစံလှစွာ၊
ဂမုန်းပန်းတို့ ပြိုင်ဆိုင်ကာ
ကြိုင်လှိုင်စွာ ရနံ့သင်း၊
သိင်္ဂီရောင် ခဝဲပန်းတို့
လန်းဆန်းလို့ဝင်း။
❂ ရွှေဝါရောင် စပါးခင်းက
ဝင်းဝါလို့ တစ်ခွင်တစ်ပြင်၊
သာရကာ ကျေးငှက်တို့
တေးသံကလွင်၊
စပါးရိတ်ကြ ပျော်ပျော်ရွှင်
လယ်ယာပြင် အေးချမ်းစွ၊
ညနေချိန် နေညိုသမ်းတော့
(ကျေးငှက်တို့)
အိပ်တန်းပြန်ကြ။ ။

ရွှေတိုး(ထုံးဘို)

လူ့ဘဝလမ်း လျှောက်လှမ်းရာဝယ်

❖ မှားနေက ပြုပြင်ပါ
မှန်ရာကို လုပ်ဆောင်ဖို့။
တို့တစ်တွေ ညှိနှိုင်းရင်း
ရိုင်းပင်းကြစို့။
❖ အတွေးခေါ် မှန်ကန်ဖို့
အကြံဉာဏ်တို့ ရယူပါ
နည်းလမ်းဖွေရှာ။
အမှားတို့ ပြင်မှသာ
အောင်မြင်မှာ လူ့ဘဝ။
အချိန်ကို တန်ဖိုးထား
စဉ်းစားလုပ်ကြ။
❖ ကံနှင့်ဉာဏ် ဝီရိယ
ဇွဲလုံ့လ ရှိပါစေ။
အခက်ခဲကို ကျော်ဖြတ်လို့
အဆုံးသတ်လေ။
ဒုက္ခတို့ မှုမနေ
ခုအခြေ ပိုကြိုးစား။
နက်ဖြန်ခါ သင့်အတွက်
မျှော်လင့်ချက်ထား။ ။

သီရိဟန်နိုင် (ပုလဲ)

ဆောင်းပါး

အမျိုးသားနေ့နှင့် လူငယ်တို့၏ အခန်းကဏ္ဍ

■ ဇင်မင်းစိုး (ဗိုလ်ကလေး)

၁၃၈၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့သည် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဖြစ်ပါသည်။ ယခုနှစ်၏ ဆောင်ပုဒ်မှာ "ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့၊ တစ်မျိုးသားလုံး ညီညွတ်စို့" ဖြစ်ပြီး လူငယ်များအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ငြိမ်းချမ်းစေရန်အတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေရန် လမ်းညွှန်ထားပါသည်။

တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားအောင်ပွဲနေ့အဖြစ် သတ်မှတ်ရခြင်းမှာ ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၅ ရက် (မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်) သည် ရန်ကုန်တက္ကသိုလ်နှင့် ဂျပ်ဆင်ကောလိပ်ကျောင်းသားများက ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် သပိတ်မှောက်သောနေ့ဖြစ်သောကြောင့် ဖြစ်ပါသည်။ ယင်းသို့ သပိတ်မှောက်လိုက်ခြင်းသည် မြန်မာနိုင်ငံကို ဗြိတိသျှတို့ သိမ်းပိုက်လိုက်သည်မှစ၍ ၎င်းတို့၏ လက်အောက်မှ လွတ်မြောက်ရေးအတွက် အမျိုးသားတော်လှန်ရေးကြီးကို စတင်လိုက်ခြင်းပင် ဖြစ်ပါသည်။ ထိုသပိတ်ကြီးမှ တဖွားဖွားပေါ်ထွက်လာသော ဝံသာနုစိတ်ဓာတ်ဖြင့် အမျိုးသား စည်းလုံးညီညွတ်မှုကို တည်ဆောက်ကာ လွတ်လပ်ရေးတိုက်ပွဲ ဆင်နွှဲခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် လွတ်လပ်ရေးရရှိပြီးသည့်တိုင် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကိုပင် အမျိုးသားနေ့အဖြစ် ဆက်လက်အသိအမှတ်ပြုခဲ့သည်။

အမျိုးသားနေ့သည် ပထမဦးဆုံး နယ်ချဲ့အင်္ဂလိပ်အစိုးရကို ရဲရင့်စွာ ဆန့်ကျင်ဆန္ဒပြခဲ့သောနေ့ ဖြစ်ပါသည်။ လူငယ်များပီပီ နယ်ချဲ့အစိုးရကို ကြောက်မနေဘဲ ရဲဝံ့စွာ ဆန္ဒပြခဲ့ကြလေသည်။ ကျောင်းသားကျောင်းသူများ၏ ရဲဝံ့သော စိတ်ဓာတ်ဖြင့် နယ်ချဲ့အစိုးရကို တော်လှန်သောစိတ်ဓာတ်အား အတုယူလေးစား ဂုဏ်ပြုသောကြောင့် အမျိုးသားနေ့အဖြစ် သဘောတူသတ်မှတ်ခဲ့ကြခြင်း ဖြစ်ပါသည်။

မတရားမှုကို ငုံ့မခံတတ်သော ထိုခေတ်က လူငယ်များ၏ ဇာတိသွေး ဇာတိမာန် ထက်သန်နိုးကြားခဲ့ပုံကို လေးစားဖွယ် တွေ့မြင်ရပါသည်။ အရာရာတွင်ကျယ် တို့လူငယ်ဆိုသည့်အတိုင်း လူငယ်များ၏ ကြိုးစားအားထုတ်မှုဖြင့် ပညာရေးတွင် အောင်ပွဲရရှိသည်အထိ ဦးဆောင်နိုင်ခဲ့သည်။ လူငယ်များ၏ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် နိုင်ငံအနာဂတ်ကို လှပအောင် ထုဆစ်ခဲ့ကြလေသည်။

'ယနေ့လူငယ် နောင်ဝယ်လူကြီး' ဟူသည့် ဆိုစကားအတိုင်း ယနေ့လူငယ်များသည် အနာဂတ်၏ ခေါင်းဆောင်များပင် ဖြစ်ကြပါသည်။ အနာဂတ်နိုင်ငံတော်၏ နိုင်ငံရေး၊ ပညာရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ စည်ပင်သာယာဝပြောမှုသည် ယနေ့လူငယ်များ၏အသိဉာဏ်ပညာ အတွေးအခေါ်မြင့်မားမှုနှင့် ကြိုးစားအားထုတ်မှုတို့အပေါ်တွင် များစွာမူတည်သည်။ သို့ဖြစ်၍ နိုင်ငံ့ ခွန်အားအစစ်ဖြစ်သော လူငယ်လူရွယ်လေးများကို ကျောင်းနေစဉ်အရွယ်မှစ၍ နည်းလမ်းမျိုးစုံဖြင့် ပြုစုပျိုးထောင်ပေးရန် လိုအပ်လှပါသည်။ လူငယ်များကို အရည်အချင်းပြည့်ဝသည့် လူကောင်းလူတော်လေးများ ဖြစ်လာစေရန် များစွာပြုစုပျိုးထောင်ပေးကြရမည် ဖြစ်ပါသည်။

လူငယ်ဘဝသည် လူတစ်ဦး၏ ဘဝအစပိုင်းကာလဖြစ်ပါသည်။ ပထမအရွယ်ဖြစ်၍ ပညာရှာသည့်အရွယ်လည်း ဖြစ်သည်။ လူငယ်တိုင်း လူငယ်တိုင်းသည် မိမိကိုယ်ကို ကောင်းအောင်ကြိုးစားရန်၊ မိမိပတ်ဝန်းကျင် ကောင်းအောင်ကြိုးစားရန်၊ မိမိဒေသကောင်းအောင် ကြိုးစားရန်နှင့် မိမိနိုင်ငံကောင်းအောင် တစ်ဆင့်ပြီးတစ်ဆင့် ကြိုးစားကြရန် လိုအပ်လှပါသည်။

လူငယ်များသည် နိုင်ငံ့အနာဂတ်အတွက် အင်အားများပင် ဖြစ်သည့်အားလျော်စွာ လူငယ်များ ပြုစုပျိုးထောင်ရေးကို အလေးအနက်ထား ဆောင်ရွက်ကြရန် လိုအပ်လှပါသည်။ လူငယ်လေလွင့်မှုအရေအတွက်သည် နိုင်ငံအနာဂတ်အတွက် အင်အားပြုန်းတီးမှုပင်ဖြစ်ရာ လူငယ်ပြုပြင်ထိန်းသိမ်းမှုများကို မေတ္တာ၊ စေတနာ၊ ဝါသနာ၊ အကြင်နာတို့ဖြင့် အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်လှပါသည်။

လူငယ်များသည် မိမိကိုယ်ကို အမြဲတမ်းဝေဖန်ဆန်းစစ်နေကြရမည် ဖြစ်ပါသည်။ လူငယ်ဘဝကပင် မိမိယုံကြည်ရာကို တစိုက်မတ်မတ် လုပ်ကိုင်တတ်သူများမှာ ထူးချွန်သူများ ဖြစ်လာကြလေသည်။ လောကတွင် အဆိုးနှင့်အကောင်း၊ သုခနှင့် ဒုက္ခ၊ ပျော်ရွှင်ခြင်းနှင့် စိတ်ညစ်ခြင်းတို့သည် အမြဲဒွန်တွဲလျက်ရှိရာ လောကဓံတရားကို ကြံ့ကြံ့ခံရင်ဆိုင်ရင်း ရှေ့ဆက်လျှောက်လှမ်းကြရမည် ဖြစ်ပါသည်။

ယနေ့ခေတ်လူငယ်အများစုသည် လက်ကိုင်ဖုန်း၊ ကွန်ပျူတာတို့ကို အင်တာနက် ချိတ်ဆက်ကာ ကမ္ဘာအနှံ့ ဆက်သွယ်ဆောင်ရွက်နေကြလေရာ အကျိုးဖြစ်စေသော လုပ်ဆောင်မှုများကို ရွေးချယ်၍ လုပ်ကိုင်ကြရမည် ဖြစ်ပါသည်။ လူငယ်များ၏ ပင်ကိုရှိသော မိမိ၏ စွမ်းဆောင်ရည်ကောင်းများကို ကောင်းသောစွမ်းအားသစ်အဖြစ် ပြောင်းလဲဖန်တီးရင်း အနာဂတ်ကမ္ဘာသစ်ဆီ ချီတက်ကြရပေမည်။ ထိုအခါ အောင်မြင်ခြင်း၊ ညီညွတ်ခြင်း၊ ပျော်ရွှင်ချမ်းမြေ့ခြင်းတို့သည် လူငယ်ထုထံသို့ မလွဲမသွေရောက်ရှိလာမည်မှာ အမှန်ဧကန်ပင် ဖြစ်လေသည်။

'ကျမ်းစာသိမြင်၊ တတ်အောင်သင်လေ့
ပေါ်လွင်မပြု၊ ကောင်းရာတုလျက်
ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍
ကောင်းကျိုးကိုယ်၌ တည်စေမင်း' ဟူသော

ရခိုင်သူမြတ်၏ လောကသာရပျို့လာ ဆုံးမစာအရ လူငယ်များအနေဖြင့် စာပေအတတ်ပညာများကို ငယ်ရွယ်စဉ်မှာ လေ့လာသင်ယူ၍ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားကြရမည်ဖြစ်ပါသည်။ လူငယ်များကောင်းမှ နိုင်ငံအနာဂတ်လည်း ကောင်းမည်ဖြစ်ရာ လူငယ်များအား စနစ်တကျ ပြုစုပျိုးထောင်ကြရန် လိုအပ်လှပါသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်မှာ လူငယ်များ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုသည် အလွန်အခရာကျလှလေသည်။ လူငယ်များသည် ထူးခြားသော အားမာန်များကို ပိုင်ဆိုင်ထားကြလေသည်။ စိတ်ဓာတ်တက်ကြွခြင်း၊ စူးစမ်းလိုခြင်း၊ စွန့်စားလိုခြင်း၊ အများ၏ အားထားမှုကို ခံယူလိုခြင်း၊ ကိုယ်ကျိုးစွန့်ရန် ဆန္ဒရှိခြင်း၊ ကာယအားဖြင့် အပြည့်အဝရှိခြင်းတို့မှာ လူငယ်တို့၏ အားမာန်များ ဖြစ်ကြလေသည်။ လူငယ်များသည် အနာဂတ်နိုင်ငံတော်၏ တာဝန်များကို လက်ဆင့်ကမ်းပခုံးပြောင်း ထမ်းဆောင်နိုင်ရေး၌ ကာယဗလ၊ ဉာဏဗလ၊ မိတ္တဗလ၊ စာရိတ္တဗလ၊ ဘောဂဗလဟူသည့် ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်လူရွယ်များ ဖြစ်လာအောင် မိဘဆရာသမားများက ပြုစုပျိုးထောင် မွေးထုတ်ပေးရန် အလွန်အရေးကြီးလှပါသည်။

အကျင့်စာရိတ္တကောင်းမွန်ပြီး အသိဉာဏ်ဖွံ့ဖြိုးသော လူငယ်များဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးနိုင်မှသာ ပိုမိုကောင်းမွန်သော အနာဂတ်နိုင်ငံတော်ကို ဖန်တီးနိုင်မည် ဖြစ်ပါသည်။ တိုင်းပြည်၏ အနာဂတ်တည်ဆောက်ရေး လုပ်ငန်းများအတွက် အားကိုးအားထားရသည့် လူ့စွမ်းအားအရင်းအမြစ်များသည် လူငယ်များသာ ဖြစ်လေသည်။ လူငယ်များသည် ခေတ်မီနည်းပညာများကို သင်ယူတတ်မြောက်လွယ်ပြီး ပြန်လည်အသုံးချရာတွင် အောင်မြင်မှုများစွာ ရရှိကြလေသည်။ နိုင်ငံတိုင်း နိုင်ငံတိုင်းတွင် စွန့်ဦးလူငယ်များမှာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လျှပ်စစ်အင်တာနက် နယ်ပယ်များတွင် ထူးချွန်ထက်မြက်ကြသူများ ဖြစ်ကြလေရာ နိုင်ငံအနာဂတ်အတွက် အလွန်အရေးပါသော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ကြလေသည်။

လူငယ်လူရွယ်များသည် ပင်ကိုအားဖြင့် အစွမ်းအစရှိပြီးသား ဖြစ်ကြလေသည်။ လူကြီး မိဘဆရာသမားများလည်း လူငယ်လူရွယ်တိုင်းကို တိုးတက်ကောင်းမွန်စေလိုသည်။ ဆရာထက် တပည့်က ထက်စေလိုသည်။ အဖေထက် သားက သာစေလိုသည်။ အစ်ကိုထက် ညီက မြင့်စေလိုသည်။ သို့မှသာ မျိုးဆက်သစ်များ တိုးတက်ကြီးပွားလာမည် ဖြစ်ပါသည်။

လူငယ်တို့သည် အစွမ်းအစများ ကိုယ်စီရှိကြပါသည်။ သို့သော် 'လေ့လော့၊ လေ့ခတ်ကောင်းသော်လည်း ရေကြောင်းမသိက မှောက်တတ်' သကဲ့သို့ 'လူတော်လူကောင်းဖြစ်သော်လည်း အပေါင်းအသင်းမတတ်က ချောက်ကျ' သကဲ့သို့သော အဖြစ်ဆိုးများကို သတိပြုကြရမည် ဖြစ်ပါသည်။ ထို့ပြင် လူငယ်လူရွယ်များသည် 'ဝါးကိုဖျက် ဝါးမျက်၊ လူကိုဖျက် အရက်' ဟူသော ဆိုစကားကဲ့သို့ အရက်၊ ဆေးလိပ်၊ ကွမ်းယာစသော မူးယစ်ဆေးဝါးသုံးစွဲခြင်းများကို ရှောင်ကြဉ်ကြရန် လိုအပ်လှပါသည်။

လူငယ်များအတွက် အချိန်သည် တန်ဖိုးအရှိဆုံး ဖြစ်ပါသည်။ လူတစ်ယောက်ဘဝတွင် မည်သည့်အခါမှ ပြန်မရနိုင်သည့်အရာမှာ အချိန်ဖြစ်ပါသည်။ အချိန်လွန်မှ နောင်တမရစေရန် အချိန်ရှိခိုက် လုံ့လစိုက်၍ မိမိအကျိုး၊ နိုင်ငံအကျိုးကို ကြိုးပမ်းစွမ်းဆောင်ကြရမည် ဖြစ်ပါသည်။ လူငယ်များအနေဖြင့် ပညာသင်ချိန်တွင် ပညာကို ကြိုးစားသင်ယူသင့်ပါသည်။ အားလပ်သောအချိန်တွင် စာဖတ်ကြရပေမည်။ အလုပ်လုပ်သောအချိန်တွင် အလုပ်ကို ကြိုးစားလုပ်ကိုင်၍ စုဆောင်းသင့်လေသည်။ မိမိကိုယ်ကို ယုံကြည်သောစိတ်အပြည့်ဖြင့် နိုင်ငံအနာဂတ်ကို အကောင်းဆုံးဖန်တီးကြရမည် ဖြစ်ပါသည်။

မြန်မာ့နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုများတွင်လည်း လူငယ်များသည် နိုင်ငံ၏ ဦးဆောင်ဦးရွက်မှုကဏ္ဍမှ ဦးဆောင်၍ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ကြပါသည်။ လူငယ်များသည် အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာအောင် အခက်အခဲများကြားမှ ကြိုးစားရုန်းကန် ရင်ဆိုင်ဖြတ်သန်းခဲ့ကြလေသည်။ လူငယ်များ၏ စည်းလုံးညီညွတ်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယကောင်းမှုတို့ကြောင့် နိုင်ငံ၏ လွတ်လပ်ရေးပါ အရယူနိုင်ခဲ့သည်အထိ အောင်မြင်မှုရယူနိုင်ခဲ့ပါသည်။

ကျွန်ုပ်တို့၏ အနာဂတ်သည် လူငယ်များ၏ လက်ထဲတွင် တည်ရှိလေရာ လူငယ်များ ကောင်းမွန်စေရေးအတွက် ကျွန်ုပ်တို့အားလုံးက ဝိုင်းဝန်းပူးပေါင်း ထိန်းကျောင်းတည့်မတ်ပေးရန် လိုအပ်လှပါသည်။ အနာဂတ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရာတွင် လူငယ်များ၏ စွမ်းပကားဖြင့် ကြိုးစားတည်ဆောက်ကြရမည် ဖြစ်ပါသည်။ နိုင်ငံတော်ကြီး အေးချမ်းသာယာဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းသာယာဝပြောရေးတို့အတွက် လူငယ်များ၏ လုပ်နိုင်စွမ်းအားနှင့် အခန်းကဏ္ဍကို ပိုမိုမြင့်တင်ဖော်ဆောင်ပေးရန် ဖန်တီးပေးကြရမည် ဖြစ်ပါသည်။

နိုင်ငံ၏ အုတ်တစ်ချပ်၊ သဲတစ်ပွင့်ဖြစ်သော လူငယ်များအား အသိပညာ၊ အတတ်ပညာများနှင့် လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြင့်ကာ လူ့စွမ်းအားအရင်းအမြစ် တိုးတက်မြင့်မားမှု စွမ်းအားဖြင့် နိုင်ငံအနာဂတ်ကို ကောင်းမွန်အောင် ကြိုးစားတည်ဆောက်ရန် လိုအပ်ကြောင်း တင်ပြလျက် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုကြိုဆိုအပ်ပါသည်။ ။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်မှာ ရွှေတွေလဲ ငွေတွေလဲ ဘယ်အသင်းဗိုလ်စွဲမလဲ

အားကစားပရိသတ်တစ်ဦး

အားကစားလောက၊ အားကစားနယ်ပယ်တွင် အောင်မြင်မှုအတိုင်းအတာကို ဆုတံဆိပ်၊ စံချိန်စံညွှန်းများဖြင့်သာ အကဲဖြတ်လေ့ရှိသည်။ ပြိုင်ပွဲအဆင့်အတန်းအပေါ်မူတည်၍ ဆုတံဆိပ်တန်ဖိုး၊ ဂုဏ်သိက္ခာများကလည်း ကွဲပြားခြားနားမှုရှိလေသည်။

သို့ရာတွင် အားကစားပြိုင်ပွဲများ၏ သဘောသဘာဝအတိုင်း မည်သည့်ပြိုင်ပွဲမဆို အောင်မြင်မှုသရဖူ ဆုတံဆိပ်များကို ရယူဆွတ်ခူးနိုင်ရန်မှာမူ မလွယ်ကူလှချေ။ အနီးစပ်ဆုံး သာဓကအဖြစ် ကမ္ဘာကျော်ဘောလုံးသမားအများစုသည်ပင်လျှင် အထင်ကရပြိုင်ပွဲများတွင် ကလပ်အသင်းအောင်မြင်မှုနှင့် နိုင်ငံ့လက်ရွေးစင်အသင်းအောင်မြင်မှု နှစ်ခုစလုံးကို ပြိုင်တူရယူဆွတ်ခူးနိုင်ရန် ခက်ခဲလှသည်။

ဘရာဇီးဘောလုံးအသင်းမှ ဂန္ထဝင်ဘောလုံးသမားကြီး ပီလီနှင့် ရော်နယ်ဒိုတို့ဆိုလျှင် နိုင်ငံ့လက်ရွေးစင်အသင်းနှင့်အတူ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများတွင် ချန်ပီယံအဖြစ် အောင်မြင်မှုများ ရယူဆွတ်ခူးနိုင်ခဲ့ကြသော်လည်း ကလပ်အသင်းအဆင့်တွင် အဆင့်အမြင့်ဆုံး ဥရောပချန်ပီယံဆုဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ခြင်း မရှိခဲ့ကြချေ။ ပီလီက ကစားသမားဘဝ အတောက်ပဆုံးကာလတစ်လျှောက်လုံး မိခင်နိုင်ငံက ဆန်တို့စ်ကလပ်အသင်းနှင့် ကစားသမားဘဝပြီးဆုံးခါနီး အမေရိကန်မေဂျာလိဂ်ကလပ် ကော့စ်မိုအသင်းတွင်သာ ကစားခဲ့ပြီး နာမည်ကျော် ဥရောပကလပ်အသင်းကြီးများတွင် သွားရောက်ခြေစွမ်းပြမကစားခဲ့၍ဖြစ်သည်။ ရော်နယ်ဒိုမှာမူ နာမည်ကျော် ဘာစီလိုနာ(စပိန်)၊ အင်တာမီလန်(အီတလီ)နှင့် ရီရဲလ်မက်ဒရစ်(စပိန်)ကလပ်အသင်းတို့တွင် ခြေစွမ်းပြကစားရင်း ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုများ အကြိမ်ကြိမ်ဆွတ်ခူးရရှိခဲ့သော်လည်း ဥရောပချန်ပီယံလိဂ် ဆုဖလားနှင့်မူ ကံမစပ်ခဲ့ချေ။

ပေါ်တူဂီစတား ကမ္ဘာကျော်ဘောလုံးသမား ခရစ်တီယာနိုရော်နယ်ဒိုမှာမူ မန်ယူ၊ ရီရဲလ်အသင်းများနှင့်အတူ ဥရောပချန်ပီယံလိဂ်ဆုဖလားကြီးကို အကြိမ်ကြိမ်ရယူဆွတ်ခူးရရှိခဲ့သော်လည်း နိုင်ငံ့လက်ရွေးစင်အဆင့်တွင် ယူရို(၂၀၁၆) ပြိုင်ပွဲ ချန်ပီယံဖလားအောင်မြင်မှုမှအပ ကမ္ဘာ့ဖလားချန်ပီယံဆုတံဆိပ်နှင့် ဝေးကွာနေဆဲဖြစ်သည်။ ခရစ်တီယာနိုရော်နယ်ဒိုနှင့် တစ်ချိန်က ကစားဖော်ဖြစ်ခဲ့သူ မန်ယူတောင်ပံကစားသမား ရိုင်ရန်ဂစ်ဆိုမှု သူ့ဘောလုံးသမားဘဝတစ်လျှောက်လုံး ကမ္ဘာ့ဖလားပြိုင်ပွဲကိုပင် မကစားခဲ့ဖူးချေ။ နိုင်ငံ့လက်ရွေးစင်ဖြစ်သော ဝေးလ်အသင်းမှာ ကမ္ဘာ့ဖလားခြေစစ်ပွဲပင် မအောင်မြင်ခဲ့၍ ဖြစ်သည်။

ကမ္ဘာ့အဆင့် ကလပ်အသင်းပြိုင်ပွဲနှင့် နိုင်ငံ့လက်ရွေးစင်အသင်းတို့နှင့်အတူ ပြီးပြည့်စုံသော အောင်မြင်မှုရရှိခဲ့ဖူးသည့် ကစားသမားဟူ၍ သည်ဘက်ခေတ်တွင် အာဂျင်တီးနားစတား လီယိုနယ်မက်ဆီတစ်ဦးသာ ရှားရှားပါးပါး အောင်မြင်မှုရရှိခဲ့ဖူးသည်။

မက်ဆီသည် ဘာစီလိုနာ(စပိန်)အသင်းနှင့်အတူ ဥရောပချန်ပီယံလိဂ် ဆုဖလားကြီးနှင့် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုများကို အကြိမ်ကြိမ်ဆွတ်ခူးရရှိခဲ့ရုံမက နိုင်ငံ့လက်ရွေးစင် အာဂျင်တီးနားအသင်းနှင့်လည်း ကိုပါအမေရိက ချန်ပီယံဆုဖလားအပြင် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဆုဖလားကြီးကိုပါ ဆွတ်ခူးရယူနိုင်ခဲ့၍ ပြီးပြည့်စုံသော အောင်မြင်မှုမှတ်တမ်းကို ရယူစိုက်ထူနိုင်ခဲ့လေသည်။ အာဂျင်တီးနားပရိသတ်များကလည်း မက်ဆီကို တစ်ချိန်က ဂန္ထဝင်ဘောလုံးသမားကြီး မာရာဒိုနာနည်းတူ သောင်းသောင်းဖြဖြ အားပေးချီးမြှင့်မြှောက်စားခဲ့ကြသည်။

နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကြီးများ

မြန်မာ့အားကစားနယ်ပယ်တွင်လည်း နိုင်ငံတကာပြိုင်ပွဲများတွင် နိုင်ငံတော်အတွက် ဆုတံဆိပ်ပေါင်းမြောက်မြားစွာ ရယူဆွတ်ခူးပေးခဲ့ကြသော တစ်ချိန်က နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကြီးများကို နိုင်ငံတော်နှင့် မြန်မာပြည်သူအပေါင်းက မှတ်တမ်းတင်အမှတ်တရ ရှိနေကြဆဲပင်။

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၁၃ ခုနှစ် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားတွင် တစ်ချိန်က နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကြီးများဖြစ်ကြသည့် ရွှေတံဆိပ် ၂၈ ဆုရှင် ခင်ခင်ထွေး (ပြေးခုန်ပစ်)၊ ရွှေတံဆိပ် ၁၉ ဆုရှင် သန်းသန်း(ပြေးခုန်ပစ်)၊ ရွှေတံဆိပ် ၁၇ ဆုရှင် ဂိုး-တင်အောင်(ဘောလုံး)၊ ရွှေတံဆိပ် ၁၅ ဆုရှင် ဂျနီဖာတင်လေး (ပြေးခုန်ပစ်)၊ ရွှေတံဆိပ် ခြောက်ဆုရှင်များဖြစ်ကြသော သန့်စင် (ပြေးခုန်ပစ်)နှင့် မြင့်အောင်(ကျွမ်းဘား)၊ ရွှေတံဆိပ်သုံးဆုရှင် စောဆာလောလ(ပြေးခုန်ပစ်)တို့က ပြိုင်ပွဲအထိမ်းအမှတ် မီးရှူးတိုင်ကို ကွင်းအတွင်း နောက်ဆုံးလက်ဆင့်ကမ်းသယ်ဆောင်ပေးခဲ့ကြသည်။

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရခေတ်တွင်လည်း တစ်ချိန်က နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းကြီးများကို လစဉ်ထောက်ပံ့ကြေးများအပြင် ဘွဲ့ထူး၊ ဂုဏ်ထူးများပါ ပေးအပ်၍ ချီးမြှင့်မြှောက်စားခဲ့ပါသည်။

နေပြည်တော်၌ ယခုလာမည့် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးမှာလည်း နိုင်ငံတော်အဆင့် အမြင့်ဆုံး ပြိုင်ပွဲကြီးတစ်ခုဖြစ်သကဲ့သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများအတွက် အလားအလာရှိသည့် လက်ရွေးစင်အားကစားသမားများ၊ မျိုးဆက်သစ်အားကစားသမားများကို တစ်ပါတည်းရွေးချယ်မည်ဖြစ်၍ ပြိုင်ပွဲဝင်အားကစားသမားများအတွက် မှတ်ကျောက်တင်ခံရမည့် ပြိုင်ပွဲကြီးတစ်ပွဲဖြစ်သည်။

ထို့ပြင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေး ဦးစီးကော်မတီနာယကက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းကလည်း **"ပြိုင်ပွဲကြီးပြီးသွားသည့်အခါတွင်လည်း ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအနေဖြင့် မိမိတို့ဌာနနှင့် ဒေသအလိုက် ကိုယ်စားပြုပြီး စွမ်းစွမ်းတမံ ပါဝင်ယှဉ်ပြိုင် ဆုတံဆိပ်ဆွတ်ခူးရရှိခဲ့သည့် အားကစားသမားများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပေးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ တိုးမြှင့်ပေးအပ်ခြင်း စသည်ဖြင့် စီစဉ်ဆောင်ရွက်ပေးပြီး အားပေးသွားကြရန်လိုကြောင်း"** စသည်ဖြင့် ကျင်းပရေးဦးစီးကော်မတီ စတုတ္ထအကြိမ်အစည်းအဝေးတွင် မှာကြားခဲ့ပါသည်။

သို့ဖြင့် ပြိုင်ပွဲဝင် ဝန်ကြီးဌာနအသင်းများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသင်းများမှာ ပါဝင်ယှဉ်ပြိုင်မည့် အားကစားနည်း အမျိုးအစားအလိုက် အောင်မြင်မှုရရှိရေးအတွက် ပွဲမဝင်ခင် အားသွန်ခွန်စိုက်အစွမ်းကုန်ကြိုတင်လေ့ကျင့်ပြင်ဆင်လျက်ရှိကြသည်။

အားကစားနည်းခြောက်မျိုးစလုံး ပါဝင်ယှဉ်ပြိုင်

ပြန်ကြားရေးဝန်ကြီးဌာနအသင်းက ပြိုင်ပွဲဝင်အားကစားသမား စုစုပေါင်း ၁၁၄ ဦးဖြင့် အားကစားနည်းခြောက်မျိုးစလုံး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ ဘောလုံး(အမျိုးသား)နှင့် ဘော်လီဘော(အမျိုးသား) အသင်းတို့ကလည်း တစ်ပွဲချင်းအလိုက် အာရုံစူးစိုက်ပြီး အကောင်းဆုံးယှဉ်ပြိုင်သွားမည်ဟု ဆိုသည်။ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းကလည်း ပြိုင်ပွဲဝင်အားကစားသမားများနှင့် တွေ့ဆုံပွဲတွင် အားကစားသမားများကို **"အောင်မြင်မှုရရှိရေးအတွက် အားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်၊ အားကစားစိတ်ဓာတ်အပြည့်နှင့် ပါဝင်ယှဉ်ပြိုင်ကြရန်"** မှာကြားခဲ့သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ဘောလုံး၊ ဖူဆယ်၊ ဂေါက်သီး၊ ပြေးခုန်ပစ်အားကစားနည်းများတွင် ရွှေတံဆိပ်များ မျှော်မှန်းပြီး အကောင်းဆုံးယှဉ်ပြိုင်သွားမည်ဟု ဆိုသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန ကိုယ်စားပြု အမျိုးသားပိုက်ကျော်ခြင်းအသင်းကလည်း ရွှေတံဆိပ်ဆွတ်ခူးရရှိရန် မျှော်မှန်းထားကြောင်း သိရသည်။

ဘော်လီဘောပြိုင်ပွဲတွင် အောင်မြင်မှုအစဉ်အလာကြီးမားခဲ့သော ပြည်ထဲရေးဝန်ကြီးဌာန ကိုယ်စားပြု အမျိုးသားဘော်လီဘောအသင်းကလည်း ယခုပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ရန်မျှော်လင့်နေသည်ဟု ဆိုသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကမူ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမား စုစုပေါင်း ၆၉ ဦးဖြင့် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ဂေါက်သီးနှင့် ပြေးခုန်ပစ် အပါအဝင် အားကစားနည်းငါးမျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **စာမျက်နှာ ၂၃ သို့** ◆

* **မြန်မာ့အားကစားနယ်ပယ်တွင်လည်း နိုင်ငံတကာပြိုင်ပွဲများတွင် နိုင်ငံတော်အတွက် ဆုတံဆိပ်ပေါင်းမြောက်မြားစွာ ရယူဆွတ်ခူးပေးခဲ့ကြသော တစ်ချိန်က နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကြီးများကို နိုင်ငံတော်နှင့် မြန်မာပြည်သူအပေါင်းက မှတ်တမ်းတင်အမှတ်တရ ရှိနေကြ**
* **(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများအတွက် အလားအလာရှိသည့် လက်ရွေးစင်အားကစားသမားများ၊ မျိုးဆက်သစ်အားကစားသမားများကို တစ်ပါတည်းရွေးချယ်မည်ဖြစ်၍ ပြိုင်ပွဲဝင်အားကစားသမားများအတွက် မှတ်ကျောက်တင်ခံရမည့် ပြိုင်ပွဲကြီးတစ်ပွဲဖြစ်**
* **ဒီပွဲက တစ်နိုင်ငံလုံးက ပါဝင်ယှဉ်ပြိုင်တဲ့ပွဲဖြစ်သလို အသက်ကန့်သတ်ချက်လည်းရှိတော့ လူငယ်အားကစားသမားတွေ အမြောက်အမြား ပေါ်ထွက်လာနိုင်ပါတယ်။ လူငယ်တွေအတွက်လည်း အခွင့်အရေးတွေ အများကြီးရရှိလာမှာဖြစ်သလို နိုင်ငံ့လက်ရွေးစင်အတွက်လည်း အများကြီးအထောက်အကူဖြစ်**

MNL-2 ပြိုင်ပွဲတွင် ရာမညယူနိုက်တက်အသင်းနှင့် Chinland အသင်း နိုင်ပွဲရယူပြီး ချန်ပီယံဆုအတွက် အပြိုင်ဖြစ်လာ

ရန်ကုန် နိုဝင်ဘာ ၂၃

၂၀၂၄ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေး ပြိုင်ပွဲ ပွဲစဉ် (၁၃) ကို နိုဝင်ဘာ ၂၂၊ ၂၃ ရက်က ဆက်လက်ကျင်းပရာ ချန်ပီယံဆုအတွက် မျှော်လင့်ချက်ရှိနေသည့်အသင်းများအနက် ရာမညယူနိုက်တက်အသင်းနှင့် Chinland အသင်း အနိုင်ရပြီး တက္ကသိုလ်အသင်းမှာမူ ရှုံးပွဲကြုံတွေ့ခဲ့သဖြင့် အခွင့် အရေးနည်းသွားပြီဖြစ်သည်။

ပွဲစဉ် (၁၃) တွင် ကချင်ယူနိုက်တက်အသင်းက တက္ကသိုလ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ Glory Goal အသင်းက ဧရာဝတီရိန်းဂျားအသင်းကို လေးဂိုး-တစ်ဂိုး၊ Chinland အသင်းက ငွေကြယ်ပွင့်အသင်းကို သုံးဂိုးပြတ်၊ ရာမညယူနိုက်တက်အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပွဲစဉ် (၁၃) အပြီးတွင် ရာမညယူနိုက်တက်အသင်းက ရမှတ် ၃၀၊ Chinland အသင်းက ၂၉ မှတ်၊ တက္ကသိုလ်အသင်းက ၂၇ မှတ်၊ ကချင်ယူနိုက်တက်အသင်းက ၂၅ မှတ်၊ Glory Goal အသင်းက ၁၅ မှတ်၊ ငွေကြယ်ပွင့်အသင်းက ရှစ်မှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းနှင့် ဧရာဝတီရိန်းဂျားအသင်းတို့က ခုနစ်မှတ်စီရရှိထားသည်။ ပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲ သာလိုတော့ပြီး ချန်ပီယံဆုအတွက် ရာမညယူနိုက်တက်၊ Chinland နှင့် တက္ကသိုလ်အသင်း သုံးသင်းသာ မျှော်လင့်ချက်ရှိပြီး နောက်ဆုံးပွဲတွင် ရာမညယူနိုက်တက်အသင်းနှင့် တက္ကသိုလ်အသင်း ထိပ်တိုက်တွေ့ဆုံနေကာ Chinland အသင်းမှာမူ ရွှေပြည်သာ ယူနိုက်တက်အသင်းနှင့် တွေ့ဆုံနေသဖြင့် ပွဲချောင်နေသည်။ ထိပ်ဆုံးတွင် ဦးဆောင်နေသည့် ရာမညယူနိုက်တက်အသင်းသည် နောက်ဆုံးပွဲတွင် အနိုင်ရပါက ချန်ပီယံဆုရယူနိုင်မည်ဖြစ်ပြီး ဒုတိယနေရာမှ Chinland အသင်းမှာမူ နိုင်ပွဲရယူနိုင်ရန် လိုအပ်သည့်အပြင် ရာမညယူနိုက်တက်အသင်း နိုင်ပွဲ ပျောက်ဆုံးပါက ချန်ပီယံဆု မျှော်လင့်နိုင်မည်ဖြစ်သည်။ တက္ကသိုလ်အသင်းမှာမူ နောက်ဆုံးပွဲတွင် အနိုင်ရရန် လိုအပ်သည့်အပြင် Chinland အသင်း နိုင်ပွဲပျောက်ဆုံးမှသာ မျှော်လင့်နိုင်မည်ဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL-2

ရာမညယူနိုက်တက်အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်စဉ်။

တပ်ကုန်းမြို့၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများ ကျင်းပ

တပ်ကုန်း နိုဝင်ဘာ ၂၃

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို ယနေ့မွန်းလွဲပိုင်းက အဆိုပါဦးစီးဌာနရုံးရှေ့၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ၏ မိဘများ တက်ရောက်ခဲ့ကြသည်။

အဆိုပါပျော်ပွဲရွှင်ပွဲများတွင် ဆရာစံရပ်ကွက်နှင်းမူကြိုကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားများ၏မိဘများ ပါဝင်ဆင်နွှဲခဲ့ကြပြီး ပြိုင်ပွဲများတွင် အိတ်စွပ်ပြေးပြိုင်ပွဲ၊ ဂေါ်လီလုံးကောက်ပြိုင်ပွဲနှင့် ခုံဖိနပ်နှစ်ယောက်စီးပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ကြသည်။ ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်နှင့် တာဝန်ရှိသူများက ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

◆ စာမျက်နှာ ၂၂ မှ

ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေကိုယ်စားပြု နေပြည်တော်ကောင်စီအသင်းက ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ခရစ်ကက်၊ ဘောလုံး (အမျိုးသား)၊ ပြေးခုန်ပစ်၊အလေးမ၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု၊ ဝူရှူး၊ ဗိုဗီနမ်နှင့် မြန်မာ့သိုင်းပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိရန် ပိုမိုအားထည့်ထားကြောင်း၊ အသင်းကို စက်တင်ဘာလမှ စတင်၍ ရက်ပေါင်း ၆၀ စခန်းသွင်းလေ့ကျင့်လျက်ရှိပြီး အောင်မြင်မှုရရှိရန် စုစုစည်းစည်း ကြိုးစားနေကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

တစ်ဆက်တည်းမှာပင် **“ဒီပွဲက တစ်နိုင်ငံလုံးက ပါဝင်ယှဉ်ပြိုင်တဲ့ ပွဲဖြစ်သလို အသက်ကန့်သတ်ချက်လည်းရှိတော့ လူငယ်အားကစားသမားတွေ အမြောက်အမြား ပေါ်ထွက်လာနိုင်ပါတယ်။ လူငယ်တွေအတွက်လည်း အခွင့်အရေးတွေ အများကြီးရရှိလာမှာဖြစ်သလို နိုင်ငံ့လက်ရွေးစင်အတွက်လည်း အများကြီးအထောက်အကူဖြစ်ပါတယ်”**ဟု ဆိုသည်။

ကရင်ပြည်နယ်အသင်းတွင် အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမား စုစုပေါင်း ၄၉၃ ဦး ပါဝင်ပြီး အားကစားနည်း ၂၃ မျိုးစလုံးကို ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုအရ နှစ်လုံးပေါက် စခန်းသွင်းလေ့ကျင့်ထားသည့် ပြေးခုန်ပစ်နှင့် ဘော်လီဘောအားကစားနည်းများမှ ရွှေတံဆိပ်ရယူ ဆွတ်ခူးနိုင်ရန် မျှော်လင့်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီးအသင်းကလည်း အားကစားနည်း ၂၃ မျိုးအပြင် မသန်စွမ်းအားကစားပြိုင်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲတွင် ရလဒ်ကောင်းများရရှိနိုင်ရေးအတွက် အုပ်ချုပ်သူ၊ နည်းပြနှင့်အားကစားသမား စုစုပေါင်း ၅၆၈ ဦးကို ပဲခူး၊ တောင်ငူ၊ ပြည်၊ အုတ်တွင်းနှင့် ရွှေတောင်မြို့များတွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီးအသင်းအနေဖြင့်မူ အားကစားနည်း ၂၃ မျိုးအနက် ၂၁ မျိုးတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဆုတံဆိပ်များ ရယူဆွတ်ခူးနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်လျက်ရှိသည်။ အဓိကအားသာသည့် အားကစားနည်းများတွင် ရွှေတံဆိပ်များ လွတ်ထွက်မသွားစေရန် ကြိုးစားယှဉ်ပြိုင်သွားမည်ဟု ဆိုသည်။

ရန်ကုန်တိုင်းဒေသကြီးအသင်းကလည်း ပဥ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ကြီးတွင် အောင်မြင်မှုမှတ်တိုင် ဆက်လက်စိုက်ထူနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားအားကစားပွဲတော်ကို ကျင်းပ၍ အထူးပြင်ဆင်လေ့ကျင့်လျက်ရှိသည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှ ၂၈ ရက်နေ့အထိ နေပြည်တော်၌ ကျင်းပခဲ့သည့် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အလွတ်တန်းအဆင့်တစ်မျိုးသာပါဝင်ပြီး အားကစားနည်း ၂၇ မျိုးနှင့် မသန်စွမ်းအားကစားနည်း လေးမျိုး ထည့်သွင်းကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ မန္တလေးတိုင်းဒေသကြီးက ဒုတိယ၊ ပဲခူးတိုင်းဒေသကြီးက တတိယဖြင့် ဆွတ်ခူးရရှိသွားခဲ့ကြသည်။

ယခု ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ နေပြည်တော်၌ နိုင်ငံတော်အဆင့်ကျင်းပမည့် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့်၌ အားကစားနည်း ခြောက်မျိုး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်၌ အားကစားနည်း ၂၃ မျိုးအပြင် မသန်စွမ်းအားကစားနည်း လေးမျိုးကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ရွှေတံဆိပ် ၆၇၈ ဆု၊ ငွေတံဆိပ် ၆၇၈ ဆုနှင့် ကြေးတံဆိပ် ၉၀၂ ဆုချီးမြှင့်ပေးအပ်သွားရန် လျာထားလျက်ရှိရာ မည်သည့်အသင်းက ရွှေတွဲလဲ ငွေတွဲလဲဖြင့် အောင်မြင် ဗိုလ်စွဲသွားနိုင်မည်ဆိုသည်ကို ဆက်လက်စောင့်မျှော် ကြည့်ရှုအားပေးကြရပါဦးမည်။ ။

MNL ပြိုင်ပွဲတွင် အား / ကာသိပ္ပံနှင့် ရောဝတီယူနိုက်တက် အမှတ်ပြည့်ရရှိ

အား/ကာသိပ္ပံအသင်းအတွက် သိန်းဇော်သီဟ ပင်နယ်တီမှတစ်ဆင့် ဂိုးသွင်းယူစဉ်။

ရန်ကုန် နိုဝင်ဘာ ၂၃

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၄) ဒုတိယနေ့ကို နိုဝင်ဘာ ၂၃ ရက်က ဆက်လက်ကျင်းပရာ အား/ကာသိပ္ပံနှင့် ရောဝတီယူနိုက်တက်အသင်း အမှတ်ပြည့် ရရှိသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက Dagon Port အသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့ပြီး ထိပ်ဆုံးငါးသင်းစာရင်းဝင်ရန် အခြေအနေပိုကောင်းလာသည်။ ယခုပွဲတွင် အား/ကာသိပ္ပံအသင်းအတွက် တိုက်စစ်မှူး သိန်းဇော်သီဟက တစ်ဦးတည်းငါးဂိုး သွင်းယူခဲ့ပြီး အကောင်းဆုံးဆုပါ ရရှိခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်နီးပါးဖြင့် ပွဲထွက်လာပြီး လူစုံပါဝင်လာသည့် အား/ကာသိပ္ပံအသင်းသည် ကစားပုံပိုကောင်းခဲ့သည်။ ၁၅ မိနစ်တွင် သိန်းဇော်သီဟက အား/ကာသိပ္ပံအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူသော်လည်း ၂၄ မိနစ်တွင် မိုဂူက Dagon Port အသင်းအတွက် ချေပဂိုး ပြန်သွင်းခဲ့သည်။ Dagon Port အသင်းသည် ချေပဂိုးပြန်သွင်းနိုင်သော်လည်း နောက်ပိုင်းတွင် အား/ကာသိပ္ပံ တိုက်စစ်ကို မထိန်းချုပ်နိုင်ဘဲ ပထမပိုင်းတွင်နှစ်ဂိုး၊ ဒုတိယပိုင်းတွင်လေးဂိုး ထပ်မံသွင်းယူခဲ့ခြင်းဖြစ်သည်။ အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုးများကို ၂၇၊ ၄၂၊ ၄၈၊ ၆၅ မိနစ်တွင် သိန်းဇော်သီဟ၊ ၅၁ မိနစ်တွင် သန်းတိုးအောင်၊ ၈၄ မိနစ်တွင် စိုးလင်းအောင်တို့က သွင်းယူခဲ့သည်။

ပုသိမ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ရောဝတီယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ တန်းဆင်းဇုန်အန္တရာယ်ရှိနေသည့် ရောဝတီအသင်းသည် အိမ်ကွင်းနိုင်ပွဲရယူကာ တန်းဆင်းဇုန်မှလွတ်ရန် အခြေအနေကောင်းသွားခဲ့သည်။ ၃၉ မိနစ်တွင် သက်နိုင်က မဟာယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်သော်လည်း အဝေးကွင်းတွင် အနိုင်ရလဒ်မထိန်းနိုင်ဘဲ ဂိုးများ ပြန်ပေးခဲ့သည်။ ရောဝတီယူနိုက်တက်အသင်းအတွက် ရာဇာအောင်က ၅၀၊ ၅၁ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် နှစ်ဂိုးပြန်သွင်းပြီး တတိယဂိုးကို ၈၄ မိနစ်တွင် အောင်ပြည့်ဖြိုးက သွင်းယူခဲ့သည်။

ပွဲစဉ် (၁၄) နောက်ဆုံးနေ့ကို နိုဝင်ဘာ ၂၄ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း၊ YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်း၊ သုဝဏ္ဏကွင်း၌ ဒဂုံစတားယူနိုက်တက်အသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ကိုညီလေး

ဓာတ်ပုံ-MNL

ချယ်လ်ဆီးအသင်းက လက်စတာစီးတီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိ

ပရီမီယာလိဂ် ပွဲစဉ်(၁၂)ရဲ့ နိုဝင်ဘာ ၂၃ ရက် ညပိုင်း အစောဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ လက်စတာစီးတီး အသင်းနဲ့ ချယ်လ်ဆီးအသင်း တို့ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းက လက်စတာစီးတီးအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ဧည့်သည်အဖြစ်လာရောက် ကစားခဲ့တဲ့ ချယ်လ်ဆီးအသင်းက ပထမပိုင်းပွဲကစားချိန် ၁၅ မိနစ်မှာရရှိခဲ့တဲ့ ဂျက်ဆင်ရဲ့ သွင်းဂိုး၊ ဒုတိယပိုင်းပွဲကစားချိန် ၇၅ မိနစ်မှာ ရရှိခဲ့တဲ့ ဖာနန်ဒက်ဇ်ရဲ့ သွင်းဂိုးတို့နဲ့ သာမန်ပွဲကစားချိန် မိနစ် ၉၀ အထိ ဦးဆောင်နိုင်ခဲ့ပေမယ့် အိမ်ရှင် လက်စတာစီးတီးအသင်းက နာကျင်အချိန်ပို ငါးမိနစ်မှာ ရရှိခဲ့တဲ့ ပင်နယ်တီသွင်းဂိုးနဲ့ ချေပဂိုး ရရှိခဲ့တာကြောင့် ချယ်လ်ဆီးအသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ချယ်လ်ဆီးအသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ ဂျက်ဆင်ဟာ ချယ်လ်ဆီးအသင်းနဲ့အတူ အဝေးကွင်း လေးပွဲဆက်တိုက် သွင်းဂိုးငါးဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ လက်စတာစီးတီးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၁၂) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ခြောက်ပွဲနိုင်၊ လေးပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ် ၂၂ မှတ်နဲ့ အမှတ်ပေးဇယား တတိယနေရာကို ယာယီတက်လှမ်းခွင့်ရရှိခဲ့ပြီး လက်စတာစီးတီး အသင်းကတော့ ချယ်လ်ဆီးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ရမှတ် ၁၀ မှတ်နဲ့ အမှတ်ပေးဇယား အဆင့် ၁၆ နေရာမှာ ရပ်တည်နေတာလည်း ဖြစ်ပါတယ်။

ငွေကြယ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ရတနာလမ်း၊ တိုက်အမှတ်(၅၅)၊ (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦမှ (ဒုတိယထပ်-၃-လွှာ/ခြေရင်းခန်း) တိုက်ခန်းအရောင်းအဝယ် ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ တိုက်ခန်းကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လှချို ဝင်း [၃/လဘန(နိုင်)၀၈၂၆၇၀]ထံမှ ဒေါ်ကြင်ကြင်သန်း [၇/ဒဥန(နိုင်)၀၂၄၇၁၆]က အပြီးအပိုင်ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထားမူရင်းများ ပြည့်စုံခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်း အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ကြင်ကြင်သန်း၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်မာလာ (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)
တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သံဒင်း(၄၇/၁၉)ရပ်ကွက်၊ သရဖီလမ်း၊ အိမ်အမှတ်(၁၁၂၀/ခ)၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇/၁၉-သံဒင်း)၊ မြေကွက်အမှတ်(၁၁၂၀/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀-ပေx၆၀-ပေ)ရှိ မြေကွက်နှင့်အဆောက်အဦ အရောင်းအဝယ် ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ အိမ်ခြံမြေကွက်ကို တရားဝင်လက်ဝယ်ထား လက်ရှိပိုင်ဆိုင်လျက်ရှိ၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သဇင် [၁၄/ရကန(နိုင်)၁၀၄၆၁၃]ထံမှ ဒေါ်သိန်းနွယ် [၆/ထဝန(နိုင်)၀၉၈၅၉၆]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထားမူရင်းများ ပြည့်စုံခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်သိန်းနွယ်၏လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်မာလာ (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)
တိုက်(၅)၊အခန်း(၀၀၈)၊အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း - ၀၉-၅၁၈၁၈၂၀

“ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အောက်မင်္ဂလာဒုံ (၂)လမ်း၊ အမှတ်-(၈၇၁) ဟုခေါ်တွင်သော အရှေ့မျက်နှာစာ (၁၆.၉)ပေနှင့် အနောက်အရှည် (၂၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ် (၂)ခန်းတွဲနှင့် ယင်းနေအိမ် (၂)ခန်းတွဲတွင်ပါရှိသော ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ၊ ရေစက် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဒေါ်မျိုးစံပယ် [၁၂/ကမရ(နိုင်)၀၀၁၅၁၀]က တရားဝင်လက်ဝယ် ပိုင်ဆိုင်ထား၍ လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုကာ ရောင်းချရန် ကမ်းလှမ်း လာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဖာရ်နိုင်း [၄/ပလဝ(နိုင်)၀၀၈၂၉၅]က အဆိုပါ နေအိမ်နှစ်ခန်းတွဲကို ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက နေအိမ် အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအုပ်လင်း (LLB, LLM, MRes, JM, PhD)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၈၈၉၀)
တိုက်အမှတ် (၄၅)၊ သုခ (၅၁)လမ်း၊ (၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၆၄၆၇၀၂၃၉

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်
မူးယစ်ဆေး

ပျောက်ဆုံးကြောင်း

(ဘ) ဦးရွှေမောင်၏ သမီး ကျွန်မ ဒေါ်စုစုဝင်း [၁၂/ကတန(နိုင်)၀၇၆၄၅၇]၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-09-776097857

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၃)ရပ်ကွက်၊ အောင်ပန်းလမ်း၊ အမှတ်(၇၈၉)ဟု ခေါ်တွင်သော (အလျား ၄၀ပေxအနံ၆၀ပေ) အကျယ်အဝန်းရှိ ဒေါ်ကျင်နွဲ့[၁၂/လမတ(နိုင်)၀၁၉၃၀၂]အမည်ပေါက် ပါမစ် မြေကွက်မှ အမှတ်(၇၈၉/ခ)အကျယ်အဝန်း (အလျား ၁၀ပေxအနံ ၆၀ပေ)ရှိ မြေနှင့် အိမ်၊ ရေမီးစုံပါ အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်အရောင်းအဝယ် ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးမောင်ရွှေ [၁၂/မဂတ(နိုင်)၀၂၆၂၉၈]မှ ဥပဒေနှင့်အညီ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြူဖြူမင်း (LL.B, D.B.L)
အထက်တန်းရှေ့နေ(စဉ်-၂၈၁၈၈)
အမှတ်(၄၉)၊ မြေညီထပ်၊ အထက်မန္တလေးလမ်းသွယ်(၃)လမ်းထိပ်၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၄၀၄၆၂၆၉၃၁၊ ၀၉-၇၈၆၉၃၀၅၁၂

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မောရဝတီလမ်း၊ မြေတိုင်းရပ်ကွက်-၁၃၇၊ မြေကွက်အမှတ်-၅၅၇/ခ၊ မြေအမည်ပေါက်-ဦးလှမြင့်၊ မြေအမျိုးအစား(ပါမစ်မြေ)၊ အကျယ်အဝန်း(အလျား ပေ ၆၀ x အနံ ပေ ၄၀)အနက်မှ ထက်ဝက်တိတိဖြစ်သော (တရားဝင်မခွဲမစိတ်ရသေးသည့်)အကျယ်အဝန်း (အလျား ပေ ၆၀ x အနံ ပေ၂၀) ရှိမြေကွက်နှင့်ယင်းမြေနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စီမံခန့်ခွဲလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းပါကြောင်း မွက်ဟဝန်ခံကတိပြုလျက် လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာသူ ဒေါ်မြမြအေး[၁၂/ဒဂရ (နိုင်) ၀၂၇၂၆၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက မြေကွက်နှင့်သက်ဆိုင်သော တရားဝင်အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်တင်ယု
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၁၈/၂၀၁၇)
အမှတ်-၁၄၊ ထင်းရှူးမြိုင်လမ်း၊ (၉)ရပ်ကွက်၊ ရန်ကင်းမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၃၉၀၂၈

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကံဘဲ့(၃)ရပ်ကွက်၊ ရန်ကင်းလမ်းပေါ်ရှိ Golden City Residence ၊ Condo အဆောက်အဦမှ Block No-B5၊ Unit- 32- 04 ဟုခေါ်တွင်သည့် အကျယ်အဝန်း (2397. 45 sq ft)ရှိ ကွန်ဒိုတိုက်ခန်း (၁)ခန်း၊ ယင်းတိုက်ခန်းနှင့်ဆက်စပ်ပတ်သက်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ Golden Land Real Estate Development ကုမ္ပဏီလီမိတက်ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများက ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်း၏ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခိုင်ဇာလွင်
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၀၈)
အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo (ပ)ထပ်၊
မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၁၄၄၆၆၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စက်မှုလယ်ယာဦးစီးဌာန
စနစ်ကျလယ်ယာမြေဖော်ထုတ်ရေးအဖွဲ့
(အထက်မြန်မာပြည်)၊ လယ်ဝေးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စနစ်ကျလယ်ယာမြေဖော်ထုတ်ရေးအဖွဲ့(အထက်မြန်မာပြည်)၊ လယ်ဝေးမြို့မှ (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အောင်ဇေယျကျေးရွာအုပ်စု၊ မအူတောကျေးရွာအုပ်စု၊ သက်နှင်းအင်းကျေးရွာအုပ်စုတို့တွင် စနစ်ကျလယ်မြေ (၂၆၀.၇၀)ဧက ဖော်ထုတ်ရန် လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများအား ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	ရေတွက်ပုံ	အရေအတွက်
၁	ပရီမီယံဒီဇယ်ဆီ	ဂါလန်	၁၃၅၂၅
၂	ကျောက်ရောမြေ(ရိစာ)	ကျင်း	၆၀၈

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - (၂၄-၁၁-၂၀၂၄)ရက်မှ (၇-၁၂-၂၀၂၄)ရက်ထိ ရုံးချိန်အတွင်း
၃။ တင်ဒါပုံစံတင်သွင်းရမည့် နောက်ဆုံးနေ့ရက်/အချိန် - (၉-၁၂-၂၀၂၄) ရက်၊ မွန်းလွဲ (၁) နာရီ
၄။ တင်ဒါရောင်းချ/တင်သွင်းရမည့်နေရာ - စက်မှုလယ်ယာဦးစီးဌာန၊စနစ်ကျလယ်ယာမြေဖော်ထုတ်ရေးအဖွဲ့(အထက်မြန်မာပြည်)၊လယ်ဝေးမြို့
၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းမျဉ်း၊ စည်းကမ်းများအား အသေးစိတ်သိရှိလိုပါက ဖုန်း၊ ၀၆၇-၈၀၂၄၃၇၀၊ ၀၉-၂၅၀၈၉၃၃၉၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီရပ်ကွက်၊ စက်ရုံလမ်း၊ အမှတ်(၅၈)ဟုခေါ်တွင် သော အလျား x အနံ (၄၃ x ၆၀)ပေမြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်(၁)လုံး၊ (၄)ခန်းတွဲအဆောင်(၁)ခု၊ လျှပ်စစ်မီတာ(၂)လုံး၊ ရေတွင်းအပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစား ခွင့်အရပ်ရပ်တို့ကို တရားဝင် လက်ဝယ်ထားရှိပိုင်ဆိုင်သူဟု အဆိုရှိသူ ဒေါ်မြစန်း [၁၂/ကတန(နိုင်)၀၀၂၄၃၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဖုန်းမြင့် [၁၂/ကတန(နိုင်)၁၀၆၀၅၅]နှင့် ဒေါ်ပြည့်ဖြိုးလှိုင် [၁၄/ပတန(နိုင်)၁၄၈၇၀၄]တို့က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်နှင့်နေအိမ်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးသန်းထက်ဦး (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၂၄)
အမှတ်(၆၂၄)၊ မဟာသုခလမ်း၊ ရွှေကုန်းရပ်ကွက်၊ ကျောက်တန်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၆၃၆၀၂၆၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ဇုန်-၇၊ မြေကွက်အမှတ် ၁၀၃ A/၁၊ ဧရိယာ(၀. ၆၈)ဧက၊ မြေကွက်တည်နေရာအမှတ်-၁၀၃ အေ-၁၊ ကုန်းဘောင် (၁)လမ်း၊ (၂)ရပ်ကွက်၊ လှိုင်သာယာ မြို့နယ်၊ ဒေါ်ရရှီသာ [၁၂/ပဘတ(နိုင်) ၀၁၇၆၉၉] အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ရရှီသာ (ဇနီး)သည် (၃-၈-၂၀၂၂)ရက်နေ့တွင် ကွယ်လွန်သဖြင့် ဦးမိုဟာမက်စူလတန်(ခ)အာဇက်(ခ)ဦးစိုးမင်း[၁၂/လမန(ဧည့်)၀၀၀၀၂၀]မှ တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း၊ အခြားမည်သူတစ်စုံ တစ်ဦးကိုမျှ ခင်ပွန်းအဖြစ် လက်ထပ်ခဲ့ခြင်း၊ ကျန်ရစ်ခဲ့ခြင်းအလျဉ်းမရှိကြောင်း၊ ၎င်းအပြင် ဒေါ်ရရှီသာနှင့် ၎င်းတို့တွင် သားသမီးထွန်းကားခဲ့ခြင်းအလျဉ်းမရှိကြောင်း၊ ဒေါ်ရရှီသာသည် သေတမ်းစာရေးသားခဲ့ခြင်း၊ ချန်ရစ်ခဲ့ခြင်းလည်း အလျဉ်းမရှိကြောင်း၊ ၎င်းတို့သည် အစ္စလာမ်ဘာသာဝင်များ ဖြစ်ကြသည်နှင့်အညီ အစ္စလာမ်တရားဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ ၎င်းတစ်ဦးတည်းသာ အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိကြောင်း ကတိသစ္စာပြုလွှာ၊ ထပ်ဆင့်ထောက်ခံကတိ သစ္စာပြုလွှာ (၂)စောင်၊ သေစာရင်း၊ ဂရန်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေး ကတ်ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၇/အရှေ့၊မြေကွက်အမှတ်-၄၁၅/ခ၊ဧရိယာ(၂၀'×၆၀')၊မြေကွက်တည်နေရာအမှတ်(၄၁၅/ခ)၊အတွင်းရှုခင်းသာလမ်း၊(၇/အရှေ့)ရပ်ကွက်၊သာကေတမြို့နယ်၊မမူမူမြင့်(TKA-၀၆၂၉၂၀)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားဦးကြည်လှိုင်မှတရားလိုပြုလုပ်၍အမည်ပေါက်ဒေါ်မူမူမြင့်အားတရားပြိုင်ထားကာဗိုလ်တထောင်ခရိုင်တရားရုံး၊တရားမကြီးမှုအမှတ်-၁၄၄/၂၀၂၃ဖြင့်ပဋိညာဉ်အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုအပေါ်အနိုင်ဒီကရီချမှတ်သည့်(၃၁-၁၂-၂၀၂၃)ရက်စွဲပါဒီကရီချက်၊တရားမဇာရီမှုအမှတ်-၁၁/၂၀၂၄ဖြင့်ဘီလစ်ခန့်အပ်ကြောင်းအမိန့်ချမှတ်သည့်(၁၄-၂-၂၀၂၄)ရက်စွဲပါတရားရုံးနေ့စဉ်မှတ်တမ်းတာဝန်ခံမိတ္တူမှန်၊ဗိုလ်တထောင်ခရိုင်တရားရုံး၏(၂၆-၂-၂၀၂၄)ရက်စွဲပါစာအမှတ်-၂၉၃/၅-၂/၂၀၂၄ဖြင့်တရားရုံးကိုယ်စားမှတ်ပုံတင်စာချုပ်ချုပ်ဆိုခြင်း၊မြေပုံမြေရာဖဝင်ကူးယူခြင်းကိစ္စရပ်များဆောင်ရွက်ရန်အတွက် ဒုတိယဦးစီးမှူးဒေါ်အင်ကြင်းဆွေ(တ/၃၈၁၆)အားဘီလစ်အရာရှိခန့်အပ်ပြီးဖြစ်ကြောင်းဌာနသို့အကြောင်းကြားသည့်စာ၊ဂရန်မူရင်း၊နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍တရားရုံးဘီလစ်ဒေါ်အင်ကြင်းဆွေမှအရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ ဆရာစံလမ်းသွယ်၊ အမှတ်-၈၄/A-1 ဟုခေါ်တွင်သည့် ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅ဒီ၊ မြေကွက်အမှတ်-၃၈ဂျီ/၁အေ၂၊ ဧရိယာ (၀.၀၈၅)ဧကအကျယ်အဝန်းရှိ မြေပိုင်မြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်ခင်နွယ်နွယ် [၁၂/ကမရ(နိုင်)၀၃၅၀၇၃]မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းမှ ဖော်ပြပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိလက်ဝယ်ထား နေထိုင်ပိုင်ဆိုင်ကြောင်း၊ အမွေဆိုင်အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့်တန်ဖိုး ငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်လှဲ့လှဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)
အမှတ်-၁၆၇(မြေညီထပ်)၊ ၃၈-လမ်း (အလယ်)၊ ၆-ရပ်ကွက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၅၁၄၃၂၃၂၊ ၀၉-၇၉၉၅၉၅၅၀၅

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တိုးချဲ့(၄)ရပ်ကွက်၊ မြေကွက်အမှတ် (န-၁) အကျယ်အဝန်း(၄၀x ၆၀)ပေရှိ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်သန်းလွင် [၁၃/လရန(နိုင်)၁၀၄၀၅၈] တစ်ဦးတည်းပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းကြောင်း ဝန်ခံသဖြင့် ဒေါ်ကေဇင်အေး[၁၂/ပဘတ(နိုင်)၀၃၅၂၃၉]မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်း၊ စာချုပ်မူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤခြံမြေအရောင်းအဝယ် အားဥပဒေနှင့်အညီ ပြီးဆုံးသည်ထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**ညွှန်ကြားချက်အရ**
ဒေါ်ကေဇင်အေး	**ဦးနေလင်းအေး (LLB,DBL,DIL)**
[၁၂/ပဘတ(နိုင်)၀၃၅၂၃၉]	**အထက်တန်းရှေ့နေ(စဉ်-၃၃၅၂၄)**
	ရက်စွဲ (၁၄-၆-၂၀၁၀)
	အမှတ်(၃၂)၊ ဗိုလ်ဉာဏ(၃)လမ်း၊ မရမ်းကုန်း(၅) ရပ်ကွက်၊ ရန်ကုန်တိုင်းဒေသကြီး။
	Ph: 09-979008986

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁၁ နှင့် ဆက်နွယ်သည့်
၂၀၂၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၄၅

ဒေါ်မာမာဝေ	နှင့်	ဒေါ်ရင်ရင်မြင့်
(ဒီကရီအနိုင်ရသူ)		(တရားရှုံး)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ ဗိုလ်ဇော်ဂျီလမ်း၊ အမှတ်(၆၂၆)နေ တရားရှုံး ဒေါ်ရင်ရင်မြင့် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁၁ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင်တရားနိုင် ဒေါ်မာမာဝေက လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် (၁၃၈၆ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်) မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ (၂၂)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လှဦး)
တွဲဖက်ခရိုင်တရားသူကြီး(၂)
ဒဂုံမြို့သစ်ခရိုင်တရားရုံး

“ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဝါးတန်းလမ်း၊ အမှတ်(၃၆)ဟုခေါ် တွင်သော အဆောက်အဦ၏ ပထမထပ် (ခြေရင်းခန်း)၊ (၁၅x၅၀)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်တွင် တွယ်ကပ်ဆပ်ဆင်ထားသော သီးခြားရေစုပ်စက်(၁)လုံး၊ မီတာအပါအဝင် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို စာချုပ်အဆက်ဆက်ဖြင့် တရားဝင်လက်ရောက်ပိုင်ဆိုင်နေထိုင်ပြီး တစ်ဆင့်ပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟုအဆိုရှိသူ ဦးအောင်ကြိုင်(ဘ) ဦးမောင်မောင်အုန်း [၁၂/လမတ(နိုင်) ၀၉၂၄၆၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရဲမြင့် (ဘ)ဦးမြို့မီ [၈/နမန(နိုင်)၁၂၃၃၀၈]သည် (၂၂-၁၁-၂၀၂၄)ရက်နေ့တွင် “တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်စရန်ငွေပေးကတိစာချုပ်” ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို အသိသက်သေများရှေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူ များရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်မင်းနိုင်	**ဒေါ်သက်ဆုရည်**
LL.B.D.L-101 Wipo (Switzerland)	**ဥပဒေဘွဲ့, (LL.B)**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**
(စဉ်-၁၀၉၁၈/၂၀၁၆)	**(စဉ်-၁၂၈၃/၁၇)**
ဖုန်း-၄၂၅၁၆၈၉၃၂	**ဖုန်း-၀၉-၄၂၁၀၂၄၈၈၆**

ရုံး၊ အမှတ်(၅၀)၊ ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊ဘောက်ထော်(၁၅)ရပ်ကွက်၊မာလာမြိုင်လမ်းနှင့် သုခိတာလမ်းထောင့်၊အမှတ်(၁၁)တွင်တည်ရှိသော TOMOSADA CONDO ပထမထပ်၊ အခန်းအမှတ်(103)၊ အကျယ်အဝန်း(1350)စတုရန်းပေခန့်ရှိ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ပါကွန်ဒိုတိုက်ခန်းကို မြေအမည်ပေါက်ပိုင်ရှင် ဦးနေမျိုးအောင်(၉/အမဇ(နိုင်)၀၁၅၄၀၁)ကတရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။ (လွှဲအပ်ညွှန်ကြားချက်အရ)

ဦးသန့်ဇင် (LL-B)	**ဒေါ်ဟန်နွေနိုင်(LL-B)**	အမှတ်(၅၀)၊ပထမထပ်၊အခန်း(D-2)
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)	အထက်တန်းရှေ့နေ(စဉ်-၂၉၄၄)	ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
Ph-09 253995848 , 09-798420119	Ph-09-4200 73685	ရန်ကုန်တိုင်းဒေသကြီး။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈ ၊ FMI City ၊ ဂန္ဓမာ(၇)လမ်း၊ မြေကွက်အမှတ်-၆၀၉၊ အိမ်အမှတ်(D-18) ၊အကျယ်အဝန်း (၄၀ ပေx ၆၀ ပေ) ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာ တရားဝင်ဝယ်ယူ လက်ရှိ ပိုင်ဆိုင်ထားကြောင်းနှင့် လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလာသူများဖြစ်ကြသော ဒေါ်ခိုင်စန္ဒာအုန်း [၁၂/လမတ(နိုင်)၀၂၃၃၈၅]နှင့် ဦးမျိုးမင်းကျော်အုန်း [၁၂/လမတ(နိုင်)၀၂၃၃၈၆]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်ချိုချိုလွင် [၁၃/ ကမန(နိုင်)၀၈၃၄၀၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဝင်းဝင်းမော်(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၆၉၅/၂၀၁၆)
ရုံးခန်း-(၇၃၇/၇၄၁)၊၀၀၅၊ မာလာနွယ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၄၉၃၃၆၀

တစ်ဦးတည်း ဖြစ်ပါကြောင်း

ရန် ကုန် တိုင်း ဒေ သ ကြီး၊ ရွှေပြည်သာမြို့နယ်နေ ဦးရန်နောင်စိုး(ခ)ဦးရဲနိုင် [၁၂/လမန(နိုင်)၁၆၄၆၉၆]သည် တစ်ဦးတည်းဖြစ်ပြီး ၎င်း၏သား မောင်ပြည့်စုံကိုကို(ခ)မောင်ရှင်းထက်နောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ခြံရောင်းမည်

မင်္ဂလာဒုံ၊ ပုလဲမြို့သစ်၊ ကာယ(၉)လမ်း၊ ပေ(၁၀၀x၁၇၅)၊ သိန်း(၁၆၀၀၀) ဈေးအပြောင်းအလဲရှိနိုင်ပါသည်။

ဖုန်း-09-789559789

“ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ကြီးပွားရေးမြောက်၊ မြေကွက်အမှတ်-၂၉၀/ခ၊ မြေကွက်တည်နေရာအမှတ်(၂၉၀/ခ)၊ သမိန်ဗရမ်းလမ်း၊ ကြီးပွားရေးမြောက်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဦးလှရှိန် (ZLN- ၀၄၇၇၇၂) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးလှရှိန်သည် (၁၄-၇-၂၀၁၂) ရက်နေ့တွင်ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ထားတင် [၁၂/သဃက(နိုင်) ၀၅၉၄၁၇] မှ တရားဝင်ဇနီး တော်စပ်ကြောင်း၊ ၎င်းသာလျှင်မြန်မာဓလေ့ထုံးတမ်းနှင့် အညီအမွေဆက်ခံခွင့်ရှိသူဖြစ်ကြောင်း၊ ၎င်းမှလွဲ၍အခြားအမွေဆက်ခံမည့်သူမရှိကြောင်း ကျမ်းကျိန်လွှာအမှတ်- ၃၂၅၃/၁၁-၁၀-၂၀၂၄၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်းတို့ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၄-ရပ်ကွက်၊ ပန်းဆိုးတန်းလမ်း (အထက်)၊ အမှတ်-၂၂၄ ဟုခေါ်တွင်သည့် (၂)ခန်းတွဲ (၄)ထပ်တိုက် အဆောက်အဦမှ (လမ်းမဘက်မှကြည့်လျှင် ယာဘက်ခြမ်း)၊ (၂၅ပေx ၆၀ပေ) အကျယ်အဝန်းရှိ (ထပ်ခိုးအပါ)တိုက်ခန်းနှင့် ရေ/မီး အပါအဝင် တိုက်ခန်းအတွင်းရှိ တွယ်ကပ်တပ်ဆင်ထားသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိပိုင်ဆိုင်လက်ဝယ်ထားရှိကြောင်း၊ အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်မင်း [၁၂/လသယ(နိုင်)၀၁၁၈၃၅]က ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်လှဲ့လှဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)
အမှတ်-၁၆၇ (မြေညီထပ်)၊ ၃၈-လမ်း (အလယ်)၊ ၆-ရပ်ကွက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၅၁၄၃၂၃၂၊ ၀၉-၇၉၉၅၉၅၅၀၅

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ တိုက်အမှတ်(၅၄)ပထမထပ်၊ (ခေါင်းရင်းဘက်ခန်း)၊ အကျယ် (၁၂ ½ x ၅၀)ပေရှိ တိုက်ခန်းကို ယခုလက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြေမြတ်ခိုင်[၁၂/ဒဂန(နိုင်)၀၃၂၄၅၇]က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ အချို့ကိုပေးချေပြီးဖြစ်ရာ အထက်ပါ အရောင်းအဝယ်နှင့် ပတ်သက်ပြီး အမွေစား၊ အမွေခံမှုစ၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ယခုကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဝေမီလှိုင်(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၉၁)
အမှတ်(၁၈၇)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်။
ဖုန်း-၀၉-၄၂၁၀၀၉၄၆၃၊ ၀၉-၇၉၈၄၀၆၃၇၇

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၄)ရပ်ကွက်၊ ပန်းဆိုးတန်းလမ်း၊ အမှတ်-(၂၁၀)၊ အကျယ်အဝန်း(၅၀x၆၀)ပေမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၃)ထပ်တိုက်၏ ပထမထပ်(ထပ်ခိုးပါ)၊ လက်ယာဘက်အခန်း၊ အကျယ်အဝန်း (၂၅ x ၆၀)ပေရှိတိုက်ခန်းကို မူလပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်ဖြင့် တရားဝင် လက်ရှိထားပိုင်ဆိုင်ထားသူ ဦးဂျင်မီ (ခ) ဦးအောင်လွင် [၁၂/ကတတ(နိုင်)၀၂၅၉၆၇]က မိမိတစ်ဦးတည်းသာလျှင် လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချလိုကြောင်း ကမ်းလှမ်းလာပါသဖြင့် ၎င်းထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများက ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ပါးပါးနီ (LL.B., D.B.L)	**ဒေါ်ခင်မာချို (LL.B., DIPL)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၄၇)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၇၀)**

တိုက်(၉/၁၁)၊ အခန်း(၂၀၂-အေ)၊ ဒုတိယထပ်၊ ၃၆-လမ်းတို၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၅၀၁၇၂၉၁၉၊ ၀၉-၂၅၅၇၇၈၀၉၄

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

